www.burmeseclassic.com

ပုညခင်

# တက်နွယ်ပင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဝိုး မိုး ၀၁၄၅

# ပုညခင်

## တစ်နွယ်ငင်



www.burmeseclassic.com

www.burmeseclassic.com



(၁)

✤ ✤ ✤

"နှင်က ယောကျ်ားယူတော့ ငါက ဘယ်သူနဲ့ နေရမှာလဲ မေ ..."

ဗီရိုထဲက အဝတ်အစားတွေကို အထပ်လိုက်ဆွဲယူပြီး ရီးဆောင်သေတ္တာထဲသို့ စီစီရီရီ ထည့်နေသော မေသော်တာသည် တ်တရက် နောက်နားမှ ကပ်ပေါ်လာသော ချိုကိုကို့ အသံကြောင့် န့်ဖျပ်သွားရလေသည်။ လန့်လည်းလန့်စရာ ... ချိုကို့အသံက ထန်ဆောင့်ထွက်လာခြင်း ဖြစ်သည်။

မေသည် ချိုကို့ကို လှည့်တောင်မကြည့်ရဲ ...။ ပ်သိုးမှာထန်နေမည့် ချိုကို့ မျက်နှာနှင့် ရင်မဆိုင်ချင်။ ရင်မဆိုင် ဲ စိတ်လည်းမကောင်း၊ ဝမ်းလည်းနည်းကာ ရင်ဝမှာ ဆို့တက် ာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီသူငယ်ချင်းလေးကို မေလည်း ဘယ်ခွဲရက်ပါ့မလဲ။ သို့သော် ... မခွဲလို့ကလည်း မဖြစ်။ မေသည် ကိုကိုနှင့် လက်ထပ်ပြီးပြီမို့ ကိုကို့နောက်သို့ လိုက်ရပေမည်။

"မေးနေတာ မကြားဘူးလား"

ချိုကို့ အသံက တစ်ဆင့် ထပ်မြင့်လာသည်။ မေက ချိုကို့အကြောင်းသိသည်မို့ ချိုကို့ဒေါသကို ပိုပြီး လန့်လာသည်။

"နင်က ငါ့ကို အရေးမစိုက်တော့ဘူးပေါ့လေ၊ အားကိုးရသွားပြီပေါ့လေ ... ဟုတ်လား"

"ဒုန်း ..."

"ခွမ်း ... ချလွမ်း ..."

ဘာကိုမှန်းမသိ ပေါက်ခွဲလိုက်သော အသံတွေ ဒုန်းဒိုင်းညံလျက် ထွက်ပေါ်လာတာမို့ မေက လန့်ဖျပ်တုန်ဘက်သွားကာ နောက်သို့ လှည့်ကြည့်လိုက်မိသောအခါ ပန်းအိုးကွဲ အစအနတွေကြားမှာ မားမားရပ်နေသော 'ချိုကို' ကို တွေ့ရလေသည်။

ဂျင်းဘောင်းဘီပွပွက အပြာ၊ တီရှပ်ပွပွက အဝါ။ ထိုအရာတွေကိုဆင်မြန်းထားသော ချိုကို့ပုံစံက မိန်းမ Rapper။ 925 ဆွဲကြိုးရှည်ရှည်ကို တီရှပ်ရဲ့ အပြင်ဘက်သို့ထုတ်၍ ဆွဲထားသေးသည်။ ဆံပင်တိုတိုလေးတွေကို နားသယ်စပ်နှင့် ကုပ်ပိုးနားမှာ အချွန် အချွန် အမြှာလေးတွေ ကျနေအောင် ညှပ်ထားသည်။ ချိုကို့ပုံစံဟာ ခုခေတ် ရုပ်ပ်ပါ ကောင်လေးတွေ အတိုင်းပင်။





"ဖြေလေ ... ဖြေ၊ ငါမေးတာ ဖြေ ... ဖြေ၊ ဖြေပါ ... ဖြေပါ ဖြေပါ ..."

ချိုကို့ လက်တွေက Rapper တွေလို ကိုးရိုးကားရားလှုပ်ရှားရှုပ်ယှက်လျက် မေ့ကို လက်ညှိုးတထိုးထိုး၊ လူကလည်း စည်းချက်နှင့် ယိမ်းထိုးလှုပ်ရှားနေသလို ဖြစ်လာတာမို့ မေ့ရဲ့ ရယ်ချင်စိတ်ဟာ လည်ချောင်းဝဆီမှ ကလိ ကလိနှင့် အထက်သို့ ဆန်ကာ လျှာရင်းနားလေးမှာ 'ခိ' ခနဲ မြည်သွားသော်လည်း မေက ပါးစပ်ကို တင်းတင်းပိတ်ဈေးထားသဖြင့် တခိခိကိကိ အသံတွေက လည်ချောင်းထိပ်မှာပဲ စုပြုံတွန်းထိုး ရုန်းကန်နေကြသည်။ ထိုအသံတွေ အပြင်ထွက်မလာအောင် ပါးစပ်စေ့ပိတ်ထားသည် ဖြစ်ရာ မေ့နှာခေါင်းထဲက လေတွေကို အပြင်သို့ မှုတ်ထုတ်သလို ဖြစ်ရလျက် မေ့ရဲ့ နှာခေါင်းနှင့် လည်ချောင်းထဲမှာ ဗရုတ်သုတ်ခ ပြဿနာတက်၍နေသော်လည်း မေ့ ရယ်ချင်စိတ်ကို ချိုကို့ကဲ သိပုံမရချေ ...။

မေသည် ရယ်ချင်စိတ်ကို ကျိတ်မျိုချလိုက်ပြီးမှ မျက်နှာသေကလေးဖြင့် ချိုကို့ကို မော့ကြည့်ရကာ လေချိုသွေးသံကလေးဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အားကိုးရသွားတာတော့ မဟုတ်ဘူးပေါ့ ကိုကိုရယ်၊ ဒါပေမယ့် အားတော့ ကိုးတာပေါ့ ..."

"ဘာ ..."

'ချိုကိုကို'က ဘာခနဲအော်ရင်း ဘောင်းဘီစကို မ,ကာ ခြေတစ်ချက်ဆောင့်ချလိုက်သည်။ ပြီးမှ ခြေကွကွ လက်ကွကွ ပုံစံဖြင့် မေ့ဆီလျှောက်လာကာ ...

"နင်က သူ့ကိုအားကိုးတယ်ဆိုတော့ ငါ့ကို အားမကိုးတော့ဘူးဆိုတဲ့ သဘောလား ... ဟမ် ... ပြောပါ ... ပြောစမ်းပါ"

ချိုကိုကိုက သူ့ရင်ဘတ်သူ လက်ညှိုးနှင့် ပြန်ထိုးပြရင်း မေးပြန်တာမို့ မေက မျက်လွှာလည်း ချ၊ သက်ပြင်းလည်း ချလိုက်ရင်း ...

"နင့်ကို အားမကိုးတော့ဘူးတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သူက ယောကျ်ားလေးဆိုတော့ ပိုပြီး အားကိုးမိတာပေါ့"

"ယောကျ်ား ! ဘာဖြစ်လဲ ... ယောကျ်ား၊ ယောကျ်ားမို့လို့ ပိုအားကိုးစရာ ဘာအကြောင်းမှ မရှိဘူး၊ ငါလည်း အဲ့ဒီ ယောကျ်ားဆိုတာတွေနဲ့ တစ်တန်းတည်းပဲ၊ ဘာမှမထူးဘူး၊ အတူတူပဲ"

"မတူပါဘူးဟယ် ... ကိုကိုရယ်"





"ဟမ် ... ဘာလို့မတူရမှာလဲ၊ တူတယ် ... တူကိုတူတယ်၊ သူတို့ သတ္တိရှိသလောက်တော့ ငါလည်း သတ္တိရှိတယ်၊ သူတို့ အရည်အချင်းလောက်တော့ ငါ့မှာလည်း ရှိတာပဲ"

"ဒါပေမယ့် နင်က မိန်းမလေဟယ် ..."

"အို ... ဒီဘဝ နောက်ဆုံးပဲ၊ မိန်းမဖြစ်ရတာ ဒီဘဝ နောက်ဆုံးပဲ ..."

"နင် ဘယ်လိုသိလဲ ..."

"ငါ ဘုရားဆုပန်ထားပြီးပြီ"

အဟိ ... ခိ ... ခိ ... ခွိ။ (လည်ချောင်းထဲမှ တွန်းရုန်းကန်လာသော အသံများ ဖြစ်၏)။

"ဘုရားဆုဆိုတာ ယောကျ်ားမှ ပန်လို့ရတာဟဲ့ ..."

"ခုကတည်းက ကြိုပန်ထားတော့ ဘာဖြစ်သေးလဲ"

"နင်မှ ယောကျ်ားမဖြစ်သေးတာ၊ ပန်လို့ မရပါဘူး"

"နောက်ဘဝကျ ယောကျ်ားဖြစ်မှာ သေချာလို့ ခုကတည်းက ကြိုကြိုတင်တင် ပန်ထားတာပေါ့ကွ ..."

"နင် ဘယ်လိုသိလဲ ဆို ..."

"ငါ ဘုရားအဆူဆူမှာ ဒီလောက် လိုက်ဆုတောင်းထားတာ ယောကျ်ားကတော့ မဖြစ်ဘဲကို မနေဘူး"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"နင်မှားသွားပြီ၊ ယောကျ်ားဖြစ်ချင်ရင် အဲလိုဆုတောင်းနေရုံနဲ့ မပြီးဘူး၊ မိန်းမတွေ နောက်ဘဝမှာ ယောကျ်ားဖြစ်ချင်ရင် ဒီဘဝမှာ အိမ်ထောင်ပြုပြီး ကိုယ့်ယောကျ်ားကို မယားဝတ္တရား ကျေပွန်အောင် လုပ်ကျွေးပြုစုရတယ်၊ ဒါမှ နောက်ဘဝမှာ ယောကျ်ားဖြစ်ဖို့ သေချာတာ"

"သွားစမ်းပါ ...၊ ငါက ဘာလို့ ယောကျ်ားယူရမှာလဲ"

"နင်က မိန်းမပဲလေ၊ တစ်နေ့နေ့တော့ ယောကျ်ားယူရမှာပေါ့"

"နင့်ဘာသာ ယောကျ်ားယူချင်တိုင်း ငါ့ကို လာအဖော်မစပ်နဲ့၊ ငါ တစ်သက်လုံး ယောကျ်ား မယူဘူး ..."

မေသည် ချိုကို့ကို ကြည့်ရင်း ရယ်လည်း ရယ်ချင်၏။ သနားလည်း သနား၏။ သူ့ကို ခွဲခွာချန်ထားရမှာ အားလည်း နာလေသည်။

ပြန်တွေးကြည့်ရင် ချိုကိုဟာ သနားစရာလေးပင်။

မျက်နှာလေး ဖူးနုလျက် မျက်ဝန်းအိမ်ကျယ်ကျယ် မျက်တောင်ကော့ကော့ နှုတ်ခမ်းလုံးလုံးလေးတွေကို ပိုင်ဆိုင်သော 'ချိုကိုကို' ဟာ သူမရဲ့ အလှတရားတွေကို သိသိပ်ဖုံးကွယ်ဝတ်ဆင်လျက် ယောကျ်ားလေးလိုသာ နေထိုင်ပြုမူပြောဆိုတတ်ခဲ့သည်။





အရပ်မြင့်မြင့် သွယ်လျလျနှင့် မိန်းကလေး တစ်ယောက်ရဲ့ ခန္ဓာကိုယ်မှာ ရှိသင့်ရှိထိုက်တဲ့ အလှတရားတွေကို ပိုင်ဆိုင်ထားပါလျက် ထိုအလှမှန်သမျှကို ဥပေက္ခာပြုကာ ထူပွသော အဝတ်အစားတွေကို ဝတ်ဆင်တတ်သော 'ချိုကို့' ကို မက မိန်းကလေးလို ဝတ်စားနေထိုင်ဖို့ အကြိမ်ကြိမ် ဖျောင်းဖျမှုသော်လည်း ချိုကိုက မနာခံချေ။

ချိုကို ဒီလိုဖြစ်ရတဲ့ အရင်းအမြစ်ကို တူးဖော်ရလျှင် တရားခံဟာ ချိုကို့ ဖခင် ဦးစတီဗင်အောင်သက်ကြီးပင် ...။

ဦးစတီဗင်အောင်သက်က သားယောကျ်ားလေးကိုမှ ရူးရူးမူးမူး လိုချင်ခဲ့သည်။ သို့သော် ဇနီးဖြစ်သူက ချိုကို့ကို မွေးပေးပြီးပြီးချင်း ဆုံးပါးသွားခဲ့တာမို့ ဦးစတီဗင်အောင်သက်ခမျာ သမီးတစ်ယောက်နှင့် အရှုံးမီးပိုင်းဖြစ်ကျန်ခဲ့တော့သည်။ အဲဒီနောက်တော့ ဒီသမီးကိုပဲ သားအမှတ်နှင့် ကျားကျားလျားလျားဖြစ်အောင် ပြုစုပျိုးထောင်လာခဲ့သည်ဟု မေ သိထားခဲ့ပါသည်။

အနောက်တိုင်းဆန်ကာ လွတ်လပ်မှုကို ခုံမင်လှသူ ဦးစတီဗင်အောင်သက်က ချိုကို့ကို ဒဂနှစ် ပြည့်တာနှင့် သီးသန့်နေခွင့်ပြုလိုက်သည်။ သူကတော့ နောက်အိမ်ထောင်လည်း မပြုဘဲ သီးခြားနေထိုင်ကာ အမျိုးသမီးများစွာဖြင့် တွဲခုတ်သည်။ သားအဖ



www.burmeseclassic.com

www.burmeseclassic.com



တွေ တွေ့ဆုံဖြစ်ကြလျှင်လည်း အမေနဲ့ သမီး ပုံစံမျိုးမဟုတ်ဘဲ ဘော်ဒါဆန်ဆန် ပေါ့ပေါ့ပါးပါး ပုံစံမျိုး နောက်ဟယ် ပြောင်ဟယ်ပင် ...။ ဆုံးမတာ ညွှန်ကြားတာမျိုးလည်း မတွေ့မိဖူးပါ။ ပြီးတော့ ဦးစတီဗင်အောင်သက်က ချိုကိုကိုခေါ်တော့ 'မိုင်ဆန်း' (my son) တဲ့ ...။

'ချိုကိုကို' ရဲ့ ငယ်နာမည်ကတော့ အဘွားပေးသော နာမည်မို့ 'မိုမိုချို' တဲ့။ နောက်တော့ 'ကိုကိုချို' ဟု ပြောင်းလိုက်ပြီးမှ နာမည်က တုံးသည်ဟုဆိုတာ 'ချိုကိုကို' ဟုပင် ပြောင်း၍ အတည်ဖြစ်သွားသည်။ ဦးစတီဗင်အောင်သက်က ခေါ်တော့ ...

'ဟဲလို ... မိုင်ဆန်း ... ကိုကို' ... တဲ့။

သူ့နာမည်က ချိုကိုကိုမို့ မေက သူ့ကို 'ချို' ဟု ခေါ်ခဲ့ပေမယ့် သူက အခေါ်မခံပါ။ ထို့ကြောင့် 'ကိုကို'ဟုသာ သူ့နာမည် နောက်ဆုံးနှစ်လုံးကို အဖျားဆွတ်၍ ခေါ်ရပါသည်။

မေသော်တာနဲ့ ချိုကိုက တက္ကသိုလ်တက်ရင်း တွေ့ခဲ့ကြတာပင် ...။

နယ်ကလာသော မေ့ပုံစံက ရိုးရိုးတုံးတုံး ...။

သို့သော် ထိုသို့ ရိုးတုံးတဲ့ကြားကပင် မေ့ရဲ့ အလှက ထင်းပနေသေးတာမို့ မေ့မှာ အန္တရာယ်တွေ ဝိုင်းနေခဲ့သည်။





မေက အဆောင်မှာ နေရသည်။ ရန်ကုန်မှာ ကျော ထောက်နောက်ခံ ဆွေမျိုး အသိုက်အဝန်းလည်းမရှိ။ အိမ်ကပို့သော ပိုက်ဆံလေးနည်းနည်းကို ချွေတာကုပ်ခြစ်သုံးစွဲရသည်။ လှပေမယ့် ပြည့်စုံသော မေ့အနားမှာ မေ့ကို တကယ်ချစ်ကြသည့် သူတွေ ရော၊ ရက်ရော ကူညီလိုဟန်ဖြင့် မက်လုံးပေး အကဲစမ်းကြသူတွေ ရော ဝိုင်းဝိုင်းလည်နေခဲ့သည်။

ထိုအခြေအနေမျိုးတွင် ချိုကိုက မေ့ရှေ့မှ မားမား မတ်မတ် ရပ်၍ ကာကွယ်ပေးခဲ့တာ ဖြစ်သည်။

အမြဲ ဘတ်စ်ကားစီးရင်း အနှောင့်အယှက်ခံရမည့် အန္တရာယ်ကို ကြောက်ရွံ့နေရသော မေ့ကို ချိုကိုက သူ့ကားဖြင့် ဘင်ခေါ်ခဲ့၏။ မေသည် ချိုကို့ကျေးဇူးကြောင့် သွားရေး၊ လာရေး အတွက်လည်း မပူပင်ခဲ့ရ။ ချိုကိုက မိန်းမဖြစ်ပြီး ကြံကြံဖန်ဖန် လက်ဖွေ့ထိုးသင်ထားသေးတာမို့ မေ့ကို နှောင့်ယှက် အကဲစမ်း ချင်သူအပေါင်းဟာ ချိုကို့ လက်သီးချက်ကြောင့် အီစလန်ဝေ ဆန်ပြုတ်သောက်သွားရမြဲပင်။

နောက်တော့ ချိုကို တဂျီဂျီ ပြောလွန်းတာမို့ မေက ချိုကို့အိမ်သို့ ပြောင်းနေလိုက်ရသည်။ ချိုကိုက မေ့ကို တင်ကျွေး ထားရုံမက မေ့မှာ ငွေလိုရင်လည်း ကူညီပေးသေးသည်။ ချိုကို့ လောက် မေ့အပေါ် ကောင်းသည့်သူမျိုး မရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မေက မိန်းမဆန်လွန်းပြီး ချိုကိုက ယောကျ်ားဆန်လွန်းတာမို့ နှစ်ယောက်အတူနေကြသော အိမ်မှာ မေက ချက်ပြုတ်ရှင်းလင်း လျှော်ဖွပ် စသည့် မိန်းမတာဝန်များကို ယူထားပြီး ချိုကိုက မီးပျက်၊ ရေပျက်၊ ကားပြင်၊ ဟိုသွား ဒီသွား ကျားကျားလျားလျား တာဝန်ကို ယူထားသည်။ မေက စားရေးသောက်ရေး မပူပင်ရအောင် ဖွေစပ်သေချာပြီး ချိုကိုက ယောကျ်ားတစ်ယောက်လိုပင် မေ့ကို ကာကွယ်စောင့်ရှောက်ပေးနိုင်ခဲ့သည်။

မေတို့ကို မလိုသူတွေက အချစ်တော်တွေလား ဘာလား ညာလား ထင်ယောင်မှားကြပေမယ့် မေတို့ကတော့ ကိုယ့်လိပ်ပြာ ကိုယ်လုံကာ ခိုင်မြဲသော သူငယ်ချင်း သံယောဇဉ်ဖြင့် ခင်မင်လာခဲ့ကြတာပင်။

ချိုကိုက မေနဲ့ပတ်သက်လာရင် ဝန်တိုတာလေးတွေ တော့ ရှိသည်။ မေ သူ့ကိုခွဲသွားမှာကိုတော့ ကြောက်မှန်း မေ သိခဲ့ရပါသည်။ ပြီးတော့ ယောကျ်ားဖြစ်ချင်လှသော ချိုကို သူ့ရဲ့ မိန်းမဘဝကို စိတ်ကုန်ကာ ယောကျ်ားတွေကိုတော့ မယှဉ် ကြည်နိုင်ခဲ့သူပင် ...။ ချိုကိုက သူ့အမေ သူ့ကို မွေးပြီးပြီးချင်း ဆုံးပါးသွားရသည့်အတွက်လည်း မိန်းမသားဘဝကို စိတ်နာသည်။ သူ့ဖခင်ရဲ့ ပျော်ပျော်ပေါ်ပေါ် တွဲသွားတွဲလာ မိန်းကလေးများရဲ့ ဘဝကိုလည်း စိတ်ပျက်သည်။





"နင် စဉ်းစားကြည့်ကွာ မေရာ ...၊ မိန်းမဖြစ်ရတဲ့ဘဝဟာ ဘယ်လောက် စိတ်ပျက်စရာ ကောင်းလဲဆိုတာ၊ ယောကျ်ား ယူတော့လည်း ယောကျ်ား ဖောက်ပြန်မှာ ကြောက်ရ၊ ကိုယ်ဝန်ဆောင်တော့လည်း ငါ့အမေလို ကလေး မွေးပြီး သေမှာစိုးရ ...၊ ငါ့အဖေလို သူဌေးမျိုးရဲ့ အခြွေအရံဖြစ်ရတဲ့ မိန်းကလေးဘဝကလည်း စိတ်ပျက်စရာ၊ ငါတို့တွေ အရင်ဘဝက အကုသိုလ်ကြီးခဲ့လို့သာ ဒီဘဝမှာ မိန်းမ လာဖြစ်ရတာ"

ချိုကိုက အစွန်းရောက် တွေးခေါ်မှုများဖြင့် မိန်းမသားဘဝကို မလိုလားခဲ့သူပင်။

"ငါသာ နိုင်ငံခြားမှာ နေခဲ့ရင်တော့ တစ်ချိတည်း ပလတ်စတစ် ဆာဂျရီနည်းနဲ့ ယောကျ်ားဘဝကို ပြောင်းပစ်ပါတယ်"

ဟု တဖွဖွပြောလျှင်တော့ မေက ရယ်ပဲရယ်ချင်နေမိသည်။

အမြဲတမ်း ယောကျ်ားလေးပုံ ဖမ်းနေတတ်သော၊ ယောကျ်ားစိတ်ဖြင့် နေတတ်သော ချိုကို့ပုံစံသည် ခုခေတ် Rapper ပုံစံ ယောကျ်ားလေးတွေအတိုင်း ဖြစ်လာသည်။ စိုင်းစိုင်းခမ်းလှိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်သည်။ J-me တို့ ကြက်ဖတို့ကို ကြိုက်သည်။ Hip Hop show တွေကို မလွတ်တမ်း အားပေးသည်။ တီရှပ်ပွတွေ ဘောင်းဘီပွတွေ ဝတ်ကာ ဘောင်းဘီမှာ စတီးလ်ကြိုးတွေ တပ်ချင်တပ်သည်။ လမ်းသွားရင် နိမ့်နင်း နိမ့်နင်း ဖြစ်ချင်သည်။ စကားပြောရင် လက်ဟန်တွေ ရှုပ်လျက် လက်ညှိုးကြီး တထိုးထိုး။

ချိုကို့ကို မသိသည့်သူတွေကတော့ Rapper စတိုင်လ်ကောင်ချောချောလေးပဲဟုသာ ယူဆသွားရအောင် ချိုကို့စတိုင်လ်က အထာကျသည်။

မေကတော့ တားမရ၍ လွှတ်ထားရဲ့သော ချိုကို့ပုံစံကို ရယ်ချင်တစ်ခါ စိတ်ပျက်တစ်လှည့်ဖြင့် ကြည့်နေလိုက်ရသည်။

ကျောင်းပြီးတော့ မေက နာမည်ကြီး အင်တာနေရှင်နယ်စကူးတစ်ခုမှာ ကလေးတွေကို အင်္ဂလိပ်စာပြပေးသော ဆရာမအလုပ် လုပ်ရင်း ချိုကိုနှင့်ပင် အတူဆက်နေဖြစ်သည်။ ချိုကိုကတော့ သူ့ဒက်ဒီဆီက လက်ဖြန့်တောင်းသုံးရင်း ယောင်ခြောက်ဆယ် လုပ်နေဆဲပင် ...။

ဒီလိုနဲ့ တစ်နေ့မှာတော့ မေ ချစ်ရမည့်သူ တစ်ယောက်နှင့် တွေ့ဆုံခဲ့ရပါသည်။

မေသည်လည်း နည်းနည်းတော့ လူလည်ကျ၏။





ကိုယ်မကြိုက်သည့်သူဆိုရင်သာ ချိုကို့ကို ပြထားပြီး ချိုကို့ဘာသာ ခွဲချင်ခွဲ မခွဲချင်နေ လွှတ်ပေးထားလိုက်သည်။

မေ သဘောကျတာလေးကျတော့ အသာဖွက်ထားကာ ချိုကို့ကို ချက်ချင်း အသိမပေးချေ ...။

မေ ချစ်သွားသော သူက 'ပြည့်မင်း'။ ယောကျ်ားပီသသူ၊ ဦးဆောင်လိုစိတ်ရှိသူ။ မေ့ရှေ့က မားမားမတ်မတ် ရပ်တည်ကာကွယ်ပေးနိုင်သူ။ မေ့ဘဝကို လုံခြုံစေမည့်သူဟုလည်း မေက ယုံကြည်သည်။

သူက မေ့ကျောင်းက ကလေးတစ်ယောက်ရဲ့ ဦးလေးမို့ ကလေးကို လာကြိုပို့ရင်း မေနဲ့ ဆုံခဲ့ရပါသည်။

မေတို့နှစ်ယောက် ချစ်ခါစက နှစ်သက်ရာ အခေါ်အဝေါ်လေးတွေ ရွေးချယ်ကြတဲ့အခါ မေ့ထက် အသက် သုံးနှစ်ကြီးသော သူက မေ့ကို တောင်းဆိုလာပါသည်။

"မေ ... ကိုယ့်ကို ကိုကိုလို့ ခေါ်ပါလား‌ကွာ ..."

မေသည် အိမ်က ကိုကို့ မျက်နှာကို ကွက်ခနဲ မြင်ယောင်ကာ အခေါ်အဝေါ်တွေ တူနေ ထပ်မနေချင်တာမို့ ...

"ကိုပြည့်လို့ ခေါ်မယ်လေ ..."

"ဟာကွာ ... ကိုပြည့်ဆိုတာက လူတိုင်း ခေါ်နေကြတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို ပြည့်မင်းလို့ ဘယ်သူမှ မခေါ်ဘူး၊ ကြီးကြီးငယ်ငယ် ကိုပြည့်ပဲ ခေါ်ကြတာ"

"ကိုကို ဆိုတာကြီးက မရိုးလွန်းဘူးလားဟင်၊ မောင်ဆိုရင်ကော မကောင်းဘူးလား"

"အဲဒါက ရွယ်တူနဲ့ ငယ်သူကိုပဲ ခေါ်ရတာ၊ ကိုကိုလို့ပဲ ခေါ်ကွာ၊ ကိုကိုလို့ပဲ အခေါ်ခံချင်တယ်"

သူက ဇွတ်ပြောနေတာမို့ မေ မငြင်းသာခဲ့ပါ။ ဒီလိုနှင့် အိမ်မှာလည်း ကိုကို ခေါ်ရ၊ အပြင်မှာလည်း ကိုကိုခေါ်ရနှင့် မေ့မှာ မိန်းမ ကိုကိုနှင့် ယောကျ်ား ကိုကို၊ ကိုကို နှစ်ယောက်ရှိလာပါသည်။

ကိုကိုက တစ်ခါတစ်ရံ မေ့ကို လာကြိုပို့ပေးတတ်သော ချိုကို့ကို အဝေးက လှမ်းမြင်သွားပြီး ပေါက်ကွဲခဲ့သေးသည်။ မေ့မှာ မနည်းကို ရှင်းပြလိုက်ရသည်။

"အဲ့ဒါ ... မေ့ မိန်းကလေး သူငယ်ချင်းပါ ကိုကိုရယ်၊ ကျောင်းတက်တုန်းကတည်းက အတူနေလာတာ၊ မေ အပေါ် သိပ်ကောင်းတဲ့ သူငယ်ချင်းပါ"

"သူက ယောကျ်ားလျာလား ..."

"အဲ့ဒီလိုကြီးတော့လည်း မဟုတ်ပ[illegible] ဒီအတိုင်း ယောကျ်ား စတိုင်လ်ပဲ နေတတ်လို့ နေတာပါ"





"သူ မေ့ကို ကြိုက်နေတာတော့ မဟုတ်ပါဘူးနော်"

"ပေါက်ပေါက်ရှာရှာ ကိုကိုရယ်၊ မိန်းမချင်း ကြိုက်စရာလား"

"မသိဘူးလေ ...၊ ဒါမျိုးတွေက ရှိတတ်တော့ ..."

"မိန်းကလေး သူငယ်ချင်း အချင်းချင်းလည်း သိပ် သံယောဇဉ်ကြီးရင် တစ်ယောက်က ချစ်သူရသွားလို့ တစ်ယောက်မှာ အဖော်မဲ့ အထီးကျန်ပြီး သူငယ်ချင်းရည်းစားကို မကျေနပ် မနှစ်မြို့တာမျိုးတွေတော့ ရှိနိုင်တာပေါ့၊ ဒီလောက်ပါပဲ"

ကိုကိုက ချိုကို့ကို သိပ် သဘောကျပုံ မရ...။

ချိုကိုကလည်း ကိုကို့ကို ကြည့်မရဘဲ မေတို့ အချစ်ရေးမှာ အမျိုးမျိုး ဝင်ရောက်နှောင့်ယှက်ခဲ့ပါသေးသည်။

ကိုကိုနှင့် ချိန်းထားမှန်း သိရက်နဲ့ တမင် အကြောင်းအမျိုးမျိုးပြပြီး ဟိုခေါ်သွား၊ ဒီခေါ်သွား လုပ်တာမျိုး၊ အိမ်တံခါးပိတ်ပြီး သော့ဖွက်ထားတာမျိုးတွေလည်း လုပ်သည်။ မေကလည်း အညံ့မခံ၊ ချိုကိုက မေ့ကို တခြားခေါ်သွားပြီး ပြန်မလွှတ်လျှင် ကားပေါ်က ဇွတ်ခုန်ချပြီး ကိုကို့ဆီ သွားဖြစ်အောင် သွားသည်။ အိမ်တံခါးပိ[illegible]းလျှင် ဝရန်တာက ကျော်ချသည်။ နောက်ဆုံးတော့ ချိုကိုပဲ အရှုံးပေးသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုဆို ... မေတို့ချစ်သူနှစ်ယောက်က လက်မှတ်ထိုးပြီးပြီမို့ မကြာမီမှာပင် ကိုကို့အိမ်သို့ မေ လိုက်နေရတော့မှာ ဖြစ်သည်။ မေ လိုက်သွားမှာကို မလိုလားသော ချိုကိုကလည်း အမျိုးမျိုး ထိုးနှက်နေဆဲပင်။

မေသည် ချိုကို့ကို တိုးလျှိုးတောင်းပန်သော မျက်နှာထားလေးဖြင့် ပြန်မော့ကြည့်လိုက်ရင်း ...

"ငါလည်း နင်နဲ့ ဘယ်ခွဲချင်ပါ့မလဲ ကိုကိုရယ်၊ ဒါပေမယ့် လက်ထပ်ပြီးပြီဆိုတော့ ယောင်နောက်ဆံထုံးပါမို့ ဝတ္တရားရှိတယ် မဟုတ်လား"

"ဒီခေတ်မှာ ဆံထုံးနောက် ယောင်ပါနေတာတွေမှ အများကြီး ..."

"ဒါပေမယ့် ကိုကိုက သူ့အိမ်နဲ့ခြံကို ပိတ်ခဲ့ပြီး ဒီလာနေဖို့ အဆင်မပြေဘူးလေ၊ လာနေရအောင် ဒီအိမ်က ငါ့အိမ်လည်း မဟုတ်ဘူး၊ ငါ့အိမ်မဟုတ်တဲ့ အိမ်မှာ သူလည်း ဘယ်နေချင်ပါ့မလဲ ...၊ ပြီးတော့ နင်ကလည်း ငါတို့အိမ်လိုက်နေချင်မှာ မဟုတ်ဘူးလေ၊ နင်က သတ္တိရှိတော့ ဒီလိုပဲ တစ်ယောက်တည်းလည်း နေတတ်မှာပဲဆိုပြီး ..."

"အရင်တုန်းကတော့ နေတတ်တယ်၊ အခုတော့ မနေတတ်တော့ဘူး ...၊ ငါ နင်တို့နဲ့ လိုက်နေမယ်"





"ဟင် ..."

မေ့ရင်ဘတ်ထဲမှာ မိုးကြိုးအစင်းစင်း ပစ်ခွင်းခံနေရသလို ဒုန်းဒိုင်းဒိန်းသံတွေ ညံသွားသည်။ ပြဿနာကြီး ဖြစ်တော့မှာကို ကြိုသိလိုက်သည်။

"နင် ... နင် တကယ်လိုက်နေနိုင်လို့လား"

"နေနိုင်တာပေါ့ ..."

"ဘ ... တကယ် ..."

"တကယ် ...၊ တကယ်နေနိုင်တယ်၊ ငါ ... ခုပဲ ပစ္စည်းတွေ သွားသိမ်းလိုက်တော့မယ်၊ အိုကေနော် ... ရှီ ..."

ချိုကိုက လေလေးတစ်ချက်ချွန်ပြီး ချာခနဲ လှည့်ထွက်သွားသည်။ မေ့မှာတော့ ဒီကိုကိုကိုလည်း မထားရက်၊ ဟိုကိုကိုကိုလည်း အားနာကာ စိတ်တွေ မောဟိုက်မွန်းကြပ်လာပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



(၂)

✤ ✤ ✤

"အခိပ္ပာယ် မရှိတာ ..."

"ကိုကို ဒီလိုပဲပြောတော့မယ်ဆိုတာ မေ သိပါတယ်၊ ဒါပေမယ့် ကိုကိုရယ် ... ကိုကိုနဲ့ မေနဲ့က ..."

"ဘယ့်ကိုကိုနဲ့လဲ ..."

"စိတ်ညစ်ပါတယ်နော်၊ အဲ့ဒါ ဒီအခေါ်အဝေါ်ကလည်း တစ်မျိုးပါပဲ၊ ချိုကိုကို ကို ပြောတာပါ၊ သူနဲ့ မေနဲ့က ကျောင်းသူဘဝကတည်းက အတူနေလာတာ၊ တစ်ခါမှ ခွဲနေဖူးတာ မဟုတ်ဘူး၊ သူ့ကျေးဇူးတွေလည်း မေ့မှာရှိတယ်၊ သူ့ခမျာလည်း မေ့ကိုချစ်လွန်းလို့သာ သူနဲ့မတည့်တဲ့ ကိုကို့အိမ်မှာ လိုက်နေမယ်လို့ ပြောတာပေါ့၊ ကိုကိုက အဲ ... ချိုကိုက သူများအိမ်မှာ ခိုကပ်နေဖို့ ဘယ်တုန်းကမှ





စဉ်းစားဖူးတာ မဟုတ်ဘူး၊ သူ့အိမ်မှာလည်း ဒီလောက်ပြည့်စုံနေတာ ...၊ သူ့အိမ်ကြီးကို ပိတ်ပြီး မေတို့နဲ့ လာနေပါ့မယ်ဆိုတာ တော်ရုံ စွန့်လွှတ်မှု မဟုတ်ဘူးလေ ကိုကို ..."

မေသည် ပြောရင်း မောသွား၏။ ကိုကိုကတော့ မျက်မှောင်ကြီး ကြုတ်၍ နားထောင်နေရင်းက ခေါင်းကို ခပ်သွက်သွက်ရမ်းပြလိုက်ရင်း ...

"မဖြစ်ဘူး ...၊ လုံးဝ မဖြစ်ဘူး မေ ...၊ သူ့အကြောင်းလည်း မေအသိဆုံးပဲ၊ ကိုကိုလည်း သိလွန်းလို့ ခက်နေတယ်၊ မေနဲ့ ကိုကို သမီးရည်းစားဘဝတုန်းကတောင် သူ ဘယ်လောက်နှောင့်ယှက်ခဲ့သလဲ၊ ဖုန်းလည်း အကောင်းမပြောရ၊ လူချင်းလည်း အကောင်းချိန်းမတွေ့ရ၊ သူအိပ်တဲ့အချိန်ကို စောင့်ပြီးမှ ဖုန်းပြောရတဲ့ ဒုက္ခတွေ၊ သူလစ်တဲ့အချိန်ကျမှ ခိုးကြောင်ခိုးဝှက် ချိန်းတွေ့ရတဲ့ ဒုက္ခတွေကို သတိရတိုင်း သူ့မျက်နှာကို လက်သီးနဲ့ ပိတ်ပိတ်ထိုးပစ်ချင်တယ်၊ ကိုကို့ကို မကျေနပ်လို့ဆိုပြီး သူ့ရဲ့ ပေါက်ကရပေါင်းစုံ ရှုပ်ပွအောင် တန်ဆာဆင်ထားတဲ့ ဂျစ်ကားနဲ့ ပွတ်ဆွဲသွားလို့ ပုဆိုးတောင် စုတ်သွားရတဲ့အဖြစ်ကိုလည်း ကိုကို ခုထိ မမေ့ပါဘူး ...၊



www.burmeseclassic.com

www.burmeseclassic.com



"မေလည်း ကိုကို့ဘက်က စဉ်းစားပေးဦးပေါ့၊ ကိုကို့အဖြစ်က အစ်ကိုတွေ မောင်တွေ အများကြီးရှိတဲ့ မိန်းကလေးတစ်ယောက်နဲ့ ကြိုက်မိရင်တောင် ဒီလောက် နှိပ်ကွပ်ခံရမယ် မထင်ဘူး၊ သူ့လို ယောကျ်ားမဟုတ် မိန်းမ မဟုတ် နပုန်း ပဏ္ဍုက် (ယောကျ်ားလည်းမဟုတ်၊ မိန်းမ လည်း မဟုတ်) ကြောင့် ကိုကိုတို့ အချစ်ရေးမှာ အနှောင့် အယှက် အမျိုးမျိုး ကြုံခဲ့ရတာ ...၊

"အခု ... သူက ကိုကိုတို့နဲ့အတူ လာနေမယ်ဆို တာ အဓိပ္ပာယ်ရှိရဲ့လား၊ ဒါ ... ကိုကိုတို့ အိမ်ထောင်ရေး ကိုပါ ဆက်လက် နှောင့်ယှက်မယ့် ဦးတည်ချက်ကြောင့် ဆိုတာ မေ တွေးကြည့်လို့မရဘူးလား၊ ကိုကို သူနဲ့ ဘယ်လို နေရမလဲ ...၊ မခွဲနိုင်ဘူးဆိုတာလည်း လုံးဝ အဓိပ္ပာယ် မရှိဘူး၊ မိဘတောင်မှ အချိန်တန်ရင် ခွဲခွာချန်ထားခဲ့ရသေး တာပဲ၊ သူက မိဘလည်းမဟုတ်၊ ညီအစ်ကို မောင်နှမလည်း မဟုတ်၊ စောင့်ရှောက်ဖို့လိုအပ်တဲ့ အိုနာကျိုးကန်းထဲက လည်းမဟုတ်၊ သူ့ကို မဖြစ်မနေ ခေါ်လာဖို့ ဘာအကြောင်း မှ မရှိဘူး မေ ..."

ပြည့်မင်းသည် ပြောရင်း မောသွား၏။ မောလို့သာ





ဒဘာ နားရပေမယ့် ဆက်ဆက်ပြောနေချင်သေးသည်။ ချိုကိုကို့ ကြောင့် ဒုက္ခရောက်ခဲ့ရတဲ့ နေ့ရက်တွေအကြောင်း ဆက်ပြောရလျှင် မိုးသာလင်းသွားရော ပြောလို့ပြီးမယ် မထင်ချေ ...။

"သူ တောင်းဆိုတော့ မေ မငြင်းရက်ဘူး ကိုကို၊ ခဏပဲ ဖြစ်ဖြစ် ခေါ်ထားလို့ မရဘူးလားဟင်၊ သူလည်း သူများ အိမ်မှာ ကြာကြာနေနိုင်မှာ မဟုတ်ပါဘူး၊ နောက်တော့ လည်း သူ့အိမ်သူ ပြန်သွားမှာ သေချာပါတယ်၊ ကိုကို့ ဘက်က ခဏလေး သည်းခံပေးလို့မရဘူးလားဟင်၊ မေ့ မျက်နှာကို ထောက်ပြီးတော့ပေါ့၊ သူဘယ်လိုပဲဆိုးဆိုး မေ့ အပေါ်တော့ ကောင်းခဲ့တယ်၊ ကျေးဇူးတွေလည်းရှိခဲ့တယ်"

မေသည် ကိုကို လက်ခံလာအောင် မရပ်မနား ဆက် ပြော၏။ ကိုကိုကလည်း ခေါင်းကိုသာ တွင်တွင်ယမ်းနေ၏။ ထိုအချိန်တွင် မေ့ ဖုန်းလေးမှ အသံမြည်လာလေသည်။

ချိုကို့ဆီက ဖုန်းမို့ မေက အမြန်ဖွင့်နားထောင်လိုက် ရာ ချိုကို့အသံက မေ့နားဝသို့ ကျယ်လောင်စူးရှစွာ ဝင်ရောက် လာလေသည်။

"မေရေ... အိုကေသွားပြီ သိလား၊ ငါ့အိမ်ကြီးကို ဒီအတိုင်း ပစ်ထားခဲ့ရမှာ နှမြောလို့ နှစ်ချုပ်နဲ့ နိုင်ငံခြားသားကို



www.burmeseclassic.com

www.burmeseclassic.com



ငှားဖို့ အကျိုးဆောင်ကို ပြောလိုက်တာ အခု အဆင်ပြေသွားပြီ၊ မနက်ဖြန်ပဲ ပြောင်းလာတော့မှာတဲ့၊ ငါတို့ ပစ္စည်းတွေ ဒီနေ့ အပြီးပြောင်းပေးရမှာ၊ နင် မြန်မြန်ပြန်ခဲ့ ...”

ချိုကိုက ပြောပြီးပြီးချင်း ဖုန်းကိုပိတ်သွား၏။ မေကတော့ မေ့ခေါက်ဖုန်းလေးကို ဖျတ်ခနဲ ပြန်ပိတ်ဖို့တောင် မေ့လျော့ကာ အံ့သြကြောင်ငေးနေသည်။

“မေ ... ဘာဖြစ်တာလဲ၊ ဘယ်ကဖုန်းလဲ ...”

ကိုကို လှမ်းမေးတော့မှ မေ့ခေါင်းလေးက ကိုကို့ဘက်သို့ ဖြည်းဖြည်းလေး လှည့်သွားကာ ...

“ကိုကို ... အဲ ... ချိုကို့ဆီက ... ၊ ခုပဲ သူ့အိမ်ကို နှစ်ချုပ်နဲ့ ငှားထွက်သွားပြီတဲ့၊ ဒီနေ့ အပြီးပြောင်းရမှာတဲ့”

“ဟာကွာ ...”

ကိုကိုသည် စိတ်ပျက်လက်ပျက်ကြီး ရေရွတ်လိုက်ရင်း ချာခနဲလှည့်လျက် နောက်ဘက်ဆီက စက္ကူပုံးအလွတ်တစ်ခုကို အုံးခနဲ လက်သီးနှင့် ပစ်ထိုးလိုက်လေသည်။ မေသည် ကိုကို့ကျောဘက်မှ နေ၍ ကိုကို့ပခုံးတွေကို ဆုပ်ကိုင်ကာ ကိုကို့ကျောမှာ မျက်နှာအပ်လိုက်ရင်း ...

“အဲ့ဒီတော့ သူ့မှာ နေစရာမရှိတော့ဘူးပေါ့၊ သူ့အမေနဲ့





လည်း အတူနေလို့ ဖြစ်မှာမဟုတ်ဘူး၊ မေတို့ ခေါ်မထားလို့ မဖြစ်တော့ဘူး ကိုကိုရယ်”

ဟု လေပြေသွေးလိုက်ရာ ပြည့်မင်းသည် ဆို့နင့်ပို့လျှိုက်သော နှလုံးသားက မချိမဆံ့ ခံပြင်းနေသော်လည်း လေးလေးပင်ပင်ကြီးပင် ခေါင်းညိတ်ပြလိုက်ရလေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



(၃)

✤ ✤ ✤

"ကဲ … ကဲ … မြန်မြန်သွက်သွက်လေး လုပ်ကြပါ၊ ဒီနေ့ညနေ အပြီးပြောင်းပေးမှ ဖြစ်မှာ၊ ဦးပြည့်မင်းတို့လို နေးနေးကွေးကွေး လုပ်ပုံမျိုးနဲ့တော့ မနက်ဖြန်မနက်တောင် ပြောင်းပြီးပါ့မလားပဲ၊ ဒီလိုလုပ်ရည်ကိုင်ရည်မျိုးနဲ့ဆို ရှေ့ဆက်ဘယ်လိုအားကိုးရမလဲ …၊ မေရေ … နင့်အတွက်တော့ ငါ တော်တော်ရင်လေးတယ်၊ နင် အားကိုးပါတယ်ဆိုတဲ့ ယောကျာ်းသားကြီးရဲ့ လုပ်ပုံကိုင်ပုံကို လာကြည့်စမ်းပါဦး၊ ဟာ … ဟာ … အဲ့ဒီပစ္စည်းကို အဲ့ဒီလို ဖြစ်ကတတ်ဆန်း မ,မသွားနဲ့လေ၊ အထဲက ကွဲရှကုန်တော့မှာပဲ၊ ဘာပစ္စည်းလည်းဆိုတာ သေသေချာချာ ကြည့်ဦးမှပေါ့၊ မြန်မြန်ဆိုတိုင်း ရှေ့မကြည့် နောက်မကြည့် မြန်ရင်ပြီးရောဆိုပြီး xxx"





"ဒုန်း …"

"ဝွမ်း … ချွမ်း …"

"အမလေး … ကုန်ပြီ၊ ကုန်ပြီ …"

မေ စိုးရိမ်တဲ့အတိုင်း ပြဿနာက ကြာကြာမဆိုင်း၊ ပစ္စည်းတွေ ပြောင်းရွှေ့သယ်ပိုးကြသော နေ့မှာပင် အစပျိုးခဲ့လေပြီ …။

မေနဲ့ ချိုကို့ပစ္စည်းတွေကို ကိုကို့အိမ်သို့ အပြန်ပြောင်းရွှေ့ရမှာမို့ ကိုကိုရော အလုပ်သမားနှစ်ယောက်ပါ သယ်ကြပိုးကြ အလုပ်ရှုပ်နေကြချိန်မှာ ချိုကိုက စောင့်ကြည့်ကွပ်ကဲရင်းပါးစပ်ကလည်း ဗလစ်ဗလာစ် ပြောလို့ကိုမပြီး …။

ပြည့်မင်းသည် အစပထမမှာတော့ မေ့မျက်နှာကြောင့် ကျိတ်မှိတ်သည်းခံသေး၏။ သို့သော် … ချိုကို့စကားတွေက လွန်သထက် လွန်လာပြီမို့ လက်ထဲက မ,လက်စ ကတ်ထူပုံးကြီးကို ပစ်ချပစ်လိုက်ရာ အတွင်းမှာ ကွဲရှသံတွေ ပေါ်လာခြင်းဖြစ်လေသည်။

ချိုကိုသည် ဆွေ့ဆွေ့ခုန်သွားကာ သေတ္တာပုံးဆီသွားခနဲ့ ရောက်လာပြီး …

"ကုန်ပြီ … ကုန်ပြီ … အထဲက ငါ့ပန်းကန်တွေ ကုန်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ကွဲကုန်ပြီ ... ၊ ဦးပြည့်မင်း ဒါ ဘယ်လိုလုပ်လိုက်တာလဲဗျ၊ ခင်ဗျား ကျုပ်ပစ္စည်းကို ဒီလိုလုပ်စရာလား၊ မေ ... လာစမ်း လာစမ်း ... နင့်ယောကျ်ားကို လာပြောစမ်း ... "

ပြည့်မင်းသည် ကိုယ့်ကို 'ဦး'တပ်ခေါ်ပြီး 'ခင်ဗျား' တွေ 'ကျုပ်'တွေ လာပြောနေသော နှစ်ပိုင်းတစ်ပိုင်းမကို ကြည့်ကာ ဟွန်းခနဲ တစ်ချက် မဲ့ရွဲ့၍ မချိုမချဉ် ပြုံးလိုက်ရင်း ...

"မတော်လို့ဗျာ ... မတော်လို့ပါ၊ ဒီညနေ အပြီးသယ်ရမှာဆိုတော့ စိတ်ကလည်း စော၊ အနားမှာကလည်း အာရုံနောက်စရာတွေ များလွန်းလို့ ကယောင်ချောက်ချားဖြစ်ပြီး လက်က ကောင်းကောင်းမမြဲတော့တာပါ"

"ခင်ဗျား တမင်လုပ်တာ ကျုပ်သိတယ်၊ ခင်ဗျား ကျုပ်ကို ငေါ့တာ၊ တမင် အရွဲ့တိုက်တာ ... "

"ဟောဗျာ ... ကျုပ်က ကျုပ်ဇနီးရဲ့ ချစ်လှစွာသော သူငယ်ချင်းလေးကို အရွဲ့တိုက်ရဲပါ့မလား"

"ခင်ဗျား ... ခင်ဗျား ... ၊ မေ ... မေ ဘယ်ရောက်နေလဲ၊ လာဦး ... နင့်လူနင် ကြည့်ပြောဦး"

ချိုကိုသည် လက်ဟန်တွေ ရှုပ်ယှက်ခတ်လျက် ပြည့်မင်းကို လက်ညှိုးတထိုးထိုး ပြောရင်း ဒေါသတွေ ကြီးလာ





ကာ စကားလုံးတွေက Rap ရွတ်သလို မြန်ဆန်လာပြီး မေ့ကို ကြုံးအော်ခေါ်လိုက်သည်။

ချိုကိုကိုနဲ့ မေ့ကိုကိုကြား ဝင်ပါလျှင် ကိုယ်ပဲရှုံးရမှာ ဆိုတော့ ရာတစ်ထောင့်မှာ ပုန်းကွယ်လက်ရှောင်နေသော မေသည် ခတ်ညစ်ညစ်နှင့်ပင် တွန့်ဆုတ်ဆုတ် ထွက်လာရင်း ...

"ကိုကို ... တော်ပါတော့ဟယ် ... "

"ဘယ် ကိုကိုက တော်ရမှာ ... "

"အမေ့ ... လန့်လိုက်တာဟယ်"

ချိုကိုရော ပြည့်မင်းပါ သံပြိုင်ထအော်လိုက်တာမို့ မေက လန့်ဖျပ်သွားကာ ...

"နှစ်ယောက်စလုံးကို ပြောတာ၊ နှစ်ယောက်စလုံးကို ပြောတာ၊ ကိုကိုလည်း ပစ္စည်းတွေ ဝင်မ,မနေနဲ့တော့၊ အလုပ်သမားတွေကိုပဲ သေချာစောင့်ပြောပေး၊ ကိုကို နင်ကလည်း ကိုယ့်ဘာသာ အေးအေးဆေးဆေး ထိုင်နေ၊ နင့်ပစ္စည်းတွေ အားလုံး ဘေးမသီရန်မခအောင် ငါ သေချာကြည့်ထားပေးမယ်၊ စိတ်မပူနဲ့၊ ဟုတ်ပြီလား ... "

"မေ ... နင်တော့ မှားပြီ သိလား၊ အမှားကြီးမှားပြီ"

"ဟင် ... ဘာမှားလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူကို အားကိုးမိတာ နင်မှားပြီ၊ နင့်လူကြည့်ရတာ တော့ အားကိုးလောက်စရာ ဘယ်နားတစ်ကွက်မှ မတွေ့ ရဘူး"

"တော်ပါတော့ဟယ် ... ကိုကိုရယ်၊ စကားတွေ များကုန်ရင် မကောင်းပါဘူး"

မေသည် ချိုကို့ကို ဖျောင်းဖျရင်း ကိုကိုနှင့်ဝေးရာသို့ ဆွဲခေါ်လာနေဆဲမှာ အိမ်ရှေ့ဆီက ကိုကိုက ...

"မေရေ ... ကိုကို့ဖို့ အအေးတစ်ခွက်လောက် ဖျော်လာခဲ့ ပေးပါကွာ၊ ကိုကို မောနေလို့ ..."

ဟု လှမ်းအော်ပြောလိုက်သည်။ ချိုကိုသည် မျက်နှာကို မဲ့ရွဲ့ပစ်လိုက်ရင်း ...

"ကြည့်စမ်း ... ကြည့်စမ်း၊ ဒါ တမင် အာဏာပြတာ၊ နင့်ကို သူ ခိုင်းချင်တိုင်း ခိုင်းလို့ရတယ်ဆိုတာ ငါသိအောင် တမင်လုပ်ပြနေဟာ၊ နင် လုံးဝ သွားလုပ်မပေးနဲ့"

"သူက ငါ့ယောကျ်ားလေ ... ကိုကိုရယ်၊ ငါ့မှာ သူ့ကို ပြုစုဖို့ ဝတ္တရားရှိတယ်"

"ဘာ ယောကျ်ားလဲ၊ မင်္ဂလာဖြင့် မဆောင်ရသေးဘဲနဲ့"

"လက်မှတ်ထိုးပြီးသွားပြီလေဟယ်၊ ညစာခံပွဲသာ မလုပ်ရ





သေးပေမယ့် အကြင်လင်မယားတော့ ဖြစ်နေပြီပဲ၊ ငါသွား ဖျော်ပေးလိုက်ဦးမယ်နော်၊ နင့်ဖို့လည်း တစ်ခွက် ဖျော်လာ ပေးမယ်"

"ငါမသောက်ချင်ပါဘူး၊ သူလည်း မသောက်ချင်ဘဲ တမင် ခေါ်ခိုင်းနေတာ၊ နင်သွားလုပ်မပေးနဲ့ ..."

"မေရေ ... ကိုကို ရေဆာလှပြီ"

"ဟော ... ခေါ်နေပြီ၊ လာပြီ ကိုကိုရေ၊ လာပြီ ..."

မေက ချိုကို့နားက ထွက်ခွာဖို့ ခြေလှမ်းပြင်တော့ ချိုကိုက မေ့လက်ကို တအားဆွဲထားရင်း ...

"မသွားနဲ့လို့ ငါပြောနေတယ်နော်"

ဟု ပြောလိုက်ချိန်တွင် ကိုကိုက မေတို့ နှစ်ယောက် ရှေ့မှာ မားခနဲ လာရပ်လိုက်ရင်း ...

"ခင်ဗျား သူ့လက်ကို ခုလွှတ်လိုက်ပါ ချိုကို ..."

ချိုကိုက ပြည့်မင်းကို မထီတရီကြည့်ရင်း မေ့လက် ကို မလွှတ်ဘဲ နေနေသည်။ ကိုကိုကလည်း မေ့လက်တစ်ဖက်ကို လှမ်းဆွဲထားလိုက်ပါသည်။

"လာ ... မေ ..."

"မသွားနဲ့ မေ ..."



www.burmeseclassic.com

www.burmeseclassic.com



"မေ ... လာလေကွာ"

"လုံးဝ မသွားနဲ့ မေ၊ သူ့ဘာသာ ဖျော်သောက်ပစေ ..."

မေ့လက်တစ်ဖက်ကို ချိုကိုကလည်း ဆွဲ၊ ကျန် တစ်ဖက်ကို ကိုကိုကလည်းဆွဲ၊ နှစ်ယောက် တစ်ပြိုင်တည်း ဆွဲနေကြတာမို့ မေ့လက်မောင်းရင်း နှစ်ဖက်ပင် ပြုတ်ထွက်သွားမလားထင်ရကာ မျက်ရည်ဝဲလာသည်။

ထိုအချိန်တွင် ချိုကိုက မေ့လက်ကို လွှတ်ပေးလိုက်တာမို့ မေ့ခန္ဓာကိုယ်က ကိုကို့ရင်ခွင်ဆီသို့ ပြုန်းခနဲ ငိုက်ကျသွားသည်။ ကိုကိုက မေ့ကို ဖေးမထွေးပွေ့ထားလိုက်ချိန်တွင် ချိုကိုက လက်ပိုက်လျက် မေတို့ကို မချိုမချဉ်အပြုံးဖြင့် စိုက်ကြည့်လိုက်ရင်း ...

"မဟော်သဓာ တရားစီရင်ခန်းတွေထဲက သားတရားစီရင်ခန်းကို သိတယ်မဟုတ်လား၊ အမေရင်းနဲ့ ဘီလူးမက ဟန်ဆောင်ထားတဲ့ အယောင်ဆောင် အမေနဲ့ ကလေးကို ဝိုင်းလုလိုက်ကြတာ နောက်ဆုံးတော့ ကိုယ့်ကလေးကို တကယ်ချစ်တဲ့ အမေရင်းကပဲ ကလေးနာကျင်မှာစိုးလို့ လွှတ်ပေးလိုက်ရတာပဲလေ၊ နင် အခု သိပြီလား မေ၊ ဘယ်သူက နင့်အပေါ် သွာတယ်၊ မသွာဘူးဆိုတာ နားလည်ပြီ မဟုတ်လား ..."

စိုး မိုး တ ပေ



ပြည့်မင်းသည် တတ်လည်းတတ်နိုင်တဲ့ ချိုကို့ကို ဓာတ်ပျက်စွာ စိုက်ကြည့်လိုက်မိရင်းက ဟွန့်ခနဲ ခနိုးခနဲ့ ရယ်ပြလိုက်ရင်း ...

"သူများ လင်မယားကြားမှာ သွေးခွဲမနေနဲ့၊ ကျုပ်မိန်းမ ကျုပ် နာအောင် ဆွဲနေတာမဟုတ်ဘူး၊ ကျုပ်က မေ့ကို ခင်ဗျားထက် အဆတစ်ရာမက သာအောင် ချစ်တယ်"

"ရှင့်အချစ်က ရယူလိုမှုတွေ အများကြီး ပါတယ်လေ၊ သူငယ်ချင်း အချစ်လောက် မသန့်စင်ပါဘူး"

"တော်ကြပါတော့ ... မေ ခေါင်းတွေမူးလာလို့ပါ၊ တောင်းပန်ပါတယ်"

"မေ ... ခေါင်းမူးနေရင် ခဏလေး နားနားနေနေ ထိုင်နေလိုက်ဦးလေ၊ မေ့ဖို့ သံပရာရည်တစ်ခွက် ကိုကို ဖျော်ယူလာပေးမယ်"

ပြည့်မင်းက မီးဖိုချောင်ဘက်သို့ ချာခနဲ ဝင်သွားပြီး မေကတော့ မျက်လုံးလေး မှိတ်၍ ငြိမ်သက်ကျန်ခဲ့သည်။ ဒီနေရာမှာ ချိုကိုက သိပ်မကျေနပ်ပေမယ့် ဘာမှမတတ်နိုင်ပါ။ အအေးတွေ ဘာတွေလည်း အရသာရှိအောင် ချိုကို မဖျော်တတ်ပါ။ အမြဲတမ်း မေကပဲ ဖျော်တိုက်လာခဲ့တာ ...။

စိုး မိုး တ ပေ

www.burmeseclassic.com

www.burmeseclassic.com



ချိုကိုသည် မေက ပြည့်မင်းကို ဂရုစိုက်တိုင်း၊ ပြည့်မင်းက မေ့ကို ဂရုစိုက်တိုင်း မခံချိမခံသာ မနာလိုတွေ ဖြစ်နေရပါသည်။ ပြည့်မင်းကိုလည်း နည်းနည်းလေးမှ ကြည့်မရ ဘဲ မျက်မုန်းကျိုးနေသည်။

ချိုကိုကိုက မေတို့နှစ်ယောက်နဲ့ ဆေးရာသို့ သွားကာ အလုပ်သမားတွေကို ညွှန်ကြားပေးနေလိုက်သည်။ ပြည့်မင်းကလည်း ချိုကိုနဲ့ ခပ်ဝေးဝေးမှာသာ သတိထားရှောင်ရှားနေသည်။ မေက တော့ နှစ်ယောက်ကြားမှာ အရိပ်အခြည်အကဲခတ်ရင်း ရန်ပွဲဖြစ် ပေါ်မလာအောင် မသိမသာ စောင့်ကြပ်ကွပ်ကဲနေရလေသည်။

ပစ္စည်းတွေအားလုံး သိမ်းဆည်းပြီးတော့ ပစ္စည်းတွေ ချည်းတင်သည့် ကားနှစ်စီးနှင့် အလုပ်သမားတွေက ရှေ့ကသွား နှင့်ပြီး ပြည့်မင်းကားနှင့် ချိုကို့ ဂျစ်ကားက ရှေ့ဆင့်နောက်ဆင့် ထွက်ခွာဖို့ ဘီးစလိမ့်လိုက်ချိန်တွင် ချိုကို့အော်သံက ဆူးဆူးရှရှ ပေါ်လာပါသည်။

“ဟိုး ... ဟိုး၊ ခဏလေး ... ခဏလေး၊ မေရေ ကျန်ခဲ့ပြီ၊ ငါ့ဟာ ကျန်ခဲ့ပြီ ...”

“ဟာကွာ ... ဘာဖြစ်ရပြန်ပြီလဲကွာ၊ မေ ... မေ့သူငယ်ချင်း က မြွေပဲကွာ ...”





“သူ့ပစ္စည်းတစ်ခုခု ကျန်ခဲ့လို့နေမှာပေါ့ ကိုကိုရယ်၊ ကား ရပ်ပေးလိုက်ပါ”

“မရပ်ဘူးကွာ၊ တစ်နေ့လုံးလည်း လုပ်ရကိုင်ရတာ မောနေ ပြီ၊ စိတ်လည်းပင်ပန်း၊ လူလည်းပင်ပန်း၊ သယ်ရတာက လည်း မေ့ပစ္စည်းက နည်းနည်း၊ သူ့ပစ္စည်းက များများ”

ပြည့်မင်းက နောက်ကြည့်မှန်မှတစ်ဆင့် လှမ်းမြင် နေရသော ချိုကို့ရဲ့ ကွတတနှင့် ခုန်ဆွဆွပုံစံကို ဥပေက္ခာပြုရင်း ကားကို ဆက်မောင်းလာခဲ့သည်။

မရပါ။ ချိုကို့ကို ဒါမျိုးလုပ်လို့တော့ မရပါ။

ချိုကိုက ချက်ချင်း သူ့ဂျစ်ကားပေါ် ပြန်တက်မောင်း ကာ ပြည့်မင်းကားရှေ့သို့ ကျော်တက်၍ ပိတ်ရပ်ပစ်လိုက်သည်။

“ဟာ ... ရိုင်းလှချည်လားကွ ...”

ပြည့်မင်းက ကားကို အမြန်ဘရိတ်အုပ်၍ ရပ်လိုက် ပြီး ကားပေါ်မှ ဒေါသဖြင့် ဆင်းလိုက်သည်။ မေကလည်း ရန်ဖျင် ဖို့ အူယားဖားယား လိုက်ဆင်းလာသည်။

“ကိုကို ... မေ တောင်းပန်တယ်၊ ရန်မဖြစ်ကြေးနော်၊ ကိုကို ဘာဖြစ်တာလဲ ...”

“ဘာဖြစ်ရမှာလဲ၊ နင့်လူက ငါ့လှမ်းအော်နေတာ ကြား

www.burmeseclassic.com



ရက်သားနဲ့ ကားရပ်မပေးတော့ မရပ်ရပ်အောင် လုပ်ရတာပေါ့၊ ငါ့အရေးကြီးတဲ့ ငါ့ပစ္စည်းတစ်ခု ကျန်ခဲ့လို့ ပြန်ယူပေးဖို့ ပြောမလို့ …”

“ဘာပစ္စည်းလဲ …”

“လက်ဝှေ့ထိုးတဲ့ သဲအိတ် …”

“ဩော် … အဲ့ဒါကြီးလား၊ အဲ့ဒါကြီးပါ ယူမှာလား”

“ယူမှာပေါ့ … ၊ အဲ့ဒါက မရှိလို့မဖြစ်ဘူး၊ ငါ အမြဲလေ့ကျင့်နေတာ နင်သိသားပဲ၊ အဲ့ဒါကို ငါ့တစ်ယောက်တည်း မမနိုင်လို့ နင့်ယောကျ်ားကို သွားသယ်ခိုင်းမလို့ဟာ …”

“နင်နဲ့ငါ နှစ်ယောက်အတူ သွားသယ်မယ်လေဟာ”

“နင် သယ်စရာလား မေ၊ နင့်ရှေ့မှာ နင့်ယောကျ်ားသန်သန်မာမာကြီး တစ်ယောက်လုံး ရှိနေတာ၊ သူ့သယ်ခိုင်းပေါ့၊ ဒီလောက်လေးတောင် အားမကိုးရဘူးလား”

မေသည် စိတ်ညစ်ညစ်နှင့် ခေါင်းတစ်ချက် ကုတ်လိုက်မိပြီး ခါးထောက်ရပ်ကြည့်နေသည့် ကိုကို့ထံ ပြန်လျှောက်လာကာ …

“ကိုကို … တစ်ခုလောက် ကူညီနိုင်မလားဟင်”

“မေ့ကိစ္စလား၊ ဟိုကောင့် ကိစ္စလား”





“အတူတူပဲပေါ့ ကိုကိုရယ်၊ မေတို့နှစ်ယောက် အတူနေခဲ့တဲ့ အိမ်က ပစ္စည်းဆိုတော့ မေနဲ့လည်း ဆိုင်တာပေါ့၊ ပစ္စည်းလေးတစ်ခု ကျန်ခဲ့လို့ သွားသယ်ပေးနိုင်မလားလို့ပါ”

“ဘာပစ္စည်းလဲ …”

“လက်ဝှေ့ထိုးတဲ့ သဲအိတ် …”

“ဘာ … အဲ့ဒါကြီးက ဘယ်သူ့ဟာလဲ၊ ဘာလုပ်တာလဲ”

“ကိုကို … အဲ … ချိုကို အမြဲ လက်ဝှေ့ထိုးကျင့်တဲ့ ပစ္စည်းပါ”

“အမလေးဗျာ … မိန်းမတန်မဲ့ လက်ဝှေ့ထိုးသတဲ့”

“အမလေး … တိုးတိုးပြောပါ ကိုကိုရယ်၊ သူ့ကို မိန်းမမိန်းမလို့ သွားမပြောစမ်းပါနဲ့၊ ပြဿနာတက်မှာ ကြောက်လွန်းလို့ပါ၊ ကိုကို သယ်ပေးမဲလား၊ မသယ်ပေးဘူးလားပဲ ပြောပါ”

“သူ့ဘာသာ သယ်ပစေပေါ့၊ လက်ဝှေ့ထိုးနိုင်လောက်အောင် ကျားကျားလျားလျား ဖြစ်နေမှပဲ၊ သဲအိတ်တော့ သူနိုင်မှာပေါ့ …”

“မသယ်ပေးချင်လည်း နေတော့ ကိုကိုရယ်၊ မေပဲ သွားသယ်ပေးလိုက်တော့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မေက ဘာလို့သယ်ရမှာလဲ၊ မသယ်ရပါဘူး"

"မေ စိတ်ညစ်လာပြီ ကိုကိုရာ၊ ကိုကိုတို့နှစ်ယောက်ကြားမှာ မေ ရူးချင်လာပြီ"

"ကဲ ... ကဲ ... စိတ်မညစ်ပါနဲ့၊ မေတော့ မသယ်နဲ့၊ ကိုကိုပဲ သယ်ပေးလိုက်တော့မယ်၊ ဟိုကောင့်ကို စေတနာရှိလို့တော့ မဟုတ်ဘူး၊ မေ့ကို သနားလို့ ..."

ကိုကိုက မကျေမနပ်ပြောပြီး ချိုကို့ သဲအိတ်ကြီးကို သယ်ဖို့ အိမ်ဘက်သို့ ပြန်လျှောက်သွားသည်။ ခဏနေတော့ သဲအိတ်ကြီးကို ထမ်းလျက် ပြန်ထွက်လာပြီး ကားနောက်ခန်းထဲသို့ ဒေါသတကြီး ပစ်ချလိုက်ပါသည်။ နောက်မှ ပြေးလိုက်လာသော ချိုကိုက ပြည့်မင်းကို တစ်ချက်စွေကြည့်လိုက်ရင်း ...

"ဖြည်းဖြည်းချတာ မဟုတ်ဘူး"

"ဖြည်းဖြည်း မချဘဲ ပစ်ချတော့ ဘာဖြစ်လဲဗျာ၊ ခင်ဗျားတောင် လက်သီးနဲ့ ထိုးထိုးနေတဲ့ဟာကို ကျုပ်က ယုယုယယ သယ်လာပေးရမှာလား"

"ကဲ ... ကိုကိုရေ ... ၊ လာ ... လာ သွားကြမယ်၊ ရှေ့ကကားက ရောက်နှင့်နေရင် ပစ္စည်းတွေချဖို့က မေတို့ အိမ်တံခါးဖွင့်ပေးမှဖြစ်မှာ၊ ကိုကို ... နင်လည်း ငါတို့ကားနောက်က မောင်းလိုက်လာတော့ ..."





မေက ကြားဝင်ပြောကာ မြန်မြန်လှည့်ထွက်ပေးလိုက်တော့မှ ချိုကိုက ကိုကို့ကို စောင်ပေပေကြည့်ရင်း သူ့ကားဆီ လျှောက်သွားသည်။ ကိုကိုကလည်း ချိုကို့ကို ပေစောင်းစောင်းကြည့်ရင်း ကားရှေ့ခန်းသို့ လျှောက်လာသည်။

မေကတော့ ရှေ့ရေးကို ရင်လေးလွန်းတာမို့ သက်ပြင်းကြီး တစ်ချက်ကိုသာ ဟင်းခနဲ ချလိုက်နိုင်လေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



(၄)

✤ ✤ ✤

ချိုကိုနှင့် မေတို့ရဲ့ ပစ္စည်းတွေအားလုံး ပြည့်မင်းအိမ်သို့ ရောက်ရှိသွားပြီး နောက်တွင် ချိုကိုသည် ပြည့်မင်းအိမ်ကို ကိုယ့်အိမ်ကိုယ့်ရာလို သဘောထားလိုက်လေသည်။

ချိုကိုတို့ ရောက်မလာခင်က ဒီအိမ်မှာ ပြည့်မင်းနှင့် အဖော်ကောင်လေး တစ်ယောက်သာ နေသည်။ ပြည့်မင်း မိဘတွေက နိုင်ငံခြားမှာ ...။ ပြည့်မင်းကတော့ ဟိုကိုလိုက် မသွားဘဲ ဒီမှာပဲ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလေးတစ်ခုနှင့် အခြေကျ ကျန်ရစ်ခဲ့တာ ဖြစ်သည်။

ချိုကိုသည် ပြည့်မင်းအိမ်သို့ ရောက်တာနှင့် အိမ်ရှေ့ အိမ်နောက် နှံ့စပ်အောင် လျှောက်ကြည့်ပြီး ပြည့်မင်းတပည့်လေး ဖိုးပုကိုခေါ်ကာ လက်ညှိုးတညွှန်ညွှန်ဖြင့် ခိုင်းတော့သည်။





“ဖိုးပု ... လာ ... ဒီပန်းအိုးပုံတုံးကြီးကို စတိုခန်းထဲ သွားထည့်လိုက်၊ ဟိုသေတ္တာထဲက ပန်းအိုးကိုထုတ်ပြီး ဧည့်ခန်းထောင့်မှာ ချ ...၊ ပြီးရင် ဒီက ဆိုဖာတွေကို ဟိုဘက်ထောင့်ကိုရွှေ့ ...၊ တီဗီရှေ့မှာ နေရာကျယ်ကျယ်ထားလို့ရအောင် စားပွဲကိုပါ ဆောကပ်ထားလိုက်၊ ငါက တီဗီကြည့်ရင် ကော်ဇောပေါ်မှာ ထိုင်ပြီး ကျယ်ကျယ်ဝန်းဝန်း ခြေဆန့်လက်ဆန့် ကြည့်ရမှ ကျေနပ်တာ၊ ပြီးတော့ သီချင်းနားထောင်ရင်း နည်းနည်း တွန့်ချင် ကချင်လာရင်လည်း အဆင်ပြေမှ ဖြစ်မှာ ...၊

“ဧည့်ခန်းထဲက ပစ္စည်းအထားအသိုကလည်း တော ဆန်လိုက်တာ၊ သူကြီးသားအိမ်ဧည့်ခန်းကျနေတာပဲ၊ အကုန်ပြောင်းပစ်မှဖြစ်မယ်၊ ဖိုးပုရေ ... လာ ... ဒါတွေအားလုံး ဝဲပစ်လိုက် ...”

“ဟာ ... ဟော့”

ပြည့်မင်းသည် ချိုကို့လုပ်ရပ်တွေကို သည်းမခံနိုင်တော့သည့်အဆုံးမှာ လက်ထဲက မ,လက်စ ပစ္စည်းတွေကို ပြန်ချထားခဲ့ပြီး ဧည့်ခန်းထဲသို့ တလွှားလွှား ဝင်လာခဲ့ကာ ...

“နေစမ်းပါဦး ... အားလုံးဝဲပစ်ခိုင်းရအောင် အဲ့ဒါ ဘယ်သူ့ပစ္စည်းမို့လို့လဲ ...”



www.burmeseclassic.com

www.burmeseclassic.com



"မေ့ ပစ္စည်းလေ ..."

"ဒါ ... ကျုပ်ဝယ်ထားတဲ့ ပစ္စည်း ..."

"ဟော ... ကြည့်၊ စိတ်ရင်းက ပေါ်လာပြီ၊ မေရေ... နင့်ယောကျ်ားကတော့ သူ့ပစ္စည်းကို သူ့မိန်းမပိုင်တယ်လို့ သဘောမထားနိုင်ဘူးတဲ့ဟေ့၊ နင်တော့ ခက်ဦးမယ်၊ ဒီပုံအတိုင်းဆို သူ့ရှာစာ အကုန် နင့်ကိုမအပ်ဘဲ ချုံထားမယ့် ပုံပဲဟေ့ ..."

ချိုကို့ အော်ပြောသံကြောင့် မီးဖိုချောင်ထဲမှာ စားဖို့သောက်ဖို့ ပြင်ဆင်နေသော မေက ဧည့်ခန်းထဲသို့ ကမန်းကတန်း ပြေးထွက်လာကာ ...

"ဘာလဲ ... ဘာဖြစ်ကြပြန်ပြီလဲ"

"ဒီမှာကြည့်စမ်းပါဦး မေ ... ကိုကိုကြိုက်လို့ ဝယ်ထားတဲ့ antique(ရှေးဟောင်း)ပစ္စည်းလေးတွေ ဧည့်ခန်းထဲမှာ ထားထားတာကို အကုန်လွှင့်ပစ်ခိုင်းနေတယ်၊ တစ်အိမ်လုံး သူ့အိမ်သူ့ရာလို မွှေနှောက် ခြယ်လှယ်နေတာ လုံးဝကြည့်မရတော့ဘူး၊ ကိုကို့ဧည့်ခန်းထဲက ပန်းအိုးကိုလည်း စတိုခန်းထဲသွားထားခိုင်းပြီး သူ့ပန်းအိုးကို အစားထိုးလိုက်သေးတယ်"

"ခင်ဗျား ပန်းအိုးကြီးက ယွန်းပန်းအိုးကြီးမို့လို့ဘောကျနေလို့ ကြည့်မရဘူးဗျာ"





"ဟဟ ... ရယ်စရာကောင်းလိုက်တာ၊ မင်းကမှ ဘောကျတာ၊ အဲ့ဒီ ပန်းအိုးက ဘယ်လောက်တန်တယ်ထင်လဲ၊ တစ်သိန်းခွဲတန်တယ်၊ ပုဂံက အိတ်စပို့ကွာလတီ ယွန်းထည်ဆိုင်က ဝယ်လာတာ၊ သူဌေးမှ သုံးနိုင်တာ၊ မင်း ကြွေပန်းအိုးကဖြင့် သူတန်လှ တစ်သောင်းပေါ့၊ လူတိုင်းသုံးနိုင်တယ်၊ အပေါစားမှန်းကြည့်ရုံနဲ့သိတယ်၊ ဒါမျိုးကို ပြည့်မင်းဧည့်ခန်းမှာ မထားဘူး ... ဝဲပစ်လိုက်၊ ဖိုးပု ... လာ ... လာ ဒီပန်းအိုးကို ဝဲပစ်လိုက်စမ်း ..."

"ဘာလို့ပစ်ရမှာလဲ၊ ဖိုးပု ... နင် ပစ်ဝံ့ပစ်ကြည့် ငါနဲ့တွေ့မယ်"

"ဒေါက် ... ဒေါက် ... ဒေါက် ... ဒေါက်"

တစ်ယောက်တစ်ပြန်အော်ဟစ်နေသော အသံများကို မေက ဒေါက်ဒေါက်အသံများဖြင့် ရပ်တန့်စေလိုက်ရသည်။ မေသည် လက်ထဲမှာ ကိုင်လာသည့် ထမင်းအိုးခပ်သည့် ယောက်မဖြင့် ပြည့်မင်းနှင့် ချိုကို့ကြားက စားပွဲကို တဒေါက်ဒေါက် အဆက်မပြတ် ခေါက်လိုက်ပြီး ...

"အဲ့ဒီက ငြင်းကြ ခုန်ကြတာကို ရပ်မလား၊ ဒါမှမဟုတ် မေပဲ တစ်နေရာရာကို ထွက်သွားလိုက်ရမလား ..."



www.burmeseclassic.com

ဟု မေးလိုက်တော့မှ နှစ်ယောက်စလုံး ပါးစပ်ပိတ်သွားလေသည်။

"ဖိုးပု … လာ … ခြံထဲမှာ ငါ့ လက်ဝှေ့အိတ်ကို ဆင်ပေးစမ်း"

ချိုကိုသည် ဒေါသတကြီးဖြင့် သူ့လက်ဝှေ့အိတ်ကြီးကို သွားဆွဲထုတ်လိုက်ပြီး ဖိုးပုရှေ့သို့ တရွတ်ဆွဲယူလာသည်။

"တကတည်းဗျာ … သူများ တပည့်ကို သူချည်းခိုင်းနေတော့တာပဲ …"

ပြည့်မင်းက မကျေမနပ် ရေရွတ်ရင်း အိမ်ထဲလှည့်ဝင်လာသည်။ မေက ကိုကို့ကို အခန်းထဲသို့ ဆွဲခေါ်လာကာ အခန်းတံခါးပိတ်လိုက်ရင်း …

"သည်းခံလိုက်ပါ ကိုကိုရယ် နော် …၊ သူက သူ့အိမ်မှာလည်း ဒီလိုပဲ နေတတ်တာ၊ မေလည်း သူ့အိမ်ကို မေ့အိမ်လို သဘောထားပြီး နေခွင့်ရခဲ့တာ၊ ဧည့်ခန်းထဲက ဆိုဖာတွေ ရွှေ့တာလည်း ပြောမနေပါနဲ့တော့၊ မေတို့ အိပ်ခန်းထဲမှာလည်း တီဗီရှိတာပဲ၊ သူက ဧည့်ခန်းထဲက တီဗီကိုကြည့်ရင် မေတို့က အခန်းထဲမှာကြည့်လို့ရတာပဲ၊ ကိုကို စိတ်တိုတာတော့ မေ နားလည်ပါတယ်၊ ဒါပေမယ့် မေ့မျက်နှာကို ထောက်ပြီး သည်းခံပေးပါ ကိုကိုရယ် နော်"





မေက ပြည့်မင်းလက်မောင်းကိုဖက်ကာ ပါးကလေးင်ရင်း ဖျောင်းဖျောင်းဖျဖျ ပြောသောအခါ ပြည့်မင်းက သက်င်းချလျက် မေ့ခန္ဓာကိုယ်လေးကို ပွေ့ထားလိုက်ရင်း …

"မေ့ကြောင့် ကိုကို ဒီလောက်သည်းခံနေတာပေါ့ မေရယ်၊ ကိုကို့စိတ်နဲ့ဆို ဒီကောင် မလွယ်ဘူးပဲ …"

"မေကို့ ငဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုကိုရယ်"

မေက ပြည့်မင်းရဲ့ မေးဖျားကို ခြေဖျားထောက်ပြီး ာ့နမ်းလိုက်သည်။ ပြည့်မင်းရဲ့ ဒေါသတွေက မေ့ရဲ့ ချစ်စရာင်းလှတဲ့ အနမ်းကလေးမှာ သာယာကြည်နူးပျော်ဝင်သွားကာ နှုတ်ခမ်း ဆံစလေးကို ငုံ့နမ်းလိုက်မိလေသည်။

ခဏကြာတော့မှ မေက ပြည့်မင်း အဝတ်အစား ပို့၊ ရေချိုးဖို့တွေ စီစဉ်ပေးပြီး …

"ကိုကို ရေချိုးတော့နော်၊ ကိုကို ရေချိုးပြီးရင် စားဖို့ မေ အဆင်သင့် ပြင်လိုက်ဦးမယ်"

ဟုပြောကာ အခန်းထဲမှ ထွက်သွားသည်။

ပြည့်မင်းက အင်္ကျီချွတ်လိုက်ပြီး ရေချိုးခါနီးမှာ ယ်လက်လှုပ်ရှား အနည်းငယ်လုပ်လိုက်သည်။ ပြီးမှ လေကောင်း သသန့်ရှူရန် ပြတင်းတံခါးကို တွန်းဖွင့်လိုက်ရာ …



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



"သေစမ်း ... သေစမ်း ... သေစမ်း"

"ဘုတ် ... ဘုတ် ... ဘုတ်"

"ဟာ ..."

ပြည့်မင်းသည် ထိုမြင်ကွင်းကိုကြည့်ရင်း ဒေါ
ထွက်လွန်းလို့ ကြက်သေသေသွားသည်။ မြင်းကွင်းမှာ ချိုကို
လက်ဖွေ့အိတ်ကြီးပေါ်မှာ 'ပြည့်မင်း' ဟု စာလုံးဖြူကြီးဖြင့် ရေး
ထားပြီး ထိုအိတ်ကို သဲကြီးမဲကြီး ထိုးနှက်နေခြင်းတည်း ...

"တောက် ..."

"ဒုန်း ..."

ပြည့်မင်းက တောက်တစ်ချက်ခတ်လိုက်ရင်း ပြတင်း
တံခါးကို အသံမြည်အောင် ဆောင့်ဆွဲပိတ်ပစ်လိုက်လေသည်။

အပြင်မှာတော့ အသံတွေ အဆက်မပြတ် ထွက်ပေါ်
နေဆဲပင်တည်း။

"သေစမ်း ... သေစမ်း"

"ဘုတ် ... ဘုတ် ... ဘုတ်"

◆ ◆ ◆





(၅)

✤ ✤ ✤

ထမင်းစားချိန်သို့ ရောက်ပါပြီ ...။

ချိုကိုသည် ဒူးခေါင်းလောက် ဘောင်းဘီပွပွနှင့်
ဒိုင်ရှပ်ပွပွကိုဝတ်ကာ ထမင်းစားခန်းထဲသို့ ရုပ်ပါ ခြေလှမ်းများဖြင့်
ပြည့်မင်းထက်အရင် ဝင်ရောက်လာပါသည်။

"အားပါး ... ဟင်းနံ့လေးက မွှေးလိုက်တာကွာ၊ မေရေ
ဘာချက်လဲ၊ ဗိုက်ဆာတယ်၊ မြန်မြန်လေး ကျွေးပါတော့"

ချိုကိုက မေ့ကိုလှမ်းပြောရင်း စားပွဲထိပ် အိမ်ထောင်
ဦးစီး ထိုင်ခုံမှာ အခန့်သားဝင်ထိုင်လိုက်ပါသည်။

မေသည် ချိုကို့လုပ်ပုံကြောင့် ပြုံးသနာတက်တော့
မှာကို ကြိုးသိလိုက်တာမို့ ချိုကို့နားသို့ အပြေးကလေးဖြင့် ကပ်
သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ..."

"အင့်ဟင် ..."

"အဲ ... အဲဒီခုက ကိုကို ထိုင်မယ့်ခုံ ..."

"အင်းလေ ... အခုလည်း ကိုကို ထိုင်နေတာပဲ"

ချိုကိုက မေ့ကိုမကြည့်၊ မေ ချပေးလိုက်သည့် ဟင်းပွဲထဲကို ဇွန်းဖြင့် မွှေနှောက် ကြိုက်ရာရွေးပြီးမှ တစ်တုံးခပ်၍ မြည်းရင်း ပြန်ပြောလိုက်သည်။

"ငါပြောတဲ့ ကိုကိုက ငါ့ယောကျ်ားကို ပြောတာ၊ သူလာရင် အဲဒီမှာ ထိုင်မှာ ..."

"ခုံပဲ ... ဘယ်သူထိုင်ထိုင် မဖြစ်ဘူးလား၊ သူက ဘာမို့လဲ ..."

"သူက အိမ်ထောင်ဦးစီး၊ အိမ်ဦးနတ်လေဟယ်"

"ဘာလဲ ... သူက စီးပွားရှာတဲ့သူမို့လို့ အိမ်ထောင်ဦးစီးနေရာ ထားရတာလား၊ ဒါဆို ဒီအိမ်ရဲ့ အိမ်စရိတ်အားလုံးကို ငါတာဝန်ယူလိုက်မယ်၊ အဲဒါဆို ငါ ဒီခုံမှာထိုင်လို့ ဖြစ်ပြီမဟုတ်လား"

"ခက်ပါလား ကိုကိုရယ်"

"မခက်ပါဘူး မေရယ်"





ချိုကိုက ပြောရင်း ဟင်းတစ်တုံး ခပ်၍ မြည်းပြန်သည်။ မေကလည်း တိုးလျှိုးသံလေးဖြင့် ပြောရပြန်သည်။

"အဲဒီလိုကြီး ခပ်ခပ်စားနှင့်တာလည်း မကောင်းဘူး ကိုကိုရဲ့၊ သုံးယောက်အတူစားကြတော့မှ သူ့ပန်းကန်ထဲကို ဦးချခပ်ထည့်ပေးပြီးမှ ငါတို့ စားသင့်တာ၊ သူက ငါတို့ထက်လည်း အသက်ကြီးတယ်၊ အိမ်ဦးနတ်လည်း ဖြစ်တယ်"

"လာပြန်ပြီ ဒီအိမ်ဦးနတ် ..."

"ဟော ... ကိုကို လာပြီ၊ ကျေးဇူးပြုပြီး စကားမများဘဲ ထမင်းဖြောင့်ဖြောင့်စားပါစေ ကိုကိုရယ်နော်"

မေက ချိုကို့ကို တီးတိုးတောင်းပန်လိုက်ပြီးမှ ကိုကို့ကို ပြုံး၍ကြိုဆိုလိုက်ရင်း ...

"ကိုကို ... လာ၊ အားလုံးအသင့်ပဲ၊ ဗိုက်ဆာနေပြီလား"

"ဆာတာပေါ့ ...၊ ကိုကို့ ဇနီးလေး လက်ရာကို အားရပါးရ စား၊ ဟင် ... အဟမ်း ... ဟမ်း ..."

ပြည့်မင်းသည် ကိုယ့်ဇနီးလေးနှင့်အတူ နှစ်ကိုယ်တူ ...းတုံ့ဖလှယ်ရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ...မင်းလက်ဆုံ စားတော့မည်ဟု အားခဲ မျှော်လင့်လျက် ကြည် ...ည်နူးနူး ပြန်ပြောဆဲမှာ ထမင်းစားပွဲထိပ်မှာ အခန့်သားထိုင်



www.burmeseclassic.com

www.burmeseclassic.com



နေသော ချိုကိုကို ကို တွေ့လိုက်ရတာမို့ တမင် ထေ့ငေါ့ချောင်း ဟန့်လိုက်ရင်း ...

"ကိုကိုက ဘယ်မှာ ထိုင်ရမှာလဲ မေ ..."

မေသည် မျက်လုံးတွေတောင် ပိတ်သွားအောင် အပေါ်နှုတ်ခမ်းနဲ့ အောက်နှုတ်ခမ်း စေ့ပိတ်ဖိထပ်ပြီး မျဉ်းတဖြော င့်တည်း ကျသွားအောင် တအား ပြုံးထားလိုက်ပြီးမှ ...

"မေ့နားမှာ ထိုင်ရမှာပေါ့ ကိုကိုရဲ့ ...၊ မေလေ ကိုကို ကြိုက်တဲ့ ငါးကြင်းဆီပြန် ချက်ထားတယ် သိလား၊ ဟင်း ဟင်း ..."

"ကိုကို့ နေရာက စားပွဲထိပ်မှာ မဟုတ်ဘူးလား"

စကားလွှဲပြီး အာရုံပြောင်းပေးလို့လည်း မရပါလား မေ့ယောက်ျားရယ် ...။

မေသည် လျင်မြန်သော ဉာဏ်အဟုန်ဖြင့် တစ် ... ဟုတ်ချင်း စဉ်းစားအကြံထုတ်ကာ စတုဂံပုံ စားပွဲရဲ့ တခြား ... တစ်ဖက်ထိပ်ကို လှမ်းကြည့်လိုက်ရင်း ...

"ကိုကို့နေရာက စားပွဲထိပ်မှာပေါ့ ကိုကိုရဲ့၊ လာ ... ဒီမှာ ထိုင်လေ ကိုကို ..."

ပြည့်မင်းသည် ချိုကို့ကို မကျေမချမ်း တစ်ချက် ...





ကြည့်ရင်း စားပွဲရဲ့ တစ်ဖက်ထိပ် ချိုကိုနဲ့ မျက်နှာချင်းဆိုင်နေရာ မှာ ထိုင်လိုက်ရပါသည်။

မေသည် ခုမှ အလုံးတစ်လုံး ကျသွားတာမို့ သူတို့ ... ယောက်ကို နောက်ခိုင်းလျက် လေပူကြီးကို မှုတ်ထုတ်၊ အသက် ... ပြီးတာနှင့် ဖျတ်ခနဲ ပြန်ပြုံးကာ စားပွဲဘက်သို့ ပြန်လှည့် ... ကိပြီး ...

"ကိုကို ... ခဏလေးနော်၊ မိုက်ခရိုဝေ့ဖ်ထဲမှာ ထည့်နွှေး ထားတဲ့ ဟင်းတွေ ကျန်သေးတယ်၊ မေ သွား ယူလိုက်ဦး မယ်"

မေက တောက်တောက်တက်တက်နှင့် စက်ရုပ် ... လေးလို မီးဖိုခန်းနှင့် ထမင်းစားခန်းသို့ လူးလားခေါက်တုံ့ ... ပ်ရှားပြင်ဆင်နေသည်။

ပြည့်မင်းသည် မေ့ကို လှမ်းကြည့်ပြီးမှ ချိုကို့ဘက် ... တစ်ချက် စောင်းစွေကြည့်လိုက်ရင်း ...

"မေရေ ... မေတစ်ယောက်တည်း အလုပ်တွေ ရှုပ်နေတာ လား၊ ကူဖော်လောင်ဖက်လေးတောင် မရှိဘူးလား"

"မိုးပုကို ဈေးလွှတ်လိုက်ရတယ် ကိုကို"

"မိုးပု မရှိလည်း ရှိတဲ့လူကို မှုခိုင်းပေါ့ မေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ မေရယ်၊ ဖိုးပု မရှိပေမယ့် မေ အမြဲအားကိုးတဲ့ မေ့ယောကျ်ား ရှိသားပဲ၊ ခုခေတ်မှာ တစ်ယောက်ကိုတစ်ယောက် ချစ်ကြတယ်ဆိုရင် ယောကျ်ားအလုပ်၊ မိန်းမအလုပ် မခွဲခြားဘဲ ဒီးတူပေါင်ဖက်လုပ်နေကြရတာပဲမဟုတ်လား၊ မိန်းမသိပ်ချစ်တဲ့ ယောကျ်ားတွေဆိုရင် မိန်းမ ပင်ပန်းတာ မကြည့်ရက်ကြဘူးလေ ..."

ချိုကိုက မေ့ကိုလှမ်းအော်ပြောလိုက်သည်။ ပြည့်မင်းက ကိုယ့်ရှေ့က ရေဖန်ခွက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ညှစ်၍ 'မ'ယူ၍ အကုန်သောက်ပစ်လိုက်ပြီးမှ စားပွဲပေါ်သို့ အသံမြည်အောင် ဆောင့်ချပစ်လိုက်သည်။

ချိုကိုကလည်း အားကျမခံ ရေမော့သောက်ပြီး ပြန်ဆောင့်ချပြလိုက်သည်။

ဘုရား ... ဘုရား ... ဒီလိုလုပ်ပုံနဲ့ ဖန်ခွက်တွေ ကွဲတော့မှာပါလား ...။ အဲ့ဒီ ဖန်ခွက်တွေက သိပ်ဈေးကြီးတာ။

မေသည် ထိုအသံ နှစ်ချက်ကြောင့် လန့်ဖျပ်ရင်တုန်သွားကာ စားပွဲနားသို့ လုစ်ခနဲ ပြန်ရောက်လာပြီး ဖန်ခွက်တွေနှင့် စတီးလ်ခွက်ကို လဲ၍ ချပေးလိုက်သည်။ တစ်ယောက်ကိုတစ်ယောက် ကြည့်မရဘူးဆိုရင် အဲ့ဒီခွက်ကိုပဲ ကြိုက်သလောက်သာ





ဆောင့်ချကြပေတော့ ...။ မေလည်း ရှင်တို့နှစ်ယောက်ကို သိပ်စိတ်မရှည်ချင်တော့ဘူး။ လူလည်း ပေါင်မုန့်နှစ်ချပ်ကြားမှာ အညှပ်ခံရတဲ့ ထောပတ်လို ပြားကပ်နေပြီ။

"မေ ... ကိုကို ဘာကူရဦးမလဲ"

"ရတယ် ကိုကို၊ ပြီးပါပြီ"

ထမင်းစားပွဲရဲ့ ဟိုဘက်ထိပ် ဒီဘက်ထိပ်မှာ ထိုင်ကာ တစ်ယောက်ကိုတစ်ယောက် ရန်စောင်နေကြသူနှစ်ဦးကြားသို့ မေ ဝင်ထိုင်လိုက်ရသော်လည်း မစားခင်ကပင် လည်ပင်းနင်ချင်နေသည်။ တိုက်ပွဲခေါ်သံတွေကြားမှာ ထမင်းစားရမည့် အဖြစ်မျိုးလေ။

မေက ကိုကို ထိုင်သည့် စားပွဲထိပ်နှင့်ကပ်ရက် ဘေးဘက်ခုံမှာ ဝင်ထိုင်ပြီး ကိုကို့ပန်းကန်ထဲသို့ ငါးကြင်း တစ်တုံး ခပ်၍ ဦးချလိုက်လျှင် ...

"မေ ... ငါ့ကို အရိုးနှင်ပေးဦးလေ ..."

"ဩော် ... အေး ... လာမယ်၊ ခဏလေးနော် ..."

ပြည့်မင်းရဲ့ ဒေါသသည် လည်ချောင်းဝသို့ ဆန်တက်လာသည်။ ဘာဆိုင်လို့ ဒီအရွယ်ကြီးကို အရိုးနှင်ကျွေးရမှာလဲ၊ ကလေးလည်းမဟုတ်၊ မျက်မမြင်လည်းမဟုတ်၊ တုန်ချိအိုမင်းနေတာလည်း မဟုတ်ဘဲနဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



မေကတော့ ငါးဟင်းချက်တိုင်း အရိုးအမြဲစုးတတ်သော ချိုကို့ကို အမြဲ အရိုးနွှင်ပေးနေကျမို့ ခုမှ ငြင်းနေလို့လည်း မကောင်း၊ ကိုကို မျက်မှောင်ကြုတ်သွားတာ သိပေမယ့် ချိုကို့ကို ငြင်းလိုက်ပြန်ရင်လည်း ချိုကိုက ဘာထပြောပြီး သောင်းကျန်းရန်စမယ်မှန်း မသိတာမို့ ချို့ပန်းကန်ကို ဆွဲယူကာ အရိုးနွှင်ပေးနေလိုက်ပါသည်။

ပြည့်မင်းကလည်း ကိုယ်မိန်းမက ကိုယ့်ကို မယုယဘဲ သူ့ပဲယုယနေရတာကို ကြည့်မရနိုင်ဘဲ မျက်စိစပါးမွေးစူးလာကာ ...

"မေ ... ကိုကို လည်ချောင်းနာနေလို့ အစပ်တွေမစားချင်ဘူး၊ ကြက်သားကြော်လေး နွှင်ပြီး ထမင်းဖြူနဲ့ ဆီဆားနဲ့ နယ်ပေးပါလား"

"ဟုတ်ကဲ့ ... လုပ်ပေးမယ် ကိုကို၊ ခဏလေးနော်"

မေက ချိုကို့ ငါးကို အပြီးသတ် နွှင်ပေးလိုက်ပြီးနောက် ကိုကို့ ပန်းကန်ကိုဆွဲယူကာ ကြက်သားနွှင်ထည့်ပေးနေလိုက်ပါသည်။ ချိုကိုကလည်း ဒါကိုပဲ ကြည့်မရဖြစ်လာကာ ...

"မေ ... ကြက်သွန်ဖြူရယ်၊ ငရုပ်သီးစိမ်းရယ်၊ သံပရာသီးရယ် မရှိဘူးလား"





"ဪ ... ရှိတယ် ရှိတယ်၊ နင် ထမင်းစားတိုင်း အမြဲစားနေကျဟာ ငါချပေးဖို့ မေ့သွားတယ်၊ ခဏလေးနော်"

မေက ကိုကို့ ပန်းကန်ကို နယ်ပေးပြီးတာနှင့် မီးဖိုခန်းဘက် ထသွားကာ ချိုကိုလိုချင်တာတွေ ယူလာချပေးလိုက်သည်။

"ကြက်သွန်ဖြူက နွာပြီးသားလည်း မဟုတ်ဘူး"

"ဪ ... နွာပေး ..."

"ဝှပ် ..."

အမေ့ ..."

ပြည့်မင်းသည် သည်းမခံနိုင်တော့တာမို့ ကိုယ့်ရှေ့က ရေခွက်ကို အပြီးသတ် မော့သောက်ဆောင့်ချကာ ထမင်းစားပွဲမှ ဝုန်းခနဲ ထထွက်လာပြီး အခန်းထဲဝင်၍ ဒုန်းခနဲ တံခါးဆောင့်ပိတ်ပစ်လိုက်ပါသည်။

မေရဲ့ လည်ချောင်းဝနားဆီက ဗိုက်ထဲသို့ လျှောကျလုလု ထမင်းလုတ်သည် လျှောလျှောလျူလျူ ကျမသွားဘဲ လည်မျိုမှာ နင်တစ်ပိတ်ဆို့နေတာမို့ မေက ရေခွက်ကို ကမန်းကတန်း လှမ်းယူကာ ရေဖြင့် မျှောချနေဆဲ ...

"တွေ့လား ... ယောကျ်ားကြီးဖြစ်ပြီး စိတ်ကောက်သွား



www.burmeseclassic.com

www.burmeseclassic.com



တာ၊ နင့်ယောကျ်ားဟာ တော်တော် မရင့်ကျက်ပါလား ကွာ"

"အဟွတ် ... ဟွတ် ... ဟွတ်"

ချိုကို့စကားကြောင့် ရေဖြင့် မျောဆင်းနေသော ထမင်းလုတ်သည် ရတ်တရက် အပေါ်သို့ ပြန်ဆန်တက်လာကာ တဟွတ်ဟွတ် ချောင်းဆိုး၍ ထမင်းသီးသွားလေသည်။

ထိုအဖြစ်ဟာ တော်တော်ဆိုး၏။ မျက်လုံးတွေလည်း ပြာ၊ ထမင်းစေ့တွေက နှာခေါင်းပေါက်မှ ထွက်လာတော့မတတ်၊ နားတွေလည်းအူလျက် အသက်ရှုကြပ် မွန်ထုပြာဝေနေသည်။

"အဟွတ် ... ဟွတ် ... ဟွတ်"

"မေ ... နင် ထမင်းသီးနေတာလား"

မေက ပြန်မဖြေနိုင်ဘဲ ချိုကို့ကို လက်ကာပြခဲ့ကာ ကိုယ့်ရင်ဘတ်ကိုယ် လက်သီးဖြင့် ထုထုချရင်း ချောင်းတဟွတ်ဟွတ် ဆိုးရင်း ဧစင်သို့ ပြေးသွားလိုက်ရသည်။

နပ်တွေညှစ်၊ ချွဲတွေဟပ်ပြီးသောအခါ မေသည် ထမင်းဆက်စားဖို့ကို အလွန်တရာမှ စိတ်ကုန်သွားရပါသည်။

ထို့နောက် မေသည် ထမင်းစားပွဲကို ကျောခိုင်းကာ ကိုကိုရှိနေသော အခန်းဘက်သို့ လျှောက်လာခဲ့ရသည်။ အချိန်မီ ချော့မော့ ဖျောင်းဖျရဦးမှာမို့ပင်။





မေ အခန်းထဲသို့ ခြေတစ်လှမ်းကျွံဝင်လိုက်တာနှင့် တစ်ပြိုင်တည်းမှာပင် ဘယ်အချိန်ကတည်းက အသင့်ကြိုစောင့်နေသည် မသိသော ကိုကိုက မေ့လက်ကို ဖမ်းဆွဲခေါ်လိုက်တာမို့ မေက အခန်းထဲသို့ ငိုက်ခနဲပါသွားချိန်တွင် ကိုကိုက တံခါးကို ဝုန်းခနဲ ပြန်ဆောင့်ပိတ်ပစ်လိုက်ပြီး ...

"မေ ... ဟိုကောင် ဒီလောက်လွန်နေတာတောင် ဒီလိုပဲ ကြည့်နေလိုက်ရတော့မှာလားကွ ဟင် ... ပြောစမ်းပါဦး"

မေသည်ယောကျ်ားကိုအပြုံးကလေးဖြင့် ဖြားယောင်းခြင်း၊ မျက်နှာငယ်လေးဖြင့် အသနားခံရခြင်းတို့မှာ အသားကျစွာပင် ...

"စိတ်ကိုလျှော့ပါဦး ကိုကိုရယ်၊ ကိုကို အလိုမကျရင် မေလည်း စိတ်ညစ်ရတာပေါ့၊ မေ့မှာ ဒီ ယောကျ်ားရဲ့ မျက်နှာကိုပဲ အရိပ်လိုကြည့်နေရတာ"

ကိုကို့မျက်နှာကြော နည်းနည်းလျော့သွားတော့မှ မေက စကားဆက်ရသည်။

"သူက အရင်ကတည်းက ဒီလိုပဲ ကိုကိုရဲ့၊ ငါးဆို အရိုးစင်အောင် နွှင်မစားတတ်တော့ အမြဲ အရိုးစူးခံရတယ်"

"အရိုးမနွှင်တတ်ရင် ငါးမစားနဲ့ပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"အရိုးသား မနှင်တတ်ပေမယ့် သူက ငါးတော့ အရမ်းကြိုက်တယ်လေ၊ မစားဘဲ မနေနိုင်အောင် ကြိုက်တာ၊ သူ ငါးစားရင် မေ အရိုးနှင်ပေးရတာ အကျင့်ပါနေပါပြီ"

"အကျင့်ပါနေလည်း အဲဒီအကျင့်ကို လွှင့်ပစ်လိုက်ပေါ့၊ ဘယ့်နှယ်ဗျာ ... မေမှာ ယောကျ်ားကို ယုယရတယ်မရှိဘူး၊ သူ့ပဲယုယနေရတာ၊ ပြီးတော့ ကိုကို ထိုင်ရမယ့်နေရာမှာလည်း အခန့်သား ထိုင်နေလိုက်သေးတာ၊ မေ့မျက်နှာကြောင့်သာ ကြည့်နေလိုက်ရတာ၊ ကိုယ့်စိတ်နဲ့ကိုယ်ဆို အဲဒီ ခုံပေါ်ကနေ ဆွဲချပစ်တယ်"

"နောက်လည်း မေ့မျက်နှာကို အမြဲထောက်ထားနိုင်ပါစေလို့ မေ ဆုတောင်းပါတယ် ကိုကိုရယ်"

"အဲဒီပြဿနာကို မေ ဘယ်လိုရှင်းမှာလဲ၊ ပြောဦး ..."

"ဘာပြဿနာလဲ"

"ဟိုကောင့် ပြဿနာ၊ ဟိုကောင် ကြားဝင်ရှုပ်နေတဲ့ ပြဿနာ"

"ဘယ်လို ရှင်းရမှာလဲ ကိုကိုရယ်"

"ဒီပုံအတိုင်းဆို နောက်နေ့တွေ ကိုကို သူနဲ့ ထမင်းအတူစားရင် ထတောင်ရိုက်မိမလားပဲ၊ ကိုယ့်မိန်းမနဲ့ကိုယ်





ကြည်ကြည်နူးနူး ထမင်းစားရမယ့်ဟာ သူက ဝင်ရှုပ်နေတာ သည်းမခံနိုင်တော့ဘူး"

"ခက်တော့တာပဲ၊ သူကလည်း မေနဲ့အတူ ထမင်းစားနေကျဆိုတော့ သူတစ်ယောက်တည်း သပ်သပ်ကျွေးရင် မေ့ကို ပြဿနာရှာတော့မှာ ..."

"ဒါဆို မေက သူနဲ့ပဲ စားတော့မယ်ပေါ့"

"ကဲပါ ကိုကိုရယ်၊ စိတ်ကလည်း တိုတော်မူတတ်လိုက်တာ၊ ကိုယ့်ယောကျ်ားနဲ့ပဲ အတူတူစားမှာပေါ့ ကိုကိုရဲ့ ..."

"အဟင်း ... ဒီလိုမှပေါ့"

ကိုကိုက ကျေနပ်သွားသည်။ မေ့စိတ်ထဲမှာတော့ ချိုကိုနဲ့အတူ ပန်းကန်ဝက်စာ စား၊ ကိုကိုနဲ့အတူ ကျန်တစ်ဝက်ကို ဆက်စားမည်ဟု အစီအစဉ်ဆွဲထားလိုက်ရသည်။

"မေ ... ကိုကို ဗိုက်ဆာတယ်ကွာ"

"ဆာမှပေါ့၊ ဘာမှမှ မည်မည်ရရ မစားရသေးတာ၊ ခဏလေးစောင့်နော်၊ မေ ကိုကိုစားဖို့ နယ်ထားတဲ့ ထမင်းပန်းကန်လေး သွားယူလာခဲ့မယ်"

မေက အခန်းထဲမှ အမြန်ပြန်ထွက်လာပြီး မီးဖိုချောင်ထဲဝင်၊ ချိုကို မမြင်အောင် ထမင်းနှင့် ကြက်ကြော်ကို



www.burmeseclassic.com

www.burmeseclassic.com



နယ်ထည့်ကာ မသိမသာလေး ကွယ်ပြီး အခန်းထဲသို့ ယူလာခဲ့ရသည်။

ထို့နောက် ထမင်းတစ်ဇွန်းခပ်လျက် ကိုကို နှုတ်ခမ်းနား တေ့ပေးကာ ...

"ရော့ ... ကိုကို စား၊ သူ့ကို အရိုးနွှင်ရုံပဲ နွှင်ပေးတာ၊ ကိုကို့ကို မေက ခွံ့တောင်ကျွေးဦးမှာ ..."

မေ့အပြောကြောင့် ကိုကိုက ပီတိတွေဖြာဝေသွားကာ ပါးစပ်ဟပေးလိုက်တာမို့ မေက ထမင်းလုတ်ကို သူ့ပါးစပ်ထဲသို့ ယုယညင်သာစွာ ထိုးထည့်ပေးလိုက်ရပါသည်။ ကိုကိုက ထမင်းလုတ်ကို အရသာခံကာ တမြုံ့မြုံ့ဝါးရင်း ...

"မေလည်း စားလေ"

"မစားတော့ပါဘူး ကိုကိုရယ်"

"ဘာလဲ ... ဟိုကောင်နဲ့ အတူတူစားလာတော့ ကိုကို့နဲ့ အတူထပ်မစားနိုင်တော့ဘူးပေါ့"

"သူနဲ့အတူ မစားခဲ့ရသေးပါဘူး ကိုကိုရယ်"

"ဒါဆို ကိုကိုနဲ့ အတူစားပေါ့"

"ကဲ ... ကဲ ... စားပါ့မယ်ရှင်"

မေသည် ကိုကိုကျေနပ်သွားအောင် သူ့ကိုတစ်လုတ်





ခွံ့လိုက်၊ မေက တစ်လုတ်စားလိုက်ဖြင့် စားနေရသော်လည်း ရင်ထဲမှာတော့ ပျို့ပျို့တက်နေသည်။

အများမြင်ရင်တော့ နှစ်ကိုယ်တူ ထမင်းစားနေတဲ့ အဖြစ်ဟာ ကြည်နူးစရာကြီးပေါ့။ မေ့စိတ်ဒုက္ခကိုတော့ ဘယ်သူ သိနိုင်မလဲနော်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



(၆)

✤ ✤ ✤

"ကိုကိုရေ..."

"လာပြီ မေ..."

"လာပြီ..."

လှမ်းအော်ခေါ်လိုက်သော မေ့အသံရဲ့ နောက်မှာ ပြည့်မင်းနှင့် ချိုကိုရဲ့ ပြိုင်တူထူးသံ ပေါ်လာပြီး ပြည့်မင်းက အခန်းထဲမှ၊ ချိုကိုက စာကြည့်ခန်းထဲမှ လှစ်ခနဲထွက်လာပြီး မျက်နှာချင်းဆိုင်သွားကာ ချိုကိုက အရင် မဲ့ရွဲ့လိုက်ရင်း...

"ခင်ဗျားကိုခေါ်တာ မဟုတ်ဘူး ဦးပြည့်မင်း၊ မေခေါ်တာ ကျုပ်ကို..."

"မဟုတ်ဘူး...၊ မေ ငါ့ကိုခေါ်တာ ငါသိတယ်၊ မေ့ကို ငါ ကျွဲကောသီးခွာခိုင်းထားလို့၊ ခွာပြီးကြောင်း လှမ်းပြော မလို့နေမှာ..."





"ကျုပ်လည်း မေ့ကို လက်ဖက်သုပ်ခိုင်းထားတယ်"

ဤကား တစ်ဒုက္ခပေတည်း...။

ဒီအိမ်မှာ ထိုအခေါ်အဝေါ်က အစ ပြဿနာတက်ရော ဖြစ်နေသည်။ မေလှမ်းခေါ်လိုက်တိုင်း နှစ်ယောက်လုံး ပြိုင်တူ ရောက်လာကြ၊ ရန်စောင်ကြ၊ ပြီးတော့... စကားနိုင်လုကြ...။ ဘယ်သူကမှလည်း အလျှော့ပေးဖို့ မစဉ်းစားကြ...။

သူတို့ စကားများရင်းက မေ့ကို ပြိုင်တူလှမ်းကြည့် လိုက်ရင်း...

"မေ... ဘယ် ကိုကို ကို ခေါ်တာလဲ..."

ဟု ပြိုင်တူ မေးလိုက်ကြပြန်သည်။ မေသည် လက်ထဲက လက်ဖက်သုပ်ပန်းကန်ကို မြှောက်ပြလိုက်ရင်း...

"ချိုကိုကို့ကို ခေါ်တာ၊ လက်ဖက်သုပ်စားလို့ရပြီလို့ ပြော မလို့..."

ပြည့်မင်းက မျက်နှာထားတင်းသွားကာ...

"ကိုကိုဖို့ကရော..."

"ကျွဲကောသီး ခွာပြီး မေ မြည်းကြည့်တာ မချိုလို့ ဖိုးပုကို နောက်တစ်လုံး သွားဝယ်ခိုင်းထားတာ မရောက်သေးလို့ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"လက်ဖက်သုပ်ကတော့ အဆင်သင့်ရှိတယ်ပေါ့"

"ဟုတ်တယ် ကိုကို ... လက်ဖက်က မေလည်း ကြိုက် တယ်၊ ကြာကြာလည်း အထားခံလို့ များများဝယ်ထား တာ"

ပြည့်မင်းသည် လက်ဖက်သုပ်ပန်းကန်ကို လှမ်းယူ ကာ နွားငတ်ရေကျ စားနေသော ချိုကို့ကို တစ်ချက်ချွေကြည့် ရင်း စိတ်ထဲကနေ ‌လှောင်သရော် ရယ်သွမ်းသွေးလိုက်သည် မင်းဘာသာ ယောကျာ်းယောင် ဘယ်လိုပဲဆောင်ဆောင် လက်ဖက် သုပ်တို့ ခေါက်ဆွဲသုပ်တို့ အချဉ်ထုပ်တို့ကို ကြိုက်တတ်တဲ့ မိန်း ဗီဇက ပြတာပဲမဟုတ်လား ချိုကိုကို။

"အဟမ်း ..."

ပြည့်မင်းက ချောင်းတစ်ချက်ဟန့်လိုက်ရင်း ...

"မေ ... အဲ့ဒီကိစ္စကို ရှင်းရှင်းလင်းလင်း လုပ်ဖို့ကောင် တယ်"

"ဘာကိစ္စလဲ ကိုကို ..."

"အိမ်မှာ ကိုကိုနှစ်ယောက် ဖြစ်နေတဲ့ကိစ္စကို ပြောတာ ကိုယ့်ယောကျာ်းကိုယ် ကိုကိုခေါ်တာကတော့ သဘာ ကျပါတယ်"





ချိုကိုသည် လက်ဖက်ပန်းကန်ထဲ ခေါင်းစိုက်နေရာ က ဆတ်ခနဲ မော့လာကာ ...

"ကျုပ်ကို ကိုကိုခေါ်တာ သဘာဝမကျဘူးလို့ ဆိုလိုချင် တာလား၊ ဒီမှာ ဦးပြည့်မင်း ... ကျုပ်နာမည်က ချိုကိုကို မို့လို့ မေက ကျုပ်ကို ကိုကိုခေါ်တာ ခင်ဗျားနဲ့ မေ မတွေ့ ခင်ကတည်းက၊ ကျုပ်က ဦးတယ်၊ အခေါ်အဝေါ်ပြောင်း မယ့်ပြောင်း ခင်ဗျားကိုသာ ပြောင်းရမယ်"

"နှုတ်ကျိုးနေပြီ ... ပြောင်းမရတော့ဘူး၊ ခင်ဗျားဘက်ကို သာ ပြောင်းချင်ပြောင်း၊ ကိုကိုမခေါ်ဘဲ ချိုလို့ခေါ်လည်း ဖြစ်တာပဲ၊ ဒါမှ မိန်းမ ပီပီ ..."

"ဘာ ... ဘာ၊ ဘာ မိန်းမလဲ၊ ကျုပ် မိန်းမ မဟုတ် ဘူး"

"ထားပါတော့ ..."

"ဒီမှာ ခင်ဗျားတို့ ချစ်သူစုံတွဲတွေမှာ တခြား ခေါ်စရာတွေမှ အများကြီးရှိနေတာပဲ၊ ကိုကို မခေါ်ဘဲ မောင်တို့၊ ဒါလင် တို့၊ ကို တို့ ခေါ်ပေါ့ဗျ ..."

"လင်မယားဖြစ်ခါမှ တစ်ကပြန်စပြီး အခေါ်အဝေါ် ပြန် ကျင့်နေရမှာလား ...၊ မေကလည်း အစကတည်းက ရှင်း



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပြောဖို့ ကောင်းတယ်၊ ဒီကောင့်ကို ကိုကို ခေါ်မှန်း သိရင် ကိုယ့်ကို မခေါ်နိုင်းပါဘူး"

"ကိုကိုက အဲဒီလို ခေါ်တာပဲ ကြိုက်တယ်ဆိုလို့ မေ ဘာမှမပြောတော့တာ၊ ပြီးတော့ ကိုကိုတို့ နှစ်ယောက်နဲ့ ခုလို တစ်အိမ်တည်း နေရမယ်လို့ ကြိုမှမသိခဲ့တာ ..."

"အဲ့ဒီတော့ အခု ဘယ်လိုလုပ်ကြမလဲ ..."

မေသည် ကိုယ့်ယောက်ျားကိုရော ချိုကို့ကိုပါ တော်တော် စိတ်ကုန်လာပါသည်။ မေသည် တမင် ရွဲ့ချင်လာကာ မချိုမချဉ် ပြုံးလိုက်ရင်း ...

"ငယ်ငယ်တုန်းက အတန်းထဲမှာ နာမည်တူနှစ်ယောက် ရှိနေရင် ဆရာမ သတ်မှတ်ပေးသလိုမျိုးပဲ ခေါ်လိုက်တော့မယ်လေ၊ ကိုကို တစ်နဲ့ ကိုကို နှစ်ပေါ့"

"ဘယ်သူက ကိုကို တစ်၊ ဘယ်သူက ကိုကို နှစ်လဲ ..."

"ကျုပ်က တစ် ..."

"မဟုတ်ဘူး၊ ငါက သူ့ယောက်ျား၊ ငါက တစ် ..."

"ကျုပ်က အရင်ဦးတာ၊ ခင်ဗျားက နောက်မှ၊ ခင်ဗျားက နှစ်၊ ကျုပ်က တစ်"

"ငါက တစ်ကွ၊ မင်းက နှစ်"





"ကျုပ်က တစ်ဗျ၊ တစ်ပဲ ... တစ်ပဲ"

တစ် နှစ် ကိစ္စကို စကားဆက်များကျန်ခဲ့တာမို့ ...က သူတို့ရှေ့မှာ စိတ်ကုန်စွာ ရှောင်ထွက်လာခဲ့သည်။

ခဏကြာတော့ ကျွဲကောသီး သယ်ပြီး ပြန်လာသည့် ...းပုကို ပြည့်မင်းက လှမ်းခေါ်လိုက်ပါသည်။

"ဖိုးပု ... ခဏလာပါဦးကွ"

ဖိုးပု ရောက်လာတော့ ပြည့်မင်းက ဖိုးပုနားသို့ ...းတိုးကပ်ပြောလိုက်သည်။ ဖိုးပု ပြန်ထွက်သွားသည်။ တော် ...ာ်ကြာတော့ သံအိတ်ကြီးကို ထမ်း၍ ဖိုးပု ပြန်ရောက်လာပါ ...သည်။

"ခြံထဲမှာ ဆင်ကွာ ..."

ဖိုးပုက သံအိတ်ကို ချိုကို့ သံအိတ်နှင့် မလှမ်းမကမ်း ... ချိတ်ဆွဲဆင်ယင်ပေးလိုက်သည်။ ပြည့်မင်းက ထိုသံအိတ်ပေါ် ... 'ချိုကိုကို' ဟု စာလုံးမဲကြီးဖြင့် ရေးလိုက်သည်။

ထိုအချိန်မှ စ၍ ထိုသံအိတ် နှစ်အိတ်သည် ပြည့်မင်း ... ချိုကိုတို့ရဲ့ ဒေါသဖြေစရာ ပစ္စည်းများ ဖြစ်လာကြပါသည်။

တစ်ယောက်နှင့်တစ်ယောက် တစ်စုံတစ်ရာ မကျေ ...ပ်စရာ ကိစ္စတွေ ပေါ်လာတိုင်း တစ်ယောက်ကိုတစ်ယောက် ...ကျာခိုင်းကာ သံအိတ်များကို သဲကြီးမဲကြီး ထိုးနှက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးပုသည် ထိုနှစ်ယောက် ထိုသို့ ထိုးနက်ကြတိုင်း တော်ရာတစ်ထောင့်မှာ ကျိတ်ရယ်နေတတ်ပြီး မေကတော့ ရယ်ချင်ရင်းကပဲ ခေါင်းကိုက်နေတတ်သည်။

"သေစမ်း ... သေစမ်း"

"ဘုတ် ... ဘုတ် ... ဘုတ် ..."

ခြံထဲမှ ညာသံပေးနေကြသော အသံများနှင့် ဝေးရာဆီသို့ မေ ထွက်ပြေးချင်လှလေသည်။

◆ ◆ ◆





(၇)

✤ ✤ ✤

မေတို့ ကိုကို့အိမ်သို့ ပြောင်းရွှေ့ပြီး တစ်လအကြာတွင် မေနဲ့ ပြည့်မင်းတို့ရဲ့ မင်္ဂလာဆွေးခံပွဲကို ဆိဒိုးနားဟိုတယ်တွင် ကျင်းပမည် ဖြစ်လေသည်။

မင်္ဂလာ အခမ်းအနားကိစ္စ တိုင်ပင်နေကြဆဲ တစ်နေ့တွင် ချိုကိုက မေ့ကို တောင်းဆိုလိုက်ပါသည်။

"မေ ... ငါ သတို့သားအရံလုပ်မယ်"

"ခွိ ..."

မေ့နားမှာ ထိုင်နေသော ပြည့်မင်းထံမှ ခွိခနဲ အသံတစ်ချက် လွှတ်ခနဲ ထွက်လာတာမို့ ချိုကိုက ပြည့်မင်းကို စောင်းစွေကြည့်ရင်း ...

"ဘာရယ်တာလဲ ... ခင်ဗျားက"



www.burmeseclassic.com

www.burmeseclassic.com



"မရယ်ပါဘူး ..."

ပြည့်မင်းက ဝါးလုံးကွဲ ရယ်ချလိုက်ချင်သော မျက်နှာကြီးကို တစ်ဖက်သို့ လှည့်ထားလိုက်ရသည်။ မိန်းမကြီးကများ သတို့သားအရံ လုပ်ချင်သတဲ့ဗျာ။ အံ့ပါရဲ့ ...။

မေသည်လည်း ကိုကို့လိုပဲ ရယ်ချင်မိပေမယ့် မရယ်ရဲဘဲ ဘာပြန်ပြောရမှန်းမသိအောင် အူကြောင်ကြောင် ဖြစ်သွားသည်။

"မေ ... ဖြစ်တယ် မဟုတ်လား၊ ငါ သတို့သားအရံ လုပ်လို့ ဖြစ်တယ်မဟုတ်လား"

"အဲ ... အဲ့ဒါက ..."

မေက ချွေးပြန်ထစ်အ နေဆဲ ပြည့်မင်းရဲ့ ပြုံးဖြီးဖြီး မျက်နှာကြီးက မေတို့ဘက်သို့ ပြန်လှည့်လာကာ ...

"ဒီမှာ ... သတို့သားအရံလုပ်လို့တော့ မရဘူး၊ သတို့သမီးအရံ လုပ်ချင်လုပ်ပါလား"

"ဘာ ... ဘာ၊ ကျုပ်က ဘာကိစ္စ သတို့သမီးအရံ လုပ်ရမှာလဲဗျ ..."

သူ့ကို မိန်းမလို့ပြောရင် အနာဆုံးဖြစ်သော ချိုကိုက ဒေါသဖြင့် ဆတ်ဆတ်ခါလျက် ထအော်လိုက်သည်။





ပြည့်မင်းသည် ကိုယ့်မြင်းကိုယ် အထီးမှန်း အစ်မှန်း တကယ်မသိတာလား၊ မသိချင်ယောင်ဆောင်တာလား၊ မသိချင်တာလား မသိရပါလေသော ချိုကို့ကို တမင် ရွဲ့ချင်လာကာ

"ဒါဆို သတို့သားအရံပဲ လုပ်တော့မယ်ပေါ့"

"ဒါပေါ့ဗျ ..."

"ကဲ ... ဒါဆိုလည်း ပြီးတာပဲ၊ ခင်ဗျားနဲ့တွဲဖို့ သတို့သမီးအရံကို မိတ်ကပ်ဆရာ တစ်ယောက်ယောက်ထဲက ရှာပေးမယ်"

"ဘာ ..."

"ဟုတ်တယ်လေ၊ အဲဒီလိုမှပဲ အဆင်ပြေတော့မှာပေါ့"

"မေ ... မေ ... နင့်လူ နင်ကြည့်ပြောဦး၊ ငါ သတ်မိလိမ့်မယ်"

ချိုကိုက ဒေါသတကြီးပြောရင်း ထထွက်သွားသည်။ မေက ကိုကို့ကို မျက်စောင်းထိုးလိုက်ရင်း ...

"တတ်တယ် ...၊ သူများတကာကို နှိပ်ကွပ်တဲ့နေရာမှာတော့ ..."

"အဲဒီလိုမှ မပြောရင် ဒင်းက နောက်ဆုတ်မှာ မဟုတ်ဘူးလေ၊ ဘယ်မင်္ဂလာဆောင်မှာ မိန်းမက သတို့သားအရံ



www.burmeseclassic.com

www.burmeseclassic.com



လုပ်တယ် ကြားဖူးလို့လဲ၊ မြန်မာမှာရော ကမ္ဘာမှာရော ဘယ်မှာမှ မရှိဘူး၊ ကိုယ့်ဘဝကိုယ် အမှန်အတိုင်း မမြင်နိုင်တာလည်း အံ့ပါရဲ့ဗျာ ... ”

“ကဲ ... တော်ပါတော့၊ ကိုကို ပြောလိုက်တာနဲ့ သူလည်း ရှက်သွားမှုရပါတယ်၊ ဒီကိစ္စ ထပ်ပြောမှာ မဟုတ်တော့ပါဘူး”

တကယ်လည်း ချိုကို ရှက်သွားပုံရသည်။ နောက်နေ့တွေမှာလည်း ထိုကိစ္စကို စကားမဟတော့ပါ။

ဒီလိုနှင့် မေနဲ့ ပြည့်မင်းတို့ရဲ့ မင်္ဂလာပွဲကြီးကို အနှောင့်အယှက်မရှိ အဆင်ပြေပြေ ကျင်းပနိုင်ခဲ့ပါသည်။

ထိုသို့ အံဆင်ပြေခဲ့ပါသော်လည်း ...

◆ ◆ ◆





(၈)

✤ ✤ ✤

သူတို့နှစ်ယောက် ဟန်းနီးမွန်းခရီး ထွက်ဖို့ ရွေးချယ်ခဲ့သော နေရာမှာ ချောင်းသာကမ်းခြေ ဖြစ်လေသည်။

မေရော ကိုကိုပါ မင်္ဂလာ မဆောင်မီကပင် ဟန်းနီးမွန်း ခရီးအတွက် ကြိုတင်ရင်ခုန်နေခဲ့ကြသည်။ ကိုကိုက ဘယ်လောက် စိတ်ကူးယဉ်သလဲဆို ...

“ကိုကိုက ပင်လယ်ကို သိပ်သဘောကျတာ မေရဲ့ ... ၊ မေ့ကို ကိုကို စချစ်မိပြီဆိုကတည်းက မေနဲ့ လက်ထပ်ပြီးရင် ကမ်းခြေတစ်ခုခုကို ဟန်းနီးမွန်း ထွက်မယ်လို့ ကြိုတင် အစီအစဉ်ဆွဲထားခဲ့တာ၊ ကိုကိုတို့ရဲ့ မင်္ဂလာဦးနေ့ရက်တွေမှာ ပင်လယ်ကမ်းစပ်မှာ ထိုင်၊ မေ့ကို ရင်ခွင်ထဲမှာထားပြီး မေ့ဆံပင်က အနံ့သင်းသင်းလေးကို ရှူရင်း ပင်လယ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ငေးကြည့်နေချင်တာ ...၊ ညဘက်တွေဆိုလည်း အေးနေတဲ့ သဲသောင်စိုစိုပေါ်မှာ ဖိနပ်မစီးဘဲ မေ့လက်ကို တွဲပြီး လမ်းလျှောက်ရင်း လှိုင်းသံတွေကို နားထောင်ချင်တာ၊ မေ့ကို ချစ်တယ် ပင်လယ်ကြီးရေလို့ အသံကုန် အော်ပြောချင်တာ၊ ကိုကို့ကို ချစ်တယ်လို့ မေ အော်ပြောတဲ့ အသံကိုလည်း နားထောင်ချင်တာ"

ကိုကို စိတ်ကူး တည်ဆောက်ထားသော ဟန်းနီးမွန်းခရီးက ကြည်နူးဖွယ်အတိပြီး၏။ ကိုကို့ အပြောနဲ့တင် မေ တော်တော်ပျော်ခဲ့ရသည်။

မင်္ဂလာဧည့်ခံပွဲပြီးသွားသည်နှင့် မေတို့ရဲ့ စိတ်ကူး အစီအစဉ်ကို အကောင်အထည်ဖော်ဖို့ နှစ်ယောက်သား တက်ကြွစွာ ကြိုးပမ်းကြတော့သည်။

"ပထမဦးဆုံး အစီအစဉ်အနေနဲ့ကတော့ ဈေးဝယ်ထွက်ရမယ် ကိုကို၊ မေနဲ့ ကိုကို ဆင်တူဝတ်ဖို့၊ Beach စတိုင်လ် အဝတ်အစားတွေ ဝယ်ရမယ်၊ နေကာမျက်မှန်က ကိုကို့မှာ ရှိတယ်၊ မေ့မှာမရှိသေးဘူး၊ Gucci တံဆိပ် မျက်မှန်လှလှ လေးလည်း ဝယ်ရမယ်၊ ရေကူးဝတ်စုံလည်း ဝယ်ရမယ်"

"ဟာကွာ ... ပင်လယ်ထဲကို ရေကူးဝတ်စုံကြီးနဲ့ ဆင်းရင်





သူများတွေ ဝိုင်းကြည့်ကုန်မှာပေါ့၊ ကိုကို့ မိန်းမကို သူများ ကြည့်ကာ မကြိုက်ပါဘူး"

"ပင်လယ်ထဲ ရေကူးဝတ်စုံနဲ့ မဆင်းစေချင်လည်း ဟိုတယ်က ရေကူးကန်ထဲတော့ ဆင်းပါရစေ ကိုကိုရယ်၊ ဒါတော့ အလိုလိုက်နော် ..."

"မေ့သဘော ... မေ့သဘော ..."

"ကားက ကိုကို ကိုယ်တိုင် မောင်းသွားမှာလား"

"ဒါပေါ့ ... နှစ်ယောက်တစ်ကမ္ဘာ တည်ဆောက်ကြရမယ့် အချိန်မှာ ဒရိုင်ဘာကြီး ကန့်လန့်ကန့်လန့် မပါစေချင်ပါဘူး"

"ကိုကိုတစ်ယောက်တည်း တောက်လျှောက် မောင်းသွားရင် ပင်ပန်းနေမလားလို့"

"မေ အနားမှာပါရင် ကိုကိုကတော့ မောတယ် ပမ်းတယ် သဘောမှာ မထား xxxx"

ကိုကိုက စကားပြောရင်း သီချင်းကလေးပင် ညည်းလိုက်လေသည်။ ကိုကို့ကြည့်ရတာနဲ့တောင် တော်တော်ပျော်စရာကောင်းနေပြီ။

ကိုကိုသည် ဟန်းနီးမွန်းခရီးအတွက် အဝတ်အစား



www.burmeseclassic.com

www.burmeseclassic.com



တွေ ရွေးချယ်ပြင်ဆင်နေသော မေ့အနားလာကာ မေ့ခါးကလေးကို လှမ်းဖက်လျက် မေ့ပါးကလေးကို မွှေးလိုက်ပြန်ရင်း ...

"ကိုကိုသာ ဘီလ်ဂိတ်လောက် ချမ်းသာရင် ကိုကိုတို့ ဟန်းနီးမွန်း ထွက်မယ့် ၁၀ ရက်အတွင်းမှာ ချောင်းသာ ကမ်းခြေက ဟိုတယ်တွေ အားလုံးက ရှိရှိသမျှ အခန်းတွေ အတွက် ၁၀ ရက်စာ ငွေချေပြီး ချောင်းသာကမ်းခြေမှာ ကိုကိုတို့ နှစ်ယောက်တည်း ရှိနေအောင် စီစဉ်လိုက်မှာကွ"

"ဟွန့် ... တော်တော်ပို ..."

မေတို့နှစ်ယောက်သားမှာ ညှော်ခံပွဲပြီးကတည်းက စိတ်တွေ ပေါ့ပါးသွားကာ နှစ်ကိုယ်ကြားလေးတွေ ကြင်နာယုယ စကားဆိုလို့ မကုန်နိုင်ဘဲ ဟန်းနီးမွန်းခရီးအတွက်လည်း စီစဉ် စိတ်ကူးယဉ်နေရတာမို့ ချိုကို့ကို သတိတောင်မရချေ။ တစ်နေ့ တစ်နေ့ ဈေးဝယ်ထွက်လိုက်၊ ကိုကိုကလည်း သူ့ကားကို ခရီးဝေး အတွက် စိတ်ချရအောင် ဝပ်ရှော့မှာ ပြေး'သ'လိုက်ဖြင့် ဝင်လိုက် ထွက်လိုက် အလုပ်တွေရှုပ်နေသည်။ ဒီအတောအတွင်းမှာ ချိုကို ကလည်း သိပ်ပြဿနာမရှာလှဘဲ အလိုက်သိသိ တိတ်တိတ်ဆိတ် ဆိတ် နေပေးတာမို့ မေ့မှာ ချိုကို့ကို ကျေးဇူးတင်ရသေးသည်။

ဒီလိုနှင့် ... ဟန်းနီးမွန်းခရီး စတင်မည့်နေ့သို့ ရောက် ရှိလာပါသည်။





ထိုနေ့မနက်စောစောမှာ မေနဲ့ ကိုကိုက တီရှပ်အပြာ လွှင်လွှင်၊ အဖြူရောင် ဘောင်းဘီတို ဆင်တူနှင့် ကွင်းထိုးဖိနပ် ပံ့စံတူ ဆင်တူကိုဝတ်လျက် အိမ်ထဲမှ မြူးကြွလန်းဆန်းစွာ ထွက် လာပါသည်။

"ဖိုးပုရေ လာဟေ့ ... ဒီပစ္စည်းတွေ ကားနောက်ခန်းထဲ တင်ပေး၊ အိမ်အတွက် စိတ်ချမယ်နော် ဖိုးပု၊ နေ့လယ် လောက်ဆို မင်းအမေလည်း ရောက်မှာပဲ၊ အမေရှိတော့ စားရေး သောက်ရေးလည်း မပူရဘူးပေါ့၊ ကိုကို့ကိုလည်း ဂရုစိုက်လိုက်ဦးနော် ဖိုးပု၊ သူခိုင်းရင် မငြိုမငြင် လုပ်ပေး လိုက်၊ သူစားချင်တာလေးတွေ ပြောရင်လည်း အမေ့ကို ချက်ပေးဖို့ ပြောလိုက်ဦး၊ ဒါနဲ့ ကိုကိုတစ်ယောက် ဘယ် ရောက်နေပါလိမ့် ..."

"ဘယ် ကိုကို ကို ပြောတာလဲ မမမေ"

"ရပ်ပ်ပါ ကိုကို လေဟာယ် ..."

"ကျွန်တော်လည်း မတွေ့မိဘူး၊ မနက်တုန်းကတော့ လမ်း ထိပ် ကျောင်းရှေ့မှာ လာရောင်းတဲ့ လေမှုတ်ရပ်သည်ကြီး ဆီက လေမှုတ်လို့ရတဲ့ ရောင်စုံဘောလုံးကြီးတစ်လုံး သွား ဝယ်ခိုင်းလို့ ဝယ်ပေးလိုက်ရသေးတယ်"

"အဲ့ဒီ လေဘောလုံးက ကလေးတွေ ရေကူးရင်း ရေထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆော့လို့ရတဲ့ ဘောလုံးမဟုတ်လား၊ သူက ဘာလုပ်ဖို့ ... ဘာလုပ်ဖို့ ... ဟင် ...”

မေ့ခေါင်းထဲမှာ အချက်ပေးခေါင်းလောင်းသံ
ည်းစီသွားချိန်မှာပဲ ချိုကို့ အခန်းတံခါးတစ်ချပ်က ဖျပ်ခနဲ ပွင့်
လာလေသည်။

အခန်းတွင်းမှ ခရီးဆောင်သေတ္တာကြီးကို တွ
လျက် ဝုံကြွားစွာ ထွက်လာသူကား ချိုကိုကိုပင်တည်း ... ။
ဘောင်းဘီ တိုတိုပွပွကြီးနှင့် တီရှပ်အဖြူရောင်ကို ဝတ်ကာ
ဦးထုပ်အဖြူ ဆောင်းထားသော စတိုင်လ်ကား ကမ်းခြေတစ်ခု
သို့ ခရီးထွက်တော့မည့် စတိုင်လ်တည်း။ မေက အသည်းတထိ
ထိတ်ဖြစ်လာကာ ...

“ကိုကို ... နင် ... နင် ဘယ်သွားမလို့လဲ ...”

“ချောင်းသာလေ ...”

“ဟင် ...”

“နင်တို့ကော ဘယ်သွားကြမလို့လဲ ...”

“ချောင်းသာပဲလေ ...”

“ဟုတ်လား ... အတော်ပဲ၊ ငါ လမ်းကြုံလိုက်ခဲ့လို့ မလား”

“မရဘူး ...”





မေ မဖြေရသေးခင်မှာပင် ကိုကို့အသံကြီးက ပီသ ပြတ်သား ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ကိုကိုသည် ခြေလှမ်းကျဲကြီးဖြင့် မေတို့နားသို့ လျှောက်လာကာ ချိုကို့မျက်နှာကို တည့်တည့်ပြုံးစိုက်ကြည့်ရင်း ...

“မရဘူး ... မရဘူး၊ လုံးဝ မရဘူး၊ ထပ်မမေးနဲ့ ... လုံးဝ မရဘူး”

“ရတယ်လေ ... ဒါဆိုလည်း ဟိုရောက်မှ တွေ့ကြတာပေါ့၊ နင်တို့ ဟိုတယ်မက်စ်မှာ တည်းမှာမဟုတ်လား မေ၊ ငါလည်း အဲဒီမှာပဲ တည်းမှာ ...”

“ဒါလည်း မရဘူး ...”

ကိုကို့အသံက ဆောင့်ကြီးအောင့်ကြီး ထွက်လာပြန်သည်။ မေသည် သူတို့နှစ်ယောက်ကြားမှာ ဘာဝင်ပြောရမှန်းမသိဘဲ နှုတ်ပိတ်နေသည်။ ဒီခရီးကို ကိုကို ဘယ်လောက်ကြိုတင်စိတ်ကူးယဉ်ထားသလဲဆိုတာ သိသည်မို့ ချိုကို့ကို ‘လိုက်ခဲ့ပါလား’ ဟု မခေါ်ရဲ။ ‘ကျန်ခဲ့ပါဟယ်’ လို့လည်း မပြောရက် ... ။

“အဲ့ဒါ ခင်ဗျားပိုင်တဲ့ ဟိုတယ်လား၊ ကျုပ်ဘာသာ ဘယ်မှာ တည်းတည်း ခင်ဗျား တားမြစ်လို့မရဘူး ဦးပြည့်မင်း”

“ခင်ဗျား အဲဒီမှာတည်းရင် ကျုပ်တို့ တခြားမှာ ပြောင်းတည်းလိုက်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ကမ်းခြေရောက်မှ တွေ့တာပေါ့၊ ကျ
ချိုးတဲ့ ပင်လယ်ရေကို ခင်ဗျား မချိုးချင်ရင်တော့ ပင်လ
-ထဲ မဆင်းနဲ့ပေါ့ ..."

"တောက် ..."

ကိုကိုက တောက်တစ်ချက်ခတ်လိုက်ရင်း ကား
ပစ္စည်းတွေ သယ်တင်နေသည့် ဖိုးပုဘက်လှည့်ကာ ...

"ဖိုးပု ... အဲဒီပစ္စည်းတွေ ပြန်ချလိုက်တော့၊ ငါတို့ မသွ
တော့ဘူး ..."

"ဟင် ... ကိုကို တကယ် မသွားတော့ဘူးလားဟင်"

"မသွားတော့ဘူး"

ကိုကိုက အိမ်ထဲသို့ ချာခနဲ လှည့်ဝင်သွားတ
မေက ပျာပျာသလဲ ပြေးလိုက်သွားရသည်။

ကိုကိုက အခန်းထဲရောက်သည်အထိ ဒေါသထွ
လို့ မဆုံးနိုင်ဘဲ ...

"သွားပစေ ... သွားပစေ၊ ဒင်း အရင်သွားပစေ၊ ဒင်
ပင်လယ်တစ်ခုတည်းတောင် အတူမချိုးချင်ဘူး၊ ဒင်း
လာမှပဲ ကိုကိုတို့ အေးအေးဆေးဆေး သွားမယ်"

ဟု ပြောနေဆဲတွင် အိမ်ရှေ့ဆီက ချိုကို့အသံ
ပြည့်မင်း နားဝသို့ တိုးဝင်လာခဲ့သည်ကား ...





"ဖိုးပုရေ ... ငါ ရုတ်တရက် ဗိုက်အောင့်လာလို့ ချောင်းသာ
မသွားဖြစ်တော့ဘူး၊ ငါ့သေတ္တာ ကားပေါ် မတင်နဲ့တော့၊
ငါ့သောက်ဖို့ ဆေးသွားဝယ်ပေးဦး"

ကိုကိုသည် ပြင်းစွာသော ဒေါသဖြင့် ဂူးဂူးဝါးဝါး
ဖြစ်သွားသည်။

"တွေ့လား ... တွေ့လား ... ဒါ တမင်သက်သက် လိမ်ဆင်
မှန်း သိပ်သိသာတာပဲ၊ ဒင်း ရည်ရွယ်ချက်က ကိုကိုတို့
ကို လိုက်နှောင့်ယှက်ဖို့ပဲ၊ ကိုကိုတို့ မသွားတော့ ဒင်းလည်း
မသွားတော့ဘူး၊ အခုနေ ကိုကိုတို့ သွားမယ်ဆိုရင် ဒင်း
လည်း ချက်ချင်း ဗိုက်အောင့်ပျောက်ပြီး ထလိုက်လာမှာပဲ၊
တောက် ... အပြင်ထွက်ပြီး နားရင်းအုပ်ပစ်လိုက်ရ၊ မိန်း
ကလေးမို့လို့ ကြည့်နေတာ ..."

"ဒေါသကိုလျှော့ပါ ကိုကိုရယ်၊ သူလည်း တကယ် ဗိုက်
အောင့်တာ ဖြစ်မှာပါ"

"မဟုတ်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ မယုံရင် မေ ကြည့်နေ"

ကိုကိုက အခန်းတံခါးကို သွားဆွဲဖွင့်လိုက်ပြီး ဖိုးပု
ကို အော်ပြောလိုက်သည်။

"ဖိုးပုရေ ... ငါတို့သွားမယ်ဟေ့၊ ပစ္စည်းတွေ ကားပေါ်
ပြန်တင်တော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးပုရေ… ငါ ဗိုက်အောင့်ပျောက်သွားပြီဟေ့၊ ဆေးသွား မဝယ်နဲ့တော့ …"

"ဖိုးပုရေ ပစ္စည်းတွေ မတင်နဲ့တော့ဟေ့ …"

"ဒုန်း …"

ကိုကိုက ဖိုးပုကို ထပ်အော်ပြောလိုက်ပြီး တံခါးကို ပြန်ဆောင့်ပိတ်ကာ …

"ကြားတယ်မဟုတ်လား မေ၊ ဒင်း တမင်လုပ်နေတာကွ"

မေသည် သက်ပြင်းချရင်း …

"စိတ်လျှော့ပါ ကိုကိုရယ်၊ မေလည်း ချိုကို့ကို ပြောပါဦး မယ်"

"ပြောနေလည်း ကျွဲပါးစောင်းတီးပဲ၊ ပြောမနေနဲ့တော့၊ ကိုကို့မှာ အကြံအစည်တစ်ခု ရှိတယ်"

"ဘာအကြံလဲ …"

"နောက်တော့ သိမှာပေါ့"

ကိုကိုက ပြောပြီး ညစ်ကျယ်ကျယ်လေးပြုံး၍နေ သည်။

မေတော့ သူတို့နှစ်ယောက်ကို ဉာဏ်မမီတော့ချေ။

◆ ◆ ◆





(၉)

✤ ✤ ✤

"မေ … ထ … ထ …"

မေ့ နားဝဆီမှ တီးတိုး ခေါ်သံက မေ့အာရုံကို လှုပ်နှိုးလိုက်သည်။

မေသည် ရုတ်တရက် နိုးကြားလာကာ မျက်လုံး ဖွင့်ကြည့်မိတော့ မနက်တုန်းကအတိုင်း ကမ်းခြေစတိုင်လ် ဝတ် စားထားသော ကိုကို့ကို တွေ့လိုက်ရသည်။

"အင်ဟင် …"

မေက အိပ်ချင်မူးတူးဖြင့် ကိုယ့်မျက်လုံးတွေကို လက်ဖမိုးဖြင့် ဆွဲပွတ်လိုက်ရင်း …

"အင် … ဘာလဲ … ဘယ်အချိန်ရှိပြီလဲ၊ ဘာလုပ်မလို့လဲ၊ ကိုကို ညက အဝတ်အစား လဲမအိပ်ဘူးလား … အွတ်"



www.burmeseclassic.com

www.burmeseclassic.com



အိပ်ချင်မူးတူး ပလုံးပထွေး မေးနေသော မေ့ပါးစပ်ကို ကိုကိုက လှမ်းပိတ်လိုက်ရင်း ...

"ရှူး ... တိုးတိုး၊ ၁၂ နာရီပဲ ရှိသေးတယ်၊ ဒီအချိန် မောင်းသွားရင် မနက်ရောက်ပြီ"

"ဟင် ... ဒီအချိန်ကြီး သွားမလို့လား"

"ဟိုကောင့်ကို ဖြုတ်ချချန်ခဲ့ဖို့က ဒီတစ်နည်းပဲ ရှိတာ"

"မနက်ကျ မေတို့ သွားမှန်းသိရင် သူလိုက်လာမှာပေါ့"

"မပူနဲ့ ...၊ သူ့အဝတ်သေတ္တာကြီးကို ဖိုးပုကို ဖွက်ခိုင်းထားတယ်၊ ပြီးတော့ ကိုကိုတို့က ချောင်းသာ မသွားတော့ဘူး၊ ငွေဆောင်ပဲ သွားတော့မှာ၊ ဒီကောင်လိုက်လာလည်း လွဲမှာပဲ"

"ချိုကိုတော့ စိတ်တွေတိုနေတော့မှာပဲ"

"တိုလည်း မတတ်နိုင်ဘူး၊ ဒင်းကညစ်လို့ ပြန်ညစ်ရတာ၊ ထ ... ထ ... မြန်မြန် အဝတ်အစားလဲတော့ မေ"

ချိုကို့အတွက်တော့ မေ စိတ်မကောင်းပါ။ သို့သော် ဒီတစ်နည်းပဲရှိတာမို့ လက်မခံလို့လည်း မဖြစ်ပါ။ ဟန်းနီးမွန်းကိစ္စမှာတော့ မေ ကိုကို့ကို မဖျောင်းဖျရဲ၊ ခုနေသာ ချိုကို့ကိုပါ ခေါ်သွားဖို့ မေ ပြောမိလျှင် ကိုကို ဘယ်လောက် ပေါက်ကွဲ





ဝုန်းဒိုင်းကျဲမည်ဆိုတာ မေ မှန်းဆမိနေသည်။ ချိုကိုကလည်း ချိုကိုပဲလေ ...။

မေ အဝတ်အစားလဲပြီးတော့ ကိုကိုနှင့် လက်ချင်းမြဲမြဲတွဲကာ အခန်းတွင်းမှ ခြေဖွနင်း၍ ထွက်လာခဲ့ကြပါသည်။ ပြီးတော့ ဖိုးပုကို နှိုးမနေတော့ဘဲ ပစ္စည်းတွေကို နှစ်ယောက်အတူ မ,၍ ကားပေါ်သို့ တိတ်ဆိတ်စွာ သယ်တင်ကြသည်။

"မေ ... သတိထားနော်၊ လုံးဝ လုံးဝ အသံမထွက်စေနဲ့၊ ဟိုကောင်က နားပါးတယ်"

"ကိုကို ... ကားကို ဘယ်လိုလုပ်မလဲ၊ စက်နှိုးသံကြားရင် သူ နိုးသွားလိမ့်မယ်"

"သွား ... သွား၊ မေ ကားပေါ်တက်၊ စတီရင်ယာကို ထိန်းကိုင်ထား၊ စက်မနှိုးနဲ့၊ ကိုကို နောက်ကတွန်းပေးမယ်"

ပစ္စည်းအားလုံး သယ်တင်ပြီးသောအခါ ဘောနက်အဖုံးကို ဖွဖွလေးပိတ်၊ ကားကိုစက်မနှိုးဘဲ မေက စတီရင်ယာကိုင်ကာ ခြံပြင်ဘက်သို့ ကိုကိုက နောက်မှ တွန်းထုတ်ပေးလိုက်သည်။

"အိုကေ ..."

ကား ခြံပြင်ရောက်သွားတော့မှ နှစ်ယောက်သား လွတ်မြောက်လာသူတွေလို ခပ်ကျိတ်ကျိတ် သံပြိုင်အော်လိုက်ရင်း

www.burmeseclassic.com



ဝမ်းသာအားရ လက်ဝါးချင်း ပြေးရိုက်လိုက်ကြသည်။ ပြီးမှ မေက နေရာပြောင်းပေးပြီး ကိုကိုက မောင်းသူနေရာမှာ ဝင်ထိုင်ကာ မောင်းထွက်လာခဲ့သည်။

ကျောင်းကင်ပေါ်မှာ လက မပြည့်သေးသော်လည်း တစ်ဝက်တော့ ကျော်ပြီမို့ ဟိုင်းဝေးလမ်းမကြီးကို လရောင်အောက်မှာ မြင်နေရသည်။ ကားမှန်တွေ ချထားတာမို့ လေက တဟူးဟူး တိုက်နေသည်။

ကားကက်ဆက်ဆီမှ သီချင်းသံလေးကလည်း ကားထဲမှာ တိုးတိုးလေး ပျံ့လွင့်နေသည်။ ကိုကိုက သီချင်းလိုက်ညည်းနေသည်။ မေကလည်း ကိုကို့ ပခုံးကိုငဲ့မှီထားပြီး ကိုကိုနှင့်သံပြိုင် သီချင်းလိုက်ဆိုနေလိုက်သည်။

ခဏကြာတော့ ကိုကိုက သီချင်း အဆိုရပ်ရင်း ကြည်ကြည်နူးနူးလေး ပြောလိုက်ပါသည်။

"တွေ့လား ... မေ၊ ခုဆို ကိုကို မျှော်လင့်တဲ့အတိုင်းပဲ အဝေးပြေးလမ်းမကြီးပေါ်မှာ ကိုကိုတို့ နှစ်ယောက်တည်း ရယ် ..."

◆ ◆ ◆





(၁၀)

✤ ✤ ✤

ဟာဟ ... နှစ်ယောက်တည်း ဆိုပဲ ...။

သနားတယ် ဦးပြည့်မင်း။

ချိုကိုသည် ရယ်ချင်နေ၏။

ချိုကိုတို့ကလည်း ဦးပြည့်မင်း၏ အကြံကို ရိပ်မိပြီး သားပင်။ ဖိုးပု ချိုကိုသေတ္တာကို တိတ်တိတ်လေး ယူပြီး ဝှက်လိုက်ကတည်းက ဦးပြည့်မင်းတော့ ဆင်ကြံ ကြံပြီဟု ချိုကို ရိပ်မိလိုက်ပါသည်။ ထို့ကြောင့်ပင် ညဦးပိုင်းကတည်းက ဦးပြည့်မင်း ကားပေါ်မှာ သွားအိပ်နေခဲ့တာဖြစ်သည်။

ကားက အမြဲလို အဲကွန်းဖွင့်စီးတာမို့ မွှေးပြီး သန့်ရှင်းနေသည်။ အောက်ခြေကြမ်းခင်းကိုလည်း ရှမ်းခြင်းတွေ ခင်းထားပြီး တစ်ပတ်တစ်ခါ ဖုန်စုပ် သန့်ရှင်းရေးလုပ်သေးတာမို့ ကား



www.burmeseclassic.com

www.burmeseclassic.com



နောက်ခန်း ကြမ်းပြင်ပေါ်မှာ တဘက်တစ်ထည်ခင်း၊ တစ်ဘက်ဘစ်ထည်ခြုံကာ ချိုကို အိပ်နိုင်သည်။ ဘောင်းဘီအမည်း၊ တီရှပ်အမည်း၊ ခြုံထားသည့် တဘက်ကလည်း နက်ပြာရင့်ရင့်မို့ အောက်ခြေမှာ ပြားကပ်နေအောင် ပုန်းလိုက်လာသော ချိုကို့ကို သူတို့မတွေ့ခဲ့ကြပါ။ ကားနောက်ခန်းထဲ ပစ်ချထည့်လိုက်သော ပစ္စည်းတစ်ထုပ်က ချိုကို့အပေါ် ပြုတ်ကျလာစဉ်မှာတော့ နာပေမယ့် မအော်မိအောင် တအား ပါးစပ်ပိတ်ထားခဲ့ရတာပေါ့။

တိုးတိုးကျိတ်ကျိတ်နှင့် သည်းထိတ်ရင်ဖို တွန်းထုတ်လာသော ကားပေါ်မှာ ချိုကိုပါလာသည်ဟု မသိကြလေသော သူတို့နှစ်ယောက်ကို ချိုကိုက ရယ်ချင်သည်။ သူတို့ ကားတွန်းနေချိန်မှာလည်း အသံမထွက်အောင် ကျိတ်ရယ်နေခဲ့မိပါသည်။

'နှစ်ယောက်တည်း' ဟု ထင်မှတ်လျက် ကြည်နူးပီတိတွေဖြစ်နေသော ဦးပြည့်မင်းရဲ့ ဘဝကြီးဟာ တော်တော်သနားစရာကောင်းနေပြီမို့ သူ့ကို သရော်လှောင်ပြောင်လျက် ချက်ချင်း ဘွားခနဲ ခုန်ထ အသိပေးလိုက်ချင်ပြီ။

သို့သော် ... ချောင်းသာရောက်သည်ထိ နားအေးပါးအေး အိပ်လိုက်သွားပြီး ဟိုရောက်မှ ဘွားခနဲ အသိပေး အနိုင်ယူလိုက်မည်ဟုသာ စိတ်ကူးထားလိုက်သည်။





ထိုအချိန်တွင် ကားက အနည်းငယ် ယမ်းခါသွားကာ ...

"အဟင့် ... ကိုကိုနော် ကားကို ဖြောင့်ဖြောင့်မောင်းတာ မဟုတ်ဘူး"

မြတ်စွာဘုရား။

မေ့ရဲ့ ညုကလီးယားအသံကြောင့် ချိုကို ကြက်သီးတွေ ထသွားသည်။ ဘုရား ... ဘုရား ... ဘာတွေများ လုပ်နေကြပါလိမ့်။ ငါတော့ ချောင်ပိတ်မိနေပြီ။

"အို ... ကိုကိုနော်၊ မကဲနဲ့ကွာ၊ ကားကို အာရုံစိုက် မောင်းပါ ကိုကိုရဲ့"

"အဟွန်း ... မေကလည်းကွာ မစိုးရိမ်စမ်းပါနဲ့၊ ကားပေါ်မှာလည်း ကိုကိုတို့ နှစ်ယောက်တည်း၊ အဝေးပြေးလမ်းမကြီးပေါ်မှာလည်း ကိုကိုတို့ နှစ်ယောက်တည်း၊ ဘယ်သောက် လွတ်လပ်သလဲ ..."

အံ့မလေး ... ဒုက္ခပါပဲ ...။ နားပိတ်ထားမှ ...။

ချိုကိုက နားကို လက်နှစ်ဖက်ဖြင့် ခပ်တင်းတင်း ဖိပိတ်လိုက်သည်။ သို့သော် ... ဘယ်သူမှ မရှိဘူးအထင်နှင့် လွတ်လပ်ချင်တိုင်း လွတ်လပ်နေသော ညားခါစ လင်မယားနှစ်ယောက်

www.burmeseclassic.com



ရဲ့ အသံတွေက တိုးရုံတိုးသွားကာ လုံးဝတော့ ပျောက်မသွား ...။ ချိုကိုသည်လည်း ကားပေါ်မှ ခုန်ချပြေးချင်စိတ် ပေါက်လာပါသည်။

"အဟွန့် ... ကိုကိုနော် ကားတွေ ဘာတွေ တိုက်မိနေဦးမယ်"

"ဒါဆိုလည်း ကား ခဏရပ်လိုက်တာပေါ့ကွာ"

အမလေး ... မဖြစ်ဘူး။ မဖြစ်ဘူး။ ကားရပ်လို့တော့ လုံးမဝဖြစ်ဘူး။

"မဖြစ်ဘူး ..."

"အမလေး ..."

"ကျွီး ... ကျွိ ..."

ချိုကိုရဲ့ အော်သံကျယ်ကြီး၊ ပြည့်မင်းနဲ့ မေရဲ့ အလန့်တကြား သံပြိုင်အော်လိုက်သံကြီးနှင့် ကား ဘရိတ်ဆောင့် အုပ်လိုက်သော အသံကြီးတို့သည် တိတ်ဆိတ်သော အကာလ ညအခါတွင် ရှေ့ဆင့်နောက်ဆင့် ကျယ်လောင်စူးရှစွာ ထွက်ပေါ်လာခဲ့လေသည်။

ချိုကိုသည် ကားနောက်ခန်းမှ ဘွားခနဲ ခုန်ထလာကာ ...





"နင်တို့ အရှက်မရှိကြဘူးလား၊ ဒီမှာ လူပါတယ်ကွ၊ လူပါတယ်"

"ကိုကို ... နင် ... နင် ..."

မေက ကိုယ့်ရင်ဘတ် ကိုယ်ဖိကာ ရင်တုန်လန့်ဖျပ်လျက် ချိုကို့ကို မျက်လုံးအကြောင်သား လှည့်ကြည့်နေမိသည်။ ပြည့်မင်းက ကားစတီယာရင်ကို လက်သီးနှင့် ထိုးလိုက်ရင်း ...

"သွားပြီ ... အဒိုက်မိသွားပြီ"

ဟု မခံချိမခံသာ ရေရွတ်လိုက်သည်။ ထိုနောက် ကားရှေ့ခန်းတံခါးကို ဝုန်းခနဲ ဖွင့်ဆင်းလိုက်ပြီး နောက်ခန်းတံခါးကို သွားဆွဲဖွင့်ကာ ...

"ဆင်း၊ မင်း အခုဆင်းပြီး လှည့်ပြန်တော့ ..."

"ကိုကို ... ဒီလိုလုပ်လို့ မဖြစ်ဘူးလေ၊ ရန်ကုန်နဲ့ အရမ်းဝေးလာပြီ၊ ဒီအချိန်ကြီး သူက ဘာနဲ့ ဘယ်လိုပြန်ရမလဲ"

"ပြန်ချင်သလိုပြန်ကွာ၊ ဒီကားပေါ်မှာ သူမပါရင် ပြီးတာပဲ"

"သူက မိန်းကလေးလေ ကိုကိုရယ်၊ ဒီလို ပစ်စလက်ခတ်လုပ်လို့ ဘယ်ဖြစ်ပါ့မလဲ"

"သူ့ကိုယ်သူတော့ ယောကျ်ားလို့ သတ်မှတ်ထားတာပဲ၊ ယောကျ်ားဆိုတာ သတ္တိရှိရတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ကျုပ် ယောကျ်ားပဲ၊ သတ္တိရှိတယ်၊ သတ္တိရှိလို့ ဒီကားပေါ် ခိုးလိုက်လာရဲတာ ဘာဖြစ်လဲ၊ ခင်ဗျားနှင်ချလည်း သတ္တိရှိရှိ ဆက်လိုက်ရဲတယ်၊ ဘာဖြစ်လဲ ..."

"တောက် ... မင်း ..."

"ကိုကို စိတ်ကိုလျှော့စမ်းပါဦး၊ သူပါလို့ ကိုကို ဆက်မသွားချင်ရင် လှည့်ပြန်လိုက်ရုံပဲ"

"လုံးဝ လှည့်မပြန်နိုင်ဘူး"

"ဒါဆိုလည်း ဆက်သွားရုံပဲ ..."

ပြည့်မင်းက ကားနောက်ခန်းထဲသို့ ဒေါသဖြင့် လှမ်းကြည့်လိုက်သည်။ ဒင်းက ကားနောက်ခန်းထဲမှာ ခုမှ အဆင်ပြေသွားပုံဖြင့် သက်သောင့်သက်သာ မှီလျှော ထိုင်နေပုံကို အလင်းရောင်ပျပျဖြင့် လှမ်းမြင်လိုက်ရသည်။

ပြည့်မင်းက တံခါးကို ပြန်ဆောင့်ပိတ်လိုက်ရင်း ...

"ဟင်း ... ဟင်း ... ကောင်းပြီလေ၊ မင်း သတ္တိရှိရင် လိုက်ခဲ့ပေါ့၊ ငါကတော့ ဟန်းနီးမွန်းခရီး ပီပီသသလေး ချစ်ခွန်းတုံ့တင်ပြီး သွားရမှာပဲ"

လူယုတ်မာကြီး။

ချိုကိုသည် ကားနောက်မှီပေါ်က တစ်ရှူးဘူးကို





လှမ်းဆွဲယူ၊ တစ်ရှူးစတွေ ဆွဲထုတ်ကာ နားနှစ်ဖက်မှာ ကြပ်ကြပ်ပိတ်ဆို့လိုက်သည်။

"မေ ... အချစ်ကလေး ... ကိုကို့ ချစ်လေး ဒီဘက်တိုးကွာ"

ပိတ်ဆို့နေတဲ့ကြားက နားထဲတိုးဝင်လာသော အသံကြောင့် ချိုကိုက ခေါင်းကို တအားခါယမ်းလိုက်ပြီး တဘက်တစ်ထည်နှင့် နားရော ခေါင်းရော ကြပ်ကြပ်ပိတ်စည်းပစ်လိုက်သည်။ ပြီးတော့ သူတို့ရုပ်ကို မမြင်ရအောင် မျက်စိမှိတ်၊ သူတို့အသံကို ဖုံးအောင် သီချင်းတွေ အော်ဆိုရင်း လိုက်ပါလာသည်။

ဒါတောင်မှ ကားက တစ်ချက် တစ်ချက် ယမ်းခါသွားတာ ဘာဖြစ်မှန်းကို မသိချေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



(၁၁)

✤ ✤ ✤

ငွေဆောင်မှာ ရှိနေသည့်အချိန်အတွင်း ပြည့်မင်း အလိုချင် အတောင့်တဆုံးအရာမှာ သဲအိတ်တစ်အိတ်နှင့် ဘောက်ဆင် လက်အိတ်တစ်စုံပင် ဖြစ်လေသည်။ ဒီလိုဖြစ်မယ်မှန်းသိရင် သဲအိတ်နှင့် လက်အိတ်ကို အပါသယ်ခဲ့မိမှာပင်။ ခုတော့ ... ဘယ်မှာ ဒေါသဖြေရမည်မသိ။ အုန်းပင်ကို လက်သီးနှင့် ပြေးထိုးလည်း ကိုယ့်လက်နာတာသာ အဖတ်တင်ပေမည်။

ပြည့်မင်းသည် ကမ်းစပ် သဲသောင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ရင်း ရေထဲမှာ ဘောလုံးပုတ်နေသော မေနဲ့ ချိုကို့ကို လှမ်းမျှော်ကြည့်နေလိုက်မိသည်။

"မေရေ ... မိအောင်ဖမ်းနော်၊ ဒီတစ်ခါ မဖမ်းနိုင်ရင် နှင်နှံးပြီ"





"နှင် မညစ်နဲ့နော် ကိုကို ..."

ကြည့်ရင်း ကြည့်ရင်းနှင့်ပင် သူ့ဒေါသသည် လှိုင်းလုံးတွေနှင့်အပြိုင် တလိတ်လိတ် တက်လာသည်။

အချိန်က ကြာသထက် ကြာလာသည်။ ဘောလုံးပုတ်လို့က မပြီးနိုင်သေး ...။ ကြာတော့ သူ သည်းညည်းမခံနိုင်တော့ဘဲ ရေထဲသို့ တဝုန်းဝုန်း ပြေးဆင်းသွားပြီး မေ့လက်ကို ဆွဲခေါ်လာခဲ့တော့ ချိုကိုက ပြေးလိုက်လာကာ ...

"ဟော့လူ ... ဒါဘာလုပ်တာလဲ"

"ငါ့မိန်းမ ငါဆွဲခေါ်တာ မင်းမမြင်ဘူးလား"

"ဖြည်းဖြည်းဆွဲခေါ်ပါလားဗျ၊ ခင်ဗျားလုပ်ပုံက အကြမ်းဖက်သလိုကြီး"

"ငါ့မိန်းမ ငါ အကြမ်းပဲဖက်ဖက်၊ အနုပဲဖက်ဖက် မင်းအပူ တစ်ပြားမှ မပါဘူး"

"ခင်ဗျား အကြမ်းဖက်ရင်တော့ ကျုပ်က အမျိုးသမီးရေးရာ ဝန်ကြီးဌာနကို သွားတိုင်ပစ်လိုက်မယ်"

"အဲဒါဆို ငါကလည်း ငါတို့အိမ်ထောင်ရေးမှာ ကြားဝင်ရှုပ်နေတဲ့ အခြောက်မ တစ်ယောက်အကြောင်း ဖွင့်ချပစ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခြောက်မ မဟုတ်ဘူးဗျ၊ ယောကျ်ားလျာ"

"ဟား ... ဟား ... ကိုယ့်ဘဝကိုယ်တော့ အမှန်အတိုင်း သိသား ..."

"ခင်ဗျားကြီး ..."

သူ့ကို 'အခြောက်မ' ဟု တလွဲကြီး ပြောချလိုက်တာမို့ လွှတ်ခနဲ ပြန်ချေပလိုက်သော ချိုကို့ကို ဟားတိုက်လှောင်ပြောင်ရင်း ပြည့်မင်းက မေ့ကို ဆွဲခေါ်လာပါသည်။

"အဲလိုတွေ မလုပ်ပါနဲ့ ကိုကိုရယ် ...၊ ချိုကို သနားပါတယ်"

မေက တောင်းတောင်းပန်ပန် ပြောရင်း ပြည့်မင်းနောက်မှ ပါလာသည်။

"မေက ကိုကို့ကျတော့ သနားဖို့ မေ့နေသလား ...၊ ဒီဟန်နီးမွန်း ခရီးမှာ ကိုကို စိတ်ကူးယဉ်ထားတာတွေ အားလုံး ပင်လယ်ထဲ မျှောပစ်လိုက်ရသလို ဖြစ်မနေဘူးလား၊ ချိုကို နှောင့်ယှက်နေတာတွေက သိပ်လွန်နေပြီ ...

"ကိုကိုတို့ နှစ်ယောက်တည်း ရေကူးနေရင် ဘယ်အချိန်ကတည်းက ချောင်းနေမှန်းမသိတဲ့ သူက ပေါ်လာပြီ၊ မေ့ကို ကိုကို့ဆီက ခွဲထုတ်သွားပြီ ...၊





"ညနေခင်း အေးအေးလူလူ လမ်းလျှောက်ပြန်တော့လည်း သူက စက်ဘီးတစ်စီးနဲ့ ကိုကိုတို့နောက်ကနေ ကျော်တက်သွားလိုက်၊ မျက်နှာချင်းဆိုင်ကနေ ပြန်လှည့်လာလိုက်၊ ကိုကိုတို့ကို ကွေ့ဝိုက်ပြီး စီးလိုက်နဲ့ ယောက်ယက်ခတ်နေပြန်ရော ...၊

"သူ့ရန်ကြောက်လို့ အခန်းထဲမှာနေပြန်တော့လည်း ခဏ ခဏ တံခါးလာခေါက်ပြီး ငါးကင်လာပေးလိုက်၊ အုန်းရည်လာပေးလိုက်နဲ့ အကြောင်းရှာပြီး အခေါက်ခေါက် လာပြန်ရော၊ ညခင်းလေးမှာ ကိုကိုတို့နှစ်ယောက်တည်း မျက်နှာချင်းဆိုင်ပြီး ပင်လယ်စာစားဖို့ ပြင်နေတော့လည်း သူက ကဏန်းကြီးတစ်ကောင် ကိုင်ပြီး ရောက်လာ၊ မေ့ကို ကဏန်း ခွာခိုင်းပြန်ရော၊ အဲဒီလို လုပ်တာတွေကရော ကောင်းသလား မေ၊ ကိုကိုက ကိုကိုချစ်တဲ့ မိန်းမအတွက် အဆင်သင့်လေး စားပါစေတော့ဆိုပြီး ကဏန်းကို ခွာကျွေးမလို့ လုပ်တုန်းမှာ ကိုကို့ မိန်းမက သူ့ကို ပြန်ခွာကျွေးနေတဲ့အဖြစ်ကို ကိုကို ဘယ်လိုခံစားရမလဲ စဉ်းစားကြည့်စမ်းပါဦး ..."

"ဟုတ်ပါတယ် ... ကိုကိုရယ်၊ ကိုကို့ကို မေ စာနာပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူ့ကိုကျတော့ မေ ဘယ်လိုပြောပြီး နှင်ထုတ်ရမလဲ၊ မေ နှင်ထုတ်ပြန်ရင်လည်း သူက ကိုကို့ကိုပဲ မဲမှာ၊ မေ့သူငယ်ချင်းကိုလည်း နှင်မထုတ်ရက်ပါဘူး ကိုကိုရယ် ...”

ပြည့်မင်းသည် အကြိတ်နေရာက သက်ပြင်းချပစ်လိုက်ပြီး မေ့ကို ဘန်ဂလိုထဲ ဆွဲခေါ်လာကာ ရေချိုးလိုက်ကြသည်။

ရေချိုးပြီးတော့ မေ့ဆံပင်တွေကို သူက ဒရိုင်ယာဖြင့် ခြောက်အောင် မှုတ်ပေးနေဆဲ ...

“ဒေါက် ... ဒေါက် ... မေရေ ...”

“ဟာကွာ ...”

“ကိုကို ခဏလေးနော်၊ မေ တံခါးဖွင့်ပေးလိုက်ဦးမယ်”

မေက တောင်းတောင်းပန်ပန်ပြောရင်း တံခါးသွားဖွင့်ပေးလိုက်သည်။ ချိုကိုက တံခါးဝမှာ ရပ်တန့်လျက် ဒရိုင်ယာကိုမြော်ကြည့်ရင်း ...

“မေ ... နှင့်ဆံပင်တွေ ငါ ဒရိုင်ယာနဲ့ မှုတ်ပေးမယ်”

“နေ နေ ... ရတယ် ကိုကို၊ ကိုကို မှုတ်ပေးနေတယ်”

“အချိန်အဆ မတတ်ရင် နှင့်ဆံပင်တွေ မီးကျွမ်းပြီး ပျက်စီးကုန်လိမ့်မယ်”





“ကိုယ့်မိန်းမ ဆံပင် မီးကျွမ်းအောင်အထိတော့ ဘယ်သူမှ လက်လွှတ်စပယ် မလုပ်ဘူး ချိုကိုကို၊ ကိုယ့်မိန်းမကိုယ် အေးအေးဆေးဆေး ယုယုယယ ကြင်ကြင်နာနာလေး ပြုစုပါရစေ ...၊ မင်း လာမရှုပ်ပါနဲ့တော့ ...၊ မင်းကိုယ်မင်း ယောကျ်ားစင်စစ် ကောင်ဖြစ်တယ်လို့ ယူဆရင်လည်း ကမ်းခြေက ဖြူဖြူ ပြာပြာ နီနီ ဝါဝါ ကောင်မလေးတွေနားမှာ လျှောက်ပြန်သံပေး သွားလုပ်နေလိုက်ပေါ့ကွာ ...”

“ခင်ဗျားကြီး ...”

“ကိုကို တော်တော့ ...၊ နှင်လည်း တော်တော့ ကိုကိုရယ်၊ ငါ တကယ် စိတ်ညစ်လာပြီဟယ်”

“ငါက ဘာကိုတော်ရမှာလဲ၊ ကိုယ့်သူငယ်ချင်း ကိုယ် ဂရုစိုက်တာ ဘာဖြစ်လဲ”

“အေးပေါ ... အေးပါ ... ဂရုစိုက်တာ ကျေးဇူးတင်တယ်၊ သွားတော့နော် ...”

ချိုကိုက ချက်ချင်းမသွားသေးဘဲ ပေကပ်ကပ်လုပ်နေရာ ပြည့်မင်းက ချိုကို ကြောက်သည့် လက်နက်ကိုထုတ်သုံးလိုက်ပါသည်။

“မေရေ ... အချစ်ကလေးရေ လာတော့ကွာ၊ ကိုကို မွှေးမွှေးပေးချင်ပြီကွာ ...”



www.burmeseclassic.com

www.burmeseclassic.com



"လူယုတ်မာကြီး"

ပြည့်မင်းရဲ့ ညုတုတုအသံကို ကြားတော့မှ ချိုကို လည်း ချာခနဲ လှည့်ထွက်သွားတော့၏။

◆ ◆ ◆





(၁၂)

✤ ✤ ✤

ပြည့်မင်းသည် ချိုကို့ရဲ့ အနှောင့်အယှက်ဒဏ်ကို နေ့စဉ်နှင့်အမျှ ခံနေရသော်လည်း မေနဲ့ နှစ်ယောက်တည်း Romantic ဖြစ်ရဖို့အတွက်တော့ စိတ်မလျှော့နိုင်သေးပေ။ မပြန် ခင်လေးတော့ ဒင်းကို မျက်ခြည်ပြတ်ထားခဲ့ကာ ချစ်သူများကျွန်း သို့ မေနှင့် နှစ်ယောက်အတူ သွားဖို့ ကြံရွယ်မိလေသည်။

ထိုနေ့မနက်မှာ ပြည့်မင်းက ရွာထဲက ဈေးသည် ကောင်လေးထံမှ အုန်းရည်နှင့် အုန်းသီးနုနုလေးတွေကို သစ္စားခြစ် ဖြင့် အမျှင်အဖတ်လေးတွေဖြစ်အောင် ခြစ်ချကာ အုန်းရည်နှင့် ရောထားသော အုန်းသီးဖျော်ရည် သုံးခွက်ကို မှာကာ ...

"မေရေ ... အုန်းသီးဖျော်ရည် သောက်ရအောင်၊ မဲ့ သူငယ် ချင်းကိုလည်း ခေါ်လိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



မေ့မျက်နှာသည် တောက်ပသွား၏။

မေသည် ကိုယ့်ယောက်ျားရဲ့ မျက်နှာကို မယုံနိုင်စွာ ကြည့်မိ၏။ ခုတော့ မေ့မျက်နှာကိုတောက်ပြီး ကိုကို့သဘောထားတွေ ပျော့ပျောင်းလာပြီပေါ့ဟု တွေးကာ တစ်ဖက် ဘန်ဂလိုက ချိုကို့ကို ဝမ်းသာအားရ ပြေးခေါ်လိုက်လေသည်။

ချိုကိုသည် မေ ခေါ်လို့သာ လိုက်လာရသော်လည်း ပြည့်မင်းတော့ တစ်ခုခုကြံစည်နေပြီဟု တွေးထင်လိုက်၏။

ပြည့်မင်းသည် အိပ်ဆေး ခပ်ထားသော အုန်းသီးဖျော်ရည် တစ်ခွက်ကို ချိုကို့ထံ လှမ်းပေးရင်း ခရီးဦးကြိုပြုလိုက်၏။

"လာ ... သောက်လိုက်ကြဦး၊ ရွာထဲက တကူးတက မှာထားရတာ ..."

ချိုကိုက ဦးပြည့်မင်း ကမ်းပေးသော အုန်းသီးဖျော်ရည်ကို လှမ်းယူလိုက်ရင်း ...

"အများကြီးပါလား ... ငါမကုန်နိုင်ဘူး မေ၊ နင် အုန်းရည် ကြိုက်တယ် မဟုတ်လား၊ ရော့ ... တစ်ဝက်ကူသောက်"

"မေ ... မသောက်နဲ့၊ အများကြီးသောက်ရင် ရင်ပြည့်နေမယ်၊ ကိုယ့်ဖန်ခွက်ပဲ ကိုယ် ကုန်အောင်သောက်"





ပြည့်မင်းက မေ လှမ်းယူဆဲဆဲ ဖန်ခွက်ကို ခပ်မြန်မြန် ဆွဲယူပြီး ချိုကို့လက်ထဲ ပြန်ထိုးထည့်ပေးလိုက်သည်။

ဤနေရာတွင် ချိုကို သိလိုက်လေပြီတည်း ...။

ဦးပြည့်မင်းတော့ တစ်ခုခု ကြံစည်ခဲ့ပြီတည်း။

ချိုကိုသည် ကိုယ့်ဖန်ခွက်ကို ချက်ချင်း မသောက်သေးဘဲ မေ့ဖန်ခွက်နှင့် ယှဉ်ချထားလိုက်၏။ ခဏကြာမှ ဟိုလိုလို ဒီလိုလိုနှင့် မေ့ဖန်ခွက်ကို ဆွဲသောက်ကာ ကိုယ့်ဖန်ခွက်ကိုတော့ မေ့ဘက်သို့ မသိမသာ တိုးရွှေ့ပေးလိုက်လေသည်။

ဘာမှ မသိရှာသော မေသည် ကြိုက်လှသော အုန်းရည်ကို တစ်ရှိန်ထိုး မော့သောက်လိုက်ပြီး ခဏကြာတော့ စားပွဲပေါ် ခေါင်းတင်၍ ဖလက်ပြသွားတော့၏။

"မေ ... မေ ... ဟာ ... မေ ဘာဖြစ်သွားတာလဲ"

ပြည့်မင်းက မေ့ကိုလှုပ်နှိုးနေတာမို့ ချိုကိုက တဟင်းဟင်း ရယ်သွေးသွမ်းကာ ...

"ဘာဖြစ်သွားမှန်း မသိဘူးလား၊ အိပ်ဆေးခပ်ထားတဲ့ အုန်းသီးဖျော်ရည်ကို သောက်ပြီး အိပ်ပျော်သွားတာလေ ..."

"ဟင် ... မင်း ... မင်း ..."

"ဟုား ... မေ့ကြည့်ရင်း ကျုပ်တောင် အိပ်ပျော်ချင်လာပြီ၊



www.burmeseclassic.com

www.burmeseclassic.com



မေ အိပ်ပျော်နေတုန်းတော့ ခင်ဗျား ဘယ်မှသွားလို့ရမှာ မဟုတ်ပါဘူးနော်၊ ဒါဆို ကျုပ်လည်း အေးအေးဆေးဆေး သွားအိပ်လိုက်ဦးမယ်ဗျာ"

ချိုကိုက ဗွားခနဲသမ်းလိုက်ရင်း သူ့ဘန်ဂလိုဘက်သို့ ပြန်သွား၏။

"ငါနော် ... သတိမိတော့မယ်၊ တောက် ..."

ပြည့်မင်းသည် ဒေါသဖြင့် ဝုန်းခနဲ ထရပ်ရင်း ဘန်ဂလိုဘေး အုန်းပင်ဆီသို့ ပြေးထွက်သွားမိသည်။ အုန်းပင်ကို လက်သီးနှင့် ထိုးဖို့ဖြစ်သည်။ သို့သော် လက်သီးနှင့် ရွယ်ပြီးမှ ကိုယ့်လက်ကိုယ်နာမှာကြောက်ကာ သဲပြင်မွမွပေါ်သို့ ဒူးထောက်ထိုင်ချလိုက်ပြီး ထိုသဲပြင်ကိုသာ လက်သီးနှင့် ထိုးချလိုက်ရလေသည်။

ပြည့်မင်းရဲ့ စိတ်ကူးတွေလည်း ရေစုန်မှာ မျောနေရ၏။ စောစောတုန်းက စိတ်ကူးခဲ့တာကတော့ ချိုကို အိပ်နေတုန်း မေ့ကိုခေါ်ကာ ချစ်သူများကျွန်းသို့ နှစ်ယောက်အတူ သွားကြဖို့ပင်။ ခု ... မေက ဖန်ခွက်ချင်း မှားသောက်ပြီး အိပ်ပျော်နေတော့ သူဘာများလုပ်ရတော့မည်နည်း။

ပြည့်မင်းသည် စားပွဲပေါ် ခေါင်းတင်၍ အိပ်ပျော်





နေသော မေ့အနားသို့ ပြန်လျှောက်လာခဲ့၏။ မေ့အနားမှာ ရပ်လျက် မေ့ကိုငုံ့စိုက်ကြည့်နေရာမှ အံကြိတ်၍ ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပြီး ချိုကို့ ဘန်ဂလိုဘက်သို့ အရိပ်အခြည် လှမ်းကြည့်လိုက်၏။ ထို့နောက် မေ့ကို ဖျတ်ခနဲပွေ့ချီ၍ ထွက်လာခဲ့သည်။

'ချစ်သူများကျွန်း' ဘက်သို့ သူက မေ့ကို ပွေ့ပြီး လျှောက်လာခဲ့သည်။ ကျွန်းနားသို့ရောက်လာတော့ ကျွန်းဘက်သို့ သွားသည့် သဲသောင်ပေါ်မှာ ရေတွေတက်နေပြီ၊ ထိုရေတွေကိုဖြတ်ပြီးမှ ကျွန်းပေါ်သို့ ရောက်မည်ဖြစ်သည်။

ပြည့်မင်းသည် မေ့ကို ပွေ့လာရတာ မောပြီမို့ ရေစပ် သဲသောင်ပေါ်မှာ ခဏချလိုက်ပြီး လှုပ်နှိုးလိုက်သည်။

"မေ ... မေ ...၊ ထ ... ထ"

"အင် ..."

မေက အင်ခနဲ တစ်ချက်သော အသံထွက်လာသည်။ လူက မလှုပ်၊ မျက်လုံးလည်းမပွင့် ...။

သူ အံခဲလျက် မေ့ကို ဆက်ချီလာခဲ့သည်။ ကိုယ်က ရိုမန်တစ်ဖြစ်ချင်တာကိုး။ ကျွန်းပေါ်ရောက်မှ မေ့မျက်နှာကို ရေစက်ရေပေါက်လေးတွေဖြင့် ဖြန်းပက်နှိုးပြီး ကြည်ကြည်နူးနူး စကားဆိုကြမည်။ အနမ်းလေးတွေလည်း ဖလှယ်ကြဦးမည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ပြည့်မင်းသည် ညောင်းချိဒူးတုန်နေသည့်ကြားက ပင် မေ့ကို မွေ့လျက် ကျွန်းပေါ်တက်လာခဲ့ပါသည်။

"ဟင် ... ကျွန်းကလည်း ဘာကြီးလဲကွာ၊ လှလည်းမလှပါ လား၊ ဒါများ ချစ်သူများကျွန်းတဲ့ ..."

မေ့ကို ကျောက်တုံးတစ်တုံးနားမှာ မှီ၍ ချထားပြီး ကျွန်းတစ်ဝိုက်ကို လှည့်ကြည့်ရင်း ပြည့်မင်း စိတ်ပျက်လက်ပျက် ညည်းညူမိသည်။ ကျွန်းပေါ်မှာ ကျောက်သားထုနှင့် ချုံနွယ်ပိတ် ပေါင်းတွေသာ တွေ့ရသည်။

အဲဒီလို မလှပတဲ့ ကျွန်းပေါ်မှာ မေကလည်း အိပ် ပျော်လို့နေသည်။

"စိတ်ကုန်ပါ့ကွာ ..."

ပြည့်မင်းသည် မေ့ကို မနှိုးတော့ဘဲ မေ့အနားမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး မေ နိုးသည်အထိသာ စောင့်နေ လိုက်တော့သည်။

အနှောင့်အယှက်များ၊ အဆင်မပြေမှုများဖြင့်သာ အတိပြီးသော ဒီခရီးကို ဂြိုဟ်ခရီးဟုသာ အမည်တပ်ပစ်ချင်သည်။ ဂြိုဟ်ထီးလိုလို ဂြိုဟ်မလိုလို တစ်ယောက်အတွက် သူ့စိတ်ကူး အိပ်မက်တွေ ပျက်ရတာကိုလည်း သူ အခဲမကျေနိုင်ချေ ...။





သေချာတာကတော့ ချိုကို့အကြောင်း တွေးမိတိုင်း သူ့လက်သီးတွေ ယားလာခြင်းပင်တည်း။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## (၁၃)

ထိုခရီးကပြန်လာသော်လည်း စိတ်ဆင်းရဲမှုတွေက အဆုံးမသတ်နိုင်ပေ။ ဒီအိမ်မှာ ဟိုကောင်ရှိနေသရွေ့ ဘယ်တော့မှ အဆုံးသတ်မှာလည်း မဟုတ်ချေ။

ချိုကိုသည် ပြည့်မင်း အိမ်ကို သူ့အိမ်သူ့ရာလို သဘောထားလျက် လွတ်လပ်စွာ ပြုမူနေထိုင်၏။ ပြည့်မင်းက ဒေါသမဖြစ်လိုတာမို့ သူရှိသည့်နေရာကို ရှောင်ရှားနေရသည်။ အဖြစ်ကတော့ ပြည့်မင်းက သူ့အိမ်ကပ်နေရသလိုမျိုး အနေကျဉ်းကျပ်ကာ အလိုက်တသိ ရှောင်ရှားနေရသော အဖြစ်မျိုးပေတည်း။

ချိုကို ဧည့်ခန်းထဲမှာနေလျှင် ပြည့်မင်းက ကိုယ့်အခန်းထဲ ကိုယ်တံခါးပိတ်၍ ကုပ်ကုပ်လေး နေနေရ၏။ ချိုကို





ထမင်းစားခန်းထဲမှာဆို ကိုယ်က ထမင်းစားခန်းထဲ မဝင်ရဲဘဲ ဗိုက်ဆာရင်တောင် ကိုယ့်အခန်းထဲ ကိုယ် ယူစားရ၏။ မေ့ကို ညာရတာမို့ စကားနည်းရန်စဲ ရှောင်ရှား၍သာ နေရလေသည်။

ချိုကိုသည် ညဆိုလည်း တော်တော်နှင့် မအိပ်ချေ။ အခွေကြည့်ရင်ကြည့်၊ မကြည့်ရင် ဘောလုံးပွဲကြည့်၊ ဘာမှကြည့်စရာမရှိရင် Hip Hop သီချင်းတွေ ဆူညံစွာဖွင့်၍ နေတတ်လေသည်။

တစ်ည ... ။

ထိုတစ်ညမှာတော့ လကလည်း ထိန်ထိန်သာနေခဲ့၏။ ပြည့်မင်းတို့ အိပ်ခန်းတံခါးမှ လှမ်းမျှော်မော့ကြည့်လျှင် ပြည့်ဝန်းသည့် လမင်းကြီးကို မြင်နိုင်လေသည်။

ပြည့်မင်းသည် မေ့ကို ရင်ခွင်မှာထားကာ အိပ်ရာဘက်မှာ လဲလျောင်းရင်း လကိုမော့ကြည့်နေမိကြသည်။ လရောင်အောက်မှာ ကြည်ကြည်နူးနူး ငြိမ်သက်ရင်း သန်းခေါင်ကျော်သည်အထိ ချစ်စကားတွေ ဆိုနေခဲ့ကြသည်။

လသည် အနောက်ဘက်သို့ တဖြည်းဖြည်း ရွေ့နေပြီးနောက် အုန်းလက်တွေကြားသို့ ပုန်းလျှိုးသွားချိန်မှာတော့ ပြည့်မင်းက မေ့ဆံပင်လေးတွေကို ဖွဖွ ပွတ်သပ်ရင်း မေ့နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



လေးတွေဆီ တရွေ့ရွေ့ တိုးကပ်သွားနေဆဲတွင် တံခါးခေါက်သံ
တစ်ချက်က လက်ရှိနိဗ္ဗာန်ဘုံကို ဖျက်ဆီးပစ်လိုက်တော့သည်။

"ခေါက် ... ခေါက်"

"မေရေ ... အိပ်ပြီလား၊ ငါ တီဗီကြည့်ရင်း ဗိုက်ဆာလာလို့ စားဖို့တစ်ခုခု လုပ်ပေးပါလား"

မေက လူးလဲထလိုက်သည်။ သူက မေ့ကို ပြန်ဆွဲ ဖက်ထားရင်း ...

"မေ ... အိပ်ချင်ယောင်ဆောင်နေလိုက်၊ လုံးဝထွက်မသွားနဲ့"

"မဖြစ်ဘူး ကိုကိုရဲ့၊ သူ့အကြောင်း မေသိတယ်၊ သူက အဆာခံလို့မရဘူး၊ အဆာခံရင် အစာအိမ်ရောင်တတ်တယ်၊ သူ ညဘက် ဗိုက်ဆာရင် မေ အမြဲ စားစရာတစ်ခုခု လုပ်ပေးနေကျ ..."

"မေရာ ... မင်းပြောတော့ သူ့ကျေးဇူးတွေက အများကြီးဆို၊ အခု ကိုကို သိသလောက်တော့ မေ့ကျေးဇူးတွေက သူ့ကျေးဇူးထက်တောင် ပိုများနေပြီ၊ မေ လုပ်ပေးခဲ့ရတာတွေက သူ့အိမ်မှာ နေခွင့်ရခဲ့တာနဲ့တောင် မတန်တော့ဘူး"

"သူငယ်ချင်း အချင်းချင်း ဒီလိုတော့ သာတယ် နာတယ်





တွက်လို့မရပါဘူး ကိုကိုရယ်၊ ခဏလေးနော်၊ မေ ခေါက်ဆွဲပြုတ်ပေးပြီးတာနဲ့ ချက်ချင်း ပြန်လာခဲ့မယ် ..."

ပြည့်မင်းက မေ့ကို လွှတ်ပေးလိုက်ရသည်။ ပြီးတော့ စိတ်တိုတိုနှင့် စောင်ကို ခေါင်းမြီးခြုံကာ ဇွတ်မှိတ်အိပ်ပစ်လိုက်တော့သည်။

ဒီလိုအဖြစ်မျိုးကို ဒီတစ်ညသာ ကြုံရတာတော့ မဟုတ်ပေ။

နှစ်ယောက်သား နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော ညတစ်ညတွင် ... အိမ်ရှေ့ဆီမှ တစ်ခဲနက် အော်သံကျယ်ကြီးနှင့် နောက်ဆက်တွဲ ဝုန်းဒိုင်းကျဲသံတွေကို ကြားလိုက်ရလေသည်။

"ဂိုး ..."

"ဗြုန်း ... ဒုန်း"

"ဒုန်း ..."

နှစ်ယောက်သားမှာ အိပ်ရာမှ လန့်နိုးလာကာ အသံလာရာ အပြင်ဘက်ဆီသို့ ကယောင်ချောက်ချား ပြေးထွက်လာခဲ့ကြသည်။

"ဘာလဲ ... ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဟင် ... ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး"

ဧည့်ခန်းထဲတွင် ကမူးရှူးထိုး တောင်ကြည့် မြောက်ကြည့် ယောက်ယက်ခတ်နေကြသော ပြည့်မင်းတို့ လင်မယားမှာ ဆိုဖာကြားမှ ထွက်လာသော ခပ်အေးအေး ပြန်ဖြေသံကြောင့် အံ့အားသင့် နှုတ်ပိတ်ငြိမ်သက်သွားပါသည်။

မေက အိပ်မှုန်စုန်မွှား မျက်လုံးတွေကို ပွတ်ပစ်လိုက်ရင်း ...

"ကိုကို ... နင် ... နင် ဘာလုပ်နေတာလဲ"

ချိုကိုက မေတို့ကို တစ်ချက်ပဲ လှမ်းကြည့်လိုက်ပြီး ပြန်လှည့်သွားကာ ...

"ဘာတွေ အလန့်တကြား ဖြစ်လာကြတာလဲ၊ ဒီမှာ လီတာပူးလ်က မန်ချက်ကို ပွဲသိမ်းဂိုးသွင်းလိုက်လို့ ဝမ်းသာပြီး ထအော်ရင်း မချင့်မရဲဖြစ်လွန်းလို့ စားပွဲကို လက်သီးနဲ့ ထိုးမိလိုက်တာလေ ..."

ချိုကို့အသံက ခပ်အေးအေး ...။

"တောက် ..."

ပြည့်မင်းက တောက်တစ်ချက် ခတ်လိုက်သည်။ မေက ကိုကို့ ပါးစပ်ကို လှမ်းပိတ်ထားလိုက်ရင်း ...





"နင့်အော်သံက ကျယ်လွန်းတော့ ငါတို့မှာ ဘာများဖြစ်လို့လဲလို့ ရင်တွေတောင် တုန်ပါတယ် ကိုကိုရယ်၊ နောက်ကို ဒီအချိန်ကြီးမှာ ဒီလောက်အကျယ်ကြီးတော့ မအော်ပါနဲ့လားဟယ်"

"အေးပါ၊ လောလောဆယ်တော့ နင်တို့ပုံစံတွေကို ငါ ရင်တုန်နေတယ်၊ အခန်းထဲ မြန်မြန်ပြန်ဝင်ကြ ..."

"ဟင် ..."

မေသည် ချိုကိုပြောမှ ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့်မိ၏။ မေက ညဝတ်အင်္ကျီ ပါးပါးလေးနှင့်။ ကိုကိုကလည်း ဘောင်းဘီတိုနှင့် စွပ်ကျယ် ချိုင်းပြတ်နှင့်။

မေသည် ချိုကို့ကို ဘာမှပြန်မပြောနိုင်တော့ဘဲ ရှက်ရှက်နှင့် ကိုကို့လက်ကို လှမ်းဆွဲကာ အခန်းထဲသို့ အမြန်ပြန်ပြေးဝင်လာခဲ့ရလေသည်။

ဒီလိုနှင့် မနက်မိုးလင်းသော အခါမှာတော့ ...။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



(၁၄)

✤ ✤ ✤

"မေရေ... လာပါဦး ... လာစမ်းပါဦး၊ လာကြည့်စမ်းပါဦး"

ဧည့်ခန်းဆီမှ ကိုကို့ အော်ခေါ်သံကြောင့် မှန်တင်ခုံ ရှေ့မှာ မျက်နှာကို lotion လိမ်းနေသော မေက အခန်းထဲမှ အမြန်ထွက်လာခဲ့ရရင်း ...

"ဘာဖြစ်လို့လဲ ကိုကို ..."

ကိုကိုက တီဗီရှေ့ ကော်ဇောပေါ်သို့ လက်ညှိုးထိုး ပြလိုက်ရင်း ...

"ဒီမှာကြည့်စမ်း ... ကော်ဇောပေါ်မှာ ခြင်ဆေးခွေ မီးလောင် ရာကြီးက အကွင်းလိုက်ဖြစ်နေတာ တွေ့လား၊ ကုန်ပြီကွ ကုန်ပြီ ...၊ သိန်းချီတန်တဲ့ ကော်ဇောပေါ်မှာ ပြင်မရအောင် အရုပ်ဆိုးသွားပြီ၊ ကြည့်စမ်း ... ကော်ဇောပေါ်မှာလည်း





စားကြွင်း စားကျန်တွေ ပွလို့ ...၊ ပုရွက်ဆိတ်တန်းကြီးက လည်း ကော်ဇောပေါ်ကို ချီတက်လို့ ...၊ ဖြစ်ချင်တိုင်း ဖြစ်နေတာ၊ ဖိုးပုရေ လာစမ်း ... ဒီကော်ဇောကို အပြင် ဆွဲထုတ်ပြီး ခါပစ်စမ်း"

"တောက် ... ညတုန်းကလည်း အိပ်ရေးပျက်၊ မနက်ကျ တော့လည်း စိတ်ပျက်စရာတွေပဲတွေ့၊ ဒီအိမ်မှာ ဒင်းရောက် ကတည်းက ပျက်စီးခြင်းငါးပါး ဆိုက်တော့တာပဲ၊ ဒင်းက တော့ ညတုန်းက သောင်းကျန်းချင်တိုင်း သောင်းကျန်း ပြီး ဖင်ထောင်အိပ်နေမှာပေါ့၊ နေဖင်ထိုးမှ နိုးလာပြီး မေရေ ဘာစားချင်တယ်၊ ညာစားချင်တယ် လုပ်ဦးတော့မှာပေါ့"

ကိုကိုသည် ဆွေ့ဆွေ့ခုန်မတတ် ဒေါသဖြစ်နေရင်း မေ့ဘက်သို့ ဆတ်ခနဲ လှည့်လိုက်ပြီး မေ့မျက်လုံးတွေကို ည့်တည့်စိုက်ကြည့်ကာ ...

"မေ ... မေ့ သူငယ်ချင်းကို မေ နှင်ချမလား၊ ကိုကို နှင်ချရမလား"

ဟု ခတ်ပြတ်ပြတ် မေးလိုက်သည်။ မေသည် ယ်လိုစာဖွဲ့ရမှန်းမသိတော့အောင် စိတ်ဆင်းရဲသွားကာ ...

"မေလည်း နှင်မချနိုင်ဘူး၊ ကိုကိုလည်း နှင်မချရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိုကို့အိမ်မှာ တစ်သက်လုံး ခေါ်တင်ကျွေးထား ရမှာလား"

"တစ်သက်လုံးတော့လည်း ဘယ်ဟုတ်ပါ့မလဲ၊ သူလည်း အမြဲတမ်း သူများအိမ်မှာ ကပ်နေမှာမဟုတ်ပါဘူး"

"နေမှာ နေမှာ...၊ မယုံမရှိနဲ့၊ ကိုကိုတို့ကို အနှောင့် အယှက် ပေးနေရရင်ပြီးရော... ကုတ်ကတ်နေနေမှာပဲ"

"စိတ်ညစ်လိုက်တာ ကိုကိုရယ်၊ မေတော့ ရှုးချင်တာပဲ"

မေက ညည်းညူရင်း ဆိုဖာပေါ်မှာ ထိုင်ချလိုက်တော့ ကိုကိုက မေ့ရှေ့မှ ချာခနဲလှည့်ကာ အပေါ်ထပ်သို့ ပြောင်းနေသော ချိုကို့အခန်းဆီသို့ ဦးတည်သွားလေသည်။

မေသည် ရင်ဝမှာ စူးခနဲပူသွားကာ ဝုန်းခနဲ ထရပ်ပြီး ကိုကို့နောက်သို့ ပြေးလိုက်လာသည်။

"ကိုကို... ကိုကို၊ ဘယ်သွားမလို့လဲ"

"မေ့သူငယ်ချင်းဆီ သွားမလို့..."

"ဘာသွားလုပ်မှာလဲ"

"အခန်းထဲက ဆွဲထုတ်ပြီး နှင်ချပစ်လိုက်မလို့"

"အမလေး... မလုပ်ပါနဲ့ ကိုကိုရယ်၊ မေ တောင်းပန်ပါ တယ်၊ ပြဿနာတွေ တက်ကုန်ပါလိမ့်မယ်၊ မေ့မျက်နှာကို ငဲ့ပါဦး ကိုကိုရယ်"





"မေ့မျက်နှာကို ငဲ့ရလွန်းလို့ ခံရပေါင်းလည်း များပြီ၊ ဒီတစ်ခါတော့ မငဲ့နိုင်တော့ဘူး"

"ကိုကို... မသွားပါနဲ့ ကိုကိုရယ်"

မေသည် ကိုကို့ကို ခွတ်အတင်း ဖမ်းဆွဲခေါ်၏။ ကိုကိုက ရုန်းကာ လှေကားပေါ်သို့ တက်ဖို့ ခြေလှမ်းပြင်၏။ မေက ကိုကို့ကို မိရာထိရာ ဖမ်းဆွဲလိုက်၏။ ကိုကိုက အားကုန် ရုန်းထွက်ပြန်တာမို့ မေက ကိုကို့ခြေရင်းမှာ ဒူးထောက်လျက် ကိုကို့ ခြေထောက်တွေကို ဖမ်းဆွဲဖက်ထားလိုက်ရင်း...

"မေ့သူငယ်ချင်း ဆိုပေမယ့် သူက မေ့ကျေးဇူးရှင်ပါ ကိုကို ရယ်၊ အဲ့ဒီလောက် ရက်ရက်စက်စက် မလုပ်ပါနဲ့..."

"လွှတ်ပေးလိုက်ပါ၊ လွှတ်ပေးလိုက်ပါ"

လှေကားထိပ်မှ ပေါ်လာသော အသံကြောင့် မေရော ကိုကိုပါ အပေါ်သို့ မော့ကြည့်လိုက်သည်။

ချိုကိုက အပေါ်စီးမှ ရပ်ကြည့်နေရင်း...

"ခင်ဗျား နှင်ချလည်း ကျုပ်က သွားမယ်မထင်နဲ့ ဦးပြည့် မင်း၊ ခင်ဗျား အကြမ်းဖက်ပြီး ဆွဲထုတ်လည်း ကျုပ်က လက်သီးနဲ့ အသေအကြေ ပြန်ထိုးခုခံရုန်းထွက်ပြီး ခင်ဗျား အိမ်မှာ အားရပါးရကြီးကို နေဦးမှာ၊ ကျုပ်အိမ်ငှားထားတာ



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ပြည့်သွားလည်း နောက်တစ်နှစ် ဆက်ချုပ်ဦးမှာ၊ ဒီအိမ်မှာ မေရှိနေသရွေ့ ချိုကိုကိုလည်း ရှိနေဦးမှာပဲဆိုတာ မှတ် ... ထား ... လိုက် ... ပါ ...”

ချိုကိုက ‘မှတ်ထားလိုက်ပါ’ ကို တစ်လုံးချင်း ရပ်ပ်ပါစတိုင်လ်ဖြင့် လက်သို့းတထိုးထိုးဖြင့် ပြောလိုက်ပါသည်။

“မင်း ... မင်း ...”

ကိုကိုက ဒေါသဖြင့် ရန်ပြန်ရာ မေက အတင်း ဆွဲဖက်ထားရင်း ...

“ဖိုးပုရေ ... လာစမ်း ... လာစမ်း၊ နင့်ဆရာကို လာကူဆွဲစမ်း ...”

ဟု ကြုံးအော်ခေါ်လိုက်ရာ ဖိုးပုက မီးဖိုချောင်ဘက်မှ ပြေးထွက်လာပြီး ကိုကို့ကို ဝင်ကူဆွဲလေသည်။

အတန်ကြာသည်အထိ ဝရုန်းသုန်းကား ဆွဲလားရမ်းလားဖြစ်နေပြီးမှ ကိုကို့ကို အခန်းထဲသို့ ပြန်ဆွဲခေါ်လာနိုင်သည်။

ရင်တုန်မောပန်းနေသော မေသည် ခပ်ပြင်းပြင်း အသက်ရှူနေရရင်း တစ်ချိန်တည်းမှာ ကိုကို့ကိုရော ချိုကို့ကိုပါ စိတ်ကုန်ကာ တစ်နေရာသို့ ထွက်ပြေးချင်မိတော့၏။

◆ ◆ ◆





(၁၅)

✤ ✤ ✤

“သာသနာတစ်ဝက် ရာဇာတစ်ဝက် တည်တံ့ခိုင်မြဲ ရှည်ကြာစေသော်ဝ် xxxx”

“မိုက်လား ... မိုက်လား၊ မိုက်လား ... မိုက်လား ... မိုက်လား၊ မိုက်တယ် ... မိုက်တယ်”

မျက်စိနှစ်လုံး ပွင့်ပါပြီဆိုကတည်းက ထိုတိုက်ပွဲက တင်ပြန်လေသည်။ မန္တလေးသိန်းဇော်ရဲ့ သီချင်းကလေးနဲ့မှ လာရှိသော နံနက်ခင်းကို ဖွင့်လှစ်ချင်သော ပြည့်မင်းနှင့် မိုးလင်း နေ မိုးချုပ် Rap သီချင်းတွေသာ ဖွင့်ထားချင်သော ချိုကို့ရဲ့ ိုက်ပွဲက တစ်နေ့ထက်တစ်နေ့ ပို၍ ပြင်းထန်လာသည်။

အိပ်ရာနိုးတာနှင့် ပြည့်မင်းက ညော့ခန်းက စီဒီ က်ဆက်ဆိသွားကာ မန္တလေးသိန်းဇော်ရဲ့ သီချင်းတွေကို ထည့်



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်လိုက်ပြီး စာကြည့်ခန်းဘက် လျှောက်ဝင်သွားသည်။ လက်နှစ်ဖက်ကို မြှောက်ပစ်၊ လူက တွန့်လိမ်ကာ တဂွားဂွားသမ်းရင်း အပေါ်ထပ်မှ ဆင်းလာသော ချိုကိုကလည်း ခပ်တည်တည်ပင် ထိုကက်ဆက်ဆီ လျှောက်သွားပြီး စိုင်းစိုင်းခမ်းလှိုင်ရဲ့ သီချင်းတွေ ထည့်ဖွင့်လိုက်သည်။

ထိုသီချင်းသံ ကြားတာနှင့် ပြည့်မင်းက ဧည့်ခန်းထဲသို့ လျင်မြန်သော အဟုန်ဖြင့် ရောက်ရှိလာကာ ...

"ဟော့ကောင် ... ဒါဘာလုပ်တာလဲ"

"ဟား ... သီချင်းဖွင့်တာလေ"

ချိုကိုက တစ်ချက်သမ်းလိုက်ပြီး ခပ်အေးအေးပြန်ပြောရင်း ဧည့်ခန်းထဲမှထွက်ခွာဖို့ ခြေလှမ်းပြင်လိုက်သည်။ ပြည့်မင်းက ရုတ်တရက် ဒေါသဖြင့် ချိုကို့ ညဝတ်အင်္ကျီ လက်ရှည်စကို ဖမ်းဆွဲထားလိုက်ရင်း ...

"မင်း သီချင်းဖွင့်တာ ငါ့သီချင်းကို ပိတ်ပြီးမှ ဖွင့်ရသလားကွ"

ဟု အော်လိုက်ရာ ချိုကိုကလည်း မီးဖိုချောင်ဘက်သို့ လှမ်းကြည့်ရင်း ...

"မေရေ ... ဒီမှာ နင့်ယောက်ျားရယ်လေ၊ ငါ့ကို ဆွဲလား





ရမ်းလားနဲ့ ကာယိန္ဒြေပျက်ပြားအောင် လာလုပ်နေတယ်ဟော့ ..."

ဟု ကြုံးအော်လိုက်သည်။

မေသည် မီးဖိုချောင်ထဲမှ ပျာပျာသလဲ ပြေးထွက်လာကာ ...

"ကိုကို ... ဒါဘာလုပ်တာလဲ၊ လွှတ်ပေးလိုက်လေ ..."

"မင်းသူငယ်ချင်းက ခုလိုကျတော့လည်း မိန်းမဖြစ်သွားပြန်ရောလား မေ၊ ငါက သူ့ကို ယောကျ်ားအမှတ်နဲ့ ဖမ်းဆွဲလိုက်တာကွ ..."

"ယောကျ်ားလည်း ဖမ်းဆွဲစရာမလိုဘူးဗျ"

"ကဲ ... ကိုကိုရယ် ကျားဖြစ်ဖြစ် မဖြစ်ဖြစ် လွှတ်ဆို လွှတ်လိုက်စမ်းပါ၊ စကားကြော မရှည်ချင်စမ်းပါနဲ့"

ပြည့်မင်းက ရှည်ထွက်နေသည့် အင်္ကျီလက်စကို ဓောင့်ခနဲ လွှတ်ပေးလိုက်ပြီး ချိုကို့မျက်နှာကို စေ့စေ့ကြည့်ကာ ...

"ဒီမှာ မင်းကို သေသေချာချာ မှာထားလိုက်မယ်၊ နောက်ကို ငါ့သီချင်းဖွင့်ထားရင် မင်း ပိတ်ပစ်ဖို့မလိုဘူး"

"ခင်ဗျားရဲ့ မန္တလေးသိန်းဇော်ကြီးကဖြင့် စောစောစီး"

"စောစောစီးစီး ကျက်သရေမင်္ဂလာရှိလို့ ဖွင့်တယ်လေ



www.burmeseclassic.com

www.burmeseclassic.com



မင်း စိုင်းစိုင်းခမ်းလှိုင်ကရော စောစောစီးစီး ဘာတွေ လာရှုတ်နေတာလဲ၊ စာမေးပွဲဖြေမလို့ စာအံနေတာလား”

“ခင်ဗျား ကျုပ် စိုင်းစိုင်းကို လာမထိနဲ့၊ ကျုပ် စိုင်းစိုင်းရဲ့ စာသားတွေက ထိတယ်”

“မင်းဘာသာ ထိထိ မထိထိ ငါ့ မန္တလေးသိန်းဇော်ကို လာမထိနဲ့ . . .”

“အဘိုးကြီးမှန်း သိပ်သိသာတာပဲ”

“မိန်းမကြီးမှန်း သိပ်သိသာတာပဲ”

“ဘာဗျ . . .”

ချိုကိုကအော်ရင်း ရှေ့သို့တစ်လှမ်းတိုးကာ ပြည့်မင်းရဲ့ မေးဖျားကို လက်သီးဖြင့် ရွယ်လိုက်သည်။ ပြည့်မင်းကလည်း ရှေ့တစ်လှမ်းတိုးကာ ချိုကို့မေးစေ့ကို လက်သီးဖြင့် ရွယ်လိုက်သည်။ နှစ်ယောက်စလုံး ထိုးကြ ကျိတ်ကြဖို့ အသင့်အနေအထား ဖြစ်သွားပုံကိုကြည့်ရင်း မေက ဒေါသဖြင့် မျက်စိစုံမှိတ်၍ အော်လိုက်သည်။

“တော်ကြပါတော့ . . .”

ထိုအော်သံနှင့် တစ်ချိန်တည်းမှာပင် မီးဖိုချောင်ထဲမှ ဟင်းအိုးတူးနံ့က လှိုက်ခနဲ ထွက်လာရာ ချိုကိုနှင့် ပြည့်မင်းက နှာခေါင်းတရှုံ့ရှုံ့လုပ်ရင်း . . .





“ဟင် . . . ဘာနံ့ကြီးလဲ”

“အမလေး . . . ဟင်းအိုး ဟင်းအိုး၊ ငါ့ဟင်းအိုး ကုန်ပါပြီ”

မေသည် ခုမှပဲ မီးဖိုပေါ်က ဟင်းအိုးကို သတိရကာ မီးဖိုချောင်ဘက်သို့ ချာခနဲ လှည့်၍ပြေးလေသည်။

မီးဖိုပေါ်မှာတော့ တပင်တပန်း လှီးခုတ်နယ်ဖတ် ထောင်းထု ချက်ပြုတ်ထားသော ဟင်းအိုးက တူးနံ့တထောင်းထောင်း ထလျက် မေ့ကို ကြိုဆိုနေသည်။

မေသည် စိတ်ကုန် စိတ်ပျက် ခံရခက်သော ခံစားချက်ကြီးဖြင့် ငိုလည်းငိုချင်၊ ဒေါသလည်းထွက်ကာ ဟင်းအိုးကို မီးဖိုပေါ်မှ အမြန်ဆွဲချပြီး မီးခလုတ်ပိတ်လိုက်သည်။ ပြီးတာနှင့် ထမင်းစားပွဲပေါ် တံတောင်ဆစ်ကွေးထောက်လျက် လက်ဖဝါးနှစ်ဖက်ပေါ် မျက်နှာအပ်ချကာ . . .

“ငါသေချင်တယ်၊ ငါပဲ သေလိုက်ချင်တော့တယ်၊ သည်းမခံနိုင်တော့ဘူး . . .”

ဟု တတွတ်တွတ် ရေရွတ်ညည်းတွားနေလိုက်တော့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## (၁၆)

✤ ✤ ✤

"သည်းမခံနိုင်တော့ဘူး ..."

ထိုစကားလုံးသည် ပြည့်မင်းတို့အိမ်တွင် တစ်နေ့တစ်နေ့ ပို၍ ပို၍ ခေတ်စားလာခဲ့လေသည်။

ပြည့်မင်းကလည်း ချိုကို့ လုပ်ရပ်တွေကြောင့် ထိုသို့ မကြာခဏ ရေရွတ်တတ်လာ၏။ ချိုကိုကလည်း ပြည့်မင်းနှင့် အတိုက်အခံဖြစ်တိုင်း ထိုစကားလုံးကို ရေလဲသုံး၏။ မေ့အဖို့ကတော့ ပြောစရာတောင် မလိုတော့ ...။ ကိုယ့်အချစ်ဆုံး ယောက်ျားနှင့် ကိုယ့်အချစ်ဆုံး သူငယ်ချင်းကြားမှာ ဗျာများရတိုင်း ထိုအခြေအနေကြီးကို စိတ်ကုန်သည်။ သည်းမခံချင်။ ဘာလုပ်ရမှန်းလည်း မသိ။ တားမရဆီးမနိုင်။ ဘယ်သူကမှ ကိုယ့်စကား နားမထောင်။ အဲဒီလိုနှင့် မေ ထွက်ပြေးချင်စိတ်ပေါက်နေသည်။ 'သည်းမခံနိုင်





တော့ဘူး' ဆိုသည့် စကားလုံးကို ပရိတ်ရွတ်သလို ပတွတ်ပတွတ် ရွတ်နေရသည်။

ပြည့်မင်း မျက်စိထဲမှာတော့ ချိုကို့လုပ်ရပ်တိုင်းဟာ ဆော်လော်ကန့်လန့်ချည်းသာ။ ကိုယ့်အိမ်မှာ ကိုယ်က အနေကျဉ်းကြပ် အလျှော့ပေးရလျက် သူကလာပြီး သူ့အိမ်သူ့ရာလို ဗိုလ်ကျစိုးမိုး ခြယ်လှယ်မင်းမူနေသည့် လုပ်ရပ်တွေကို သည်းခံနိုင်သည့် အတိုင်းအတာ တစ်နေ့ထက်တစ်နေ့ ကုန်ဆုံးလာသည်။ မေ့ရှေ့မှာပင် နင်ချမယ် တကဲကဲမို့ မေက အမြဲဆွဲလွဲနေရသည်။

အိမ်မှာရှိသည့် ကွန်ပျူတာလေးတစ်လုံးရှေ့မှာလည်း ချိုကိုပဲ မင်းမူနေသည်။ အင်တာနက် ချိတ်ထားသော ကွန်ပျူတာမှာ ချိုကိုက chatting ဝင်တော်မူသည်။ ဘယ်သူဘယ်ဝါမှန်း သေချာမသိသည့် သူတွေနှင့် ဘာညာအာပလာတွေ အရည်မရ အဖတ်မရ ပြောကြဆိုကြသည်။ ကိုယ့်မှာ ကိုယ့်အလုပ်အတွက် လိုအပ်သည့် data တွေ ရှာဖို့အရေးတောင် သူ့အားမည့်အချိန်ကို စောင့်သုံးနေရသည်။

အိမ်မှာက ပြည့်မင်းလည်း ကိုယ့်အလုပ်နှင့်ကိုယ်၊ မေကလည်း သူ့အလုပ်ကို မထွက်ဘဲ ဆက်လုပ်ဖြစ်နေသည်။ အလုပ်တစ်ဖက်နှင့်ပင် အိမ်မှုကိစ္စတွေကို တာဝန်ကြေအောင်လုပ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တောက်တိုမည့်ရ ဖိုးပုကလွဲရင် အိမ်ဖော်တောင် ခေါ် မထား။ တစ်နေကုန် အလုပ်ကိုယ်စီနှင့်မို့ မနက်စောစောပိုင်းနှင့် ညချမ်းချိန်ခါလေး၊ စနေ တနင်္ဂနွေ ပိတ်ရက်လေးသာ အားရသည့် ပြည့်မင်းတို့ လင်မယားကို ချိုကိုကလည်း အမြဲအနှောင့်အယှက် ပေးနေသည်။

ချိုကိုက ပြည့်မင်းကိုသာ မဟုတ်၊ အလုပ်မအားရှာ သည့် မေ့ကိုလည်း အမျိုးမျိုး နှိပ်စက်သည်။ ဟိုဟာချက်ကျွေးခိုင်း ဒီဟာသုပ်ဆေးခိုင်း၊ မေက သည်းခံနိုင်ပေမယ့် ပြည့်မင်းက သည်း မခံနိုင်တော့ဘဲ ပေါက်ကွဲချင်နေသည်။

ဒီလိုနှင့် သည်းခံနိုင်သည့် အတိုင်းအတာ ကုန်ဆုံး သွားသော နေ့တစ်နေ့သို့ ရောက်ရှိလာပါသည်။

◆ ◆ ◆





(၁၇)

✤ ✤ ✤

ထိုနေ့က ပြည့်မင်း ရုံးက ပြန်လာတော့ ဖိုးပုက အပျာသလဲ ပြေးထွက်ကြိုလေသည်။

ပြည့်မင်းက ဖိုးပု မျက်နှာ အပျက်ပျက်ကို ချက်ချင်း သတိမထားမိသေးဘဲ ကိုယ့်လက်ထဲက အိတ်ကို ဖိုးပုလက်ထဲ ထည့်ပေးလိုက်ရင်း ...

"မေရော ပြန်ရောက်ပြီလား ဖိုးပု"

"မ ... မရောက်သေးဘူး ဆရာ"

ပြည့်မင်းသည် ဖိုးပုရဲ့ တုန်ရင်နေသော အသံကို သတိပြုမိသွားကာ ...

"မင်းအသံက တုန်နေပါလားကွ၊ ဘာဖြစ်နေတာလဲ"

"ဟို ... ဟိုဟာ ... ဘာ ... ဘာမှ ... မဖြစ် ... မဖြစ် ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်း တစ်ခုခုတော့ ဖြစ်နေပါတယ်ကွ၊ အမှန်အတိုင်း ပြောစမ်းပါ"

"ဟို ... ဟို ... ဆရာ့ကို ပြောလို့မဖြစ် ..."

"ဘာအကြောင်းမို့လို့ ငါ့ကို ပြောလို့မဖြစ်တာလဲ၊ ငါမပြော ရင် မင်း ဘယ်သူ့သွားပြောမလဲ"

"မမမေ ... မမမေ လာမှပြောမယ်"

"မင့် မမမေနဲ့ ငါနဲ့က လင်မယားလေကွာ၊ သူ့ပြောလည်း ငါသိ၊ ငါပြောလည်း သူသိရမှာပဲဟာ၊ ဘယ်သူ့ပြော အတူတူပဲ၊ မင်းပြောစရာရှိတာသာ ပြော ..."

"ဟိုဟာ ... ဟိုဟာပြုလာလို့၊ ဟိုထဲမှာ ..."

ဖိုးပုရဲ့ လက်ညှိုးတုန်တုန်လေးက ကားဂိုထောင် သို့ ညွှန်ပြလိုက်လေသည်။

ပြည့်မင်းက တုန်ရင်ကြောက်ရွံ့နေသည့် ဖိုးပု ဆက်မေးမနေတော့ဘဲ ကားဂိုထောင်ဘက်သို့ လျှောက်လာခဲ့လို ပါသည်။

ပြည့်မင်းတို့အိမ်မှာက ကားသုံးစီးရှိသည်။ ဆ စုပါဆလွန်းကို ပြည့်မင်း ရုံးသွားသည့်အခါ ယူသွားပြီး မော တီကို အစိမ်းလေးကို သူ့ဘာသာသူ မောင်းယူသွားသည်။ 





ဂိုထောင်ထဲမှာ အမြဲသထားပြီး တစ်ခါတစ်ခါမှ ထုတ်စီးဖြစ်သည့် ကားကတော့ ပြည့်မင်းအကြိုက် sport ကားလေးဖြစ်သည်။ ထိုကားလေးကို ပြည့်မင်း အလွန်မြတ်နိုးလှပါသည်။ ပြည့်မင်း အတွက် နေစရာ အိမ်ခြံနှင့် စီးစရာ ကားက မိဘအမွေချည်းပဲမို့ သူ လူပျိုဘဝတစ်လျှောက်လုံး ရှာထားသည့် ပိုက်ဆံတော်တော် များများဖြင့် သူအလွန်ကြိုက်သည့် sport ကားကို ဝယ်စီးကာ တော်တိုင်းကျ ပစ္စည်းတွေဖြင့် ဆင်သထားသည်။ ပြီးတော့ ဂိုထောင် ထဲမှာ ခြင်ထောင်ချသိမ်းကာ တနင်္ဂနွေလို နေ့မျိုးကျမှ ဇနီးနှင့်အတူ မြို့ပြင်ဘက်သို့ ကားလျှောက်စီးဖြစ်ကြသည်။ ဒါမှမဟုတ် ရာသီ ဥတု သာယာသည့် ညခင်းတွေမှာ ကားကို အမိုးဖွင့်မောင်းကာ လေညှင်းခံထွက်ဖြစ်သည်။

ပြည့်မင်း ကားဂိုထောင်နားရောက်တော့ ဂိုထောင် တံခါး ပွင့်နေတာတွေ့သည်။ သူရင်ထိတ်သွားကာ ခပ်သွက်သွက် ဆက်လျှောက်လာခဲ့ပြီး ဂိုထောင်အဝမှာ ရပ်လိုက်သောအခါ ...

"ဟာ ..."

ထို 'ဟာ'ဆိုသော အသံကြီးက သူ့ရင်ဘတ်ထဲမှာ ကျယ်ကြီး မြည်ဟိန်းသွားသည်။ ပါးစပ်ကတော့ ဟလိုက်ပြီး အတည်းက ပြန်ပိတ်မလာတော့ ...။



www.burmeseclassic.com

www.burmeseclassic.com



သူ ပါးစပ်အပြဲသားဖြင့် သူ့ကားခေါင်းပိုင်းကို ကြက်သေသေ၍ စိုက်ကြည့်နေမိသည်။

ကားခေါင်းပိုင်းတစ်ခုလုံး ကြေမွနေခဲ့တာ။ မီးခွက်တွေလည်း ကွဲ၊ ဘောနက်ဖုံးလည်း တွန့်။

"ဒါ ... ဒါ ..."

ကားကို လက်သုံးထိုးနေသော သူ့လက်တွေက တုန်နေသည်။ သူ့ရင်ဘတ်ထဲမှာ ဗလောင်ဆူနေသည်။ နှုတ်ကတော့ ဆွံ့အပိတ်ဆို့လျက် လည်ချောင်းထိပ်မှာ အလုံးနင်နေသည်။

"ဖိုးပု ..."

"ရှိ ... ရှိပါတယ်"

သူ ဖိုးပုကို ကြုံးအော်ခေါ်လိုက်တော့ ဖိုးပုက သူ့နောက်နားဆီက အသံတိုးကလေးဖြင့် ထူးလာသည်။

ပြည့်မင်းသည် တဆတ်ဆတ်တုန်သော လက်များဖြင့် ကားဘောနက်ကို ပွတ်သပ်လိုက်ရင်း ...

"ဖိုးပု ... ဒါက ... ဒါက ဘယ်လိုဖြစ် ..."

"ဟို ... ဟို ... မမ ... အဲ ... ကိုချိုကိုကို ယူမောင်းပြီး ပြန်လာတော့ အဲ့လိုဖြစ် ..."

"ဘာ ..."





ပြည့်မင်း အော်သံကြောင့် ဖိုးပုက လန့်တုန်သွားသည်။ ထို့နောက် ပြည့်မင်းသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီး ...

"ချိုကိုကို ..."

ဟု အော်ခေါ်လိုက်သော အသံကြီးမှာ အရှေ့ခုနစ်အိမ် အနောက်ခုနစ်အိမ်က ကြားလောက်အောင် ဟိန်းညံ၍ သွားလေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



✤ ✤ ✤

ပြည့်မင်းသည် ညောင့်ခန်းထဲတွင် ထိုင်၍ မရမ်းပြား စားရင်း တီဗီကြည့်နေသော ချိုကိုအနီးသို့ တစ်မုဟုတ်ချင်း ရောက်ရှိသွားကာ ချိုကို့မျက်နှာကို လက်ညှိုး ဖြင့် ဆတ်ခနဲ ထိုးရင်း ...

"မင်း ... မင်း ငါ့ကားကို ဘာလုပ်လိုက်တာလဲဟင်၊ ဘာ လုပ်လိုက်တာလဲ"

"ကျုပ်ကားပျက်နေတုန်း သွားစရာပေါ်လာလို့ ခင်ဗျားကား ခဏယူသွားတာလေ၊ ကံမကောင်း အကြောင်းမလှတော့ သူများကားက လာငြိပြီး အဲလိုဖြစ်သွားတာပဲ၊ စိတ်မပူပါနဲ့ ဘော်ဒီပြန်ထုပြီး မီးခွက်အသစ် လဲလိုက်ရင် အဆင်ပြေ သွားပဲ ..."

"ဟော့ကောင် ... မင်း ..."





ပြည့်မင်းသည် ချိုကို့အကျီလည်ပင်း ကော်လံစကို လှမ်းဆွဲမည်ဟန်ပြင်ပြီးမှ ကိုယ့်လက်ကို အရှိန်တန့်ကာ လက်သီး နှာနှာဆုပ်ထားလိုက်သော်လည်း ထိုလက်သီးက တဇတ်ဇတ်တုန် နေသည်။

"မင်း ... သိပ်လွန်နေပြီ ချိုကိုကို၊ ငါ လုံးဝ သည်းမခံနိုင် တော့ဘူးကွ"

"ကျုပ် တမင်လုပ်တာမှ မဟုတ်တာဗျ၊ သူ့ဘာသာ မတော် တဆ ဖြစ်တာပဲ"

ချိုကိုကလည်း ဒေါသဖြင့် ပြန်အော်၏။ ပြည့်မင်း က ချိုကို့ကို ဘာမှထပ်မပြောတော့ဘဲ ချာခနဲ လှည့်ထွက်လာပြီး ခြံထဲက လက်ဗေ့ထိုးသည့် လက်အိတ်နှစ်စုံကို သွားပြေးယူလိုက် သည်။ ထို့နောက် ချိုကို့ဆီ ပြန်လှည့်လာကာ တစ်စုံကို ချိုကို့ရှေ့သို့ ဘုတ်ခနဲ ပစ်ချ၊ ကျန်တစ်စုံကို ကိုယ့်လက်ကိုစွပ်ရင်း ...

"မင်း ယောကျ်ားလား၊ မိန်းမလား ချိုကိုကို"

"ယောကျ်ားဗျ ... ယောကျ်ား"

"ကောင်းပြီ၊ မင်း ယောကျ်ားဆိုရင် ငါ့ကိုနိုင်အောင် ထိုး၊ မင်းနိုင်ရင် မင်း ဒီအိမ်မှာ မင်းစိတ်ကြိုက် ဆက်နေ၊ မင်း ရှုံးရင် ထွက်သွားတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အိုကေလေ ... ရတာပေါ့၊ လာခဲ့စမ်းပါ၊ ကမ်းမွန် ... ကမ်းမွန်"

ချိုကိုကလည်း လုံးဝ အညှံ့မခံ၊ လက်အိတ်ကို ကောက်စွပ်ပြီး ပြည့်မင်းကို စိန်ခေါ်လိုက်ပါသည်။

နှစ်ယောက်လုံးက လက်သီးဆုပ်တွေကို မျက်နှာနားမှာ တည်ကာ ရှစ်ရှစ်လှုပ်ရှားရင်း စ,ထိုးကွက်ကို စောင့်ချောင်းရှာဖွေနေသည်။

မိုးပုသည် စ,တင်လုဆဲဆဲ လက်ဝှေ့ပွဲကိုကြည့်ရင်း ပထမတော့ 'ပြဿနာပဲ' ဟု တီးတိုးရေရွတ် ခေါင်းကုတ်မိပါသည်။ သို့သော် ဒီရန်ပွဲမျိုးကို မမမေတောင် တားမရတာမို့ ကိုယ်ဝင်တားလည်း တားမရနိုင်တာ သေချာသောအခါ သူတို့ ထိမိခိုက်မိပြီး ပျက်စီးနိုင်သည့် CDခွေတင်သည့်စင်၊ အလှထားသည့် ပန်းအိုးနှင့် တိုလီမုတ်စ ပစ္စည်းတွေကို အတင်းပြေးယူဖယ်ရှားပြီး ကွင်းရှင်းပေးလိုက်သည်။ ထိုအချိန်တွင် ညနေတိုင်း နွားနို့ပို့သည့် ကုလားလေးက အိမ်ဝမှ ခေါင်းပြူလာကာ ...

"နွားနို့ ရောက်ပြီ"

ဟုပြောရင်း အိမ်ထဲက လက်ဝှေ့ပွဲကို မြင်သွားကာ

"ဟင် ... လက်ဝှေ့ပွဲပါလား"





ဟု ရေရွတ်ရင်း ပျော်ရွှင်တက်ကြွစွာဖြင့် မိုးပုနားသို့ ကပ်လာကာ ...

"ဘယ်သူနိုင်မယ် ထင်လဲ ..."

ဟု တီးတိုးကပ်မေးလိုက်သည်။ မိုးပုသည် ပထမတော့ နွားနို့ကုလားကို စိတ်ရှုပ်ရှုပ်ဖြင့် လှည့်ကြည့်မိ၏။ ကုလားက သွားသွားတွေ ဖွေးခနဲပေါ်လာအောင် တစ်ချက်ရယ်ပြရင်း ...

"ဟဲ ဟဲ ... ငါကတော့ ဟို ဗလတောင့်တောင့် ယောကျ်ားပီပီသသ အစ်ကိုကြီး နိုင်မယ်ပဲထင်တယ်၊ ဟို Hip Hop အစ်ကိုလေးက ပိန်နွဲ့နွဲ့လေးရယ် ..."

"ပိန်နွဲ့ပေမယ့် အထင်မသေးနဲ့၊ သူက လက်ဝှေ့ထိုး ပို ကျွမ်းတာ၊ ဆရာက နောက်မှလိုက်ထိုးတာ၊ သူ့လောက် မကျွမ်းဘူးကွ ..."

"ဒါဆို မင်းက Hip Hop ကောင်လေး နိုင်မယ်ထင်တယ်ပေါ့"

"ဟုတ်တယ်ကွာ ..."

"ငါကတော့ ဟို ဗလအစ်ကိုဘက်ကပဲ"

"ငါက ကိုချိုကိုကို ဘက်က ..."

"လောင်းမလား"



www.burmeseclassic.com

www.burmeseclassic.com



"လောင်းတယ်ကွာ ..."

နွားနို့ကုလားက သူ့အင်္ကျီအိတ်ထဲက ပါသမျှ ပိုက်ဆံကို ဘေးကခုံပေါ်သို့ ဘတ်ခနဲ လှမ်းတင်လိုက်သည်။ ဖိုးပုကလည်း စိတ်တက်ကြွလာကာ ပုဆိုးခေါက်ကြားထဲက ရှိစုမဲ့စု ပိုက်ဆံလေးကို ပစ်ချပေးလိုက်သည်။

"ဘာလဲ ... ကြောက်နေပြီလား၊ မထိုးရဲဘူးလား၊ လာခဲ့လေဗျာ၊ ကမ်းမွန် ... ကမ်းမွန်"

ချိုကိုက ပြည့်မင်းခေါင်ကို ဆွ၍ ဖိတ်ခေါ်နေသည်။ ထို့နောက် ဘုန်းဘုန်း ဘတ်ဘတ်သံတွေ အဆက်မပြတ် ထွက်လျက် ဘတစ်ပြန် ကျားတစ်ပြန် ထိုးကြိတ်ကြတော့သည်။

"ဟုတ်ပြီ ... ဒါမှ ဗလ အစ်ကိုကွ၊ Hip Hop ကောင်ကို တစ်ချက်တည်းနဲ့ အလဲထိုးပစ်လိုက်ပါတော့လား ..."

ကုလားလေးက ခပ်အုပ်အုပ်အသံဖြင့် အားပေးနေသည်။ ဖိုးပုကလည်း အသံသိပ်မထွက်ရဲပေမယ့် ကုလားလေးနည်းတူ တက်တက်ကြွကြွ အားပေးနေမိသည်။

ထိုအချိန်တွင် ...

◆ ◆ ◆





✤ ✤ ✤

အလုပ်မှပြန်လာသော မေသည် အိမ်တံခါးဝနားဆီမှာ ရပ်၍ အိမ်ထဲသို့ လှမ်းကြည့်ရင်း ဘောလုံးပွဲ အားပေးသလို အားပေးနေကြသော နွားနို့ကုလားလေးနှင့် ဖိုးပုကို အတွေ့မှာ 'ဘာတွေဖြစ်နေကြပါလိမ့်' ဟု တွေးကာ အိမ်ဘက်သို့ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။ အိမ်တံခါးဝနှင့် နီးလာတော့ တဘုန်းဘုန်း တဘတ်ဘတ် အသံတွေကို ကြားလာရသည်။

"ဟဲ့ ... ဘာဖြစ်နေကြတာလဲ"

မေသည် ပါးစပ်ကလည်း မေး၊ လက်နှစ်ဖက်ကလည်း ဖိုးပုနှင့် ကုလားလေးရဲ့ ပူးကပ်နေသော ပခုံးနှစ်ဖက်ဆွဲဖြဲဖယ်လျက် ရှေ့သို့ လှမ်းကြည့်လိုက်စဉ် ...

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



မေ့ငယ်ထိပ်တည့်တည့်ကို မိုးကြိုးပစ်ချသွားသည်။ နားထဲမှာ ထိန်းခနဲ ထစ်ချုန်းမြည်ဟည်း ပြာဝေမှုးမေ့သလို ဖြစ်သွားသည်။ မျက်နှာတွေမှာ မှုးယောင်သိုမည်းနေသော မေ့ အချစ်ဆုံး နှစ်ယောက်ရဲ့ မျက်နှာနှစ်ခုက မေ့ရင်ဝကို ဆောင့်တွန်းပစ်လိုက်သည်။

"ဒါ ... ဒါက ဘာတွေဖြစ်နေကြတာလဲ၊ ဘာတွေဖြစ်နေတာလဲ"

မေသည် အာခေါင်ခြစ်၍အော်ရင်း သူတို့နှစ်ယောက်ဆီ ပြေးဝင်သွားသည်။

"ဟဲ့ ... ဖိုးပု နင်က ဘာရပ်အားပေးနေတာလဲ၊ လာပါဟဲ့၊ လာဆွဲဦးဟဲ့ ..."

မေက ဖိုးပုကိုလည်း အော်ခေါ်၊ ထိုးကြိတ်နေသည့် ကိုကိုတို့ နှစ်ယောက်ကိုလည်း အတင်းဆွဲ၍ လူချင်းခွဲလိုက်သည်။

ဖိုးပုက ဟျာဟျာသလဲ ပြေးလာပေမယ့် နွားနို့ကုလားက 'ပွဲပျက်ပြီကွာ' ဟု စိတ်ပျက်လက်ပျက် ညည်းရင်း သူ့ပိုက်ဆံသူယူကာ လှည့်ထွက်သွားလေသည်။

မေသည် ကိုကိုတို့ နှစ်ယောက်ကို ဆွဲလွဲရန်မျှင်ပြီးသော် ဘယ်သူ့ကိုမှ ဘာစကားမှမပြောချင်တော့လောက်အောင် အရာရာကို စိတ်ကုန်မောဟိုက်သွားတော့သည်။





စိတ်ကုန်သည်။ စိတ်ကုန်သည်။

ဒီအိမ်ကလူတွေနှင့် ဒီအဖြစ်အပျက်တွေကို စိတ်ကုန်လွန်းလို့ ကိုယ့်ဆံပင်ကိုယ် စိတ်ရှိလက်ရှိ ကုပ်ဖွပြီး အာခေါင်ခြစ်၍ အော်ဟစ်ငိုပစ်ချင်လာသည်။

မေ့နားမှာတော့ မေ့ကို တိုင်တည်နေကြသော တစ်ယောက်တစ်ပေါက် အသံတွေကို မကြားချင်ဘဲ ကြားနေရသည်။

"မေ့သူငယ်ချင်းက ကိုကို့ကားကို ကိုကိုမရှိတုန်း ယူမောင်းပြီး တိုက်လာခဲ့တယ်ကွာ၊ ဒီကားကို ကိုကို ဘယ်လောက်မြတ်နိုးတယ်ဆိုတာ မေ အသိဆုံးပဲ၊ ဒီကိစ္စကို ကိုကို လုံးဝခွင့်မလွှတ်နိုင်ဘူး၊ ကိုကို့မှာ သည်းခံနိုင်တဲ့ အတိုင်းအတာ ကုန်ဆုံးသွားပြီ ..."

"နင့်ယောကျ်ားက ငါ့ကို ကြည့်မရတာနဲ့ပဲ အိမ်ပေါ်က နှင်ချဖို့ အကြောင်းရှာနေတာ၊ သူ့ကားကို ငါက တမင်တိုက်အောင် လုပ်လာတာမှမဟုတ်တာ၊ မတော်တဆဖြစ်လာတာပဲ၊ ဒါလေးတောင် နားလည်မပေးနိုင်ဘူးလား၊ ဒီလောက် နားလည်မှုမရှိတဲ့ ယောကျ်ားကို နင်မို့လို့ ..."

"ဒီလောက် အလိုက်ကန်းဆိုး မသိတဲ့ သူငယ်ချင်းကို မေမို့လို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"နှင့်လူ နင်ကြည့်ပြော …"

"မေ့လူ မေကြည့်ပြော …"

"မေ … နင့်လူထိုးထားတာ ငါ့မျက်နှာမှာ ညိုမည်းနေတာပဲ ကြည့်စမ်း"

"မေ … မေ့သူငယ်ချင်း လက်သံပြောင်ထားတာ ကိုယ့် နှာခေါင်းရိုးတောင် ကျိုးပြီးလား မသိဘူး၊ ဒီမှာ ကြည့်စမ်း"

"နင်ရောက်လာတော့ ငါတို့ပွဲက အနိုင်အရှုံး မသိတော့ဘူး"

"မေရောက်လာတော့ ဒီကောင့်ကို အလဲထိုးပြီး ဒီအိမ်ပေါ်က ဆင်းခိုင်းလို့ မရတော့ဘူး"

"အား …"

ခုန ဆွဲရလွဲရနှင့်မို့ ဆံပင်တွေ ပွယောင်းနေသော မေသည် ကိုကိုတို့ နှစ်ယောက်ရဲ့ တိုင်တည်သံတွေကြားမှာ ဦးနှောက်တွေ ပွက်ပွက်ဆူလျက် ရူးမတတ်ဖြစ်လာရတာမို့ ဆံပင်တွေထဲ လက်နှစ်ဖက် ထိုးသွင်း၊ နားရွက်နှစ်ဖက်ကို ဖိအုပ်၊ မျက်လုံးစုံမှိတ်ကာ အားခနဲ အာခေါင်ခြစ်အော်ရင်း အိမ်ပြင်သို့ ပြေးထွက်လာခဲ့မိလေသည်။

"မသိတော့ဘူး၊ ဘာမှမသိတော့ဘူး၊ ဘာမှလာမပြောကြနဲ့"





မေသည် ဆံပင်စုတ်ဖွားဖြင့် ခြံထဲတွင် ဟိုပြေး ဒီပြေး ယောက်ယက်ခတ်လျက် ပါးစပ်ကလည်း ပွစိပွစိ ရေရွတ်နေသည်။

"မမမေ … မမမေ၊ သတိထားပါ မမ့မေ"

မိုးပုသည် မမမေများ ရူးသွားပြီလားဟု တွေးကာ မမမေကို မျက်လုံးပြူးကြည့်ရင်း တစ်ခုခု ဖောက်သွားရင် ထိန်းပေးဖို့ နောက်မှ တကောက်ကောက် လိုက်နေသည်။

မေသည် ခြံထဲတွင် တပွစိစိရေရွတ်ရင်း တောင်ပြေး မြောက်ပြေး ပြေးနေပြီးမှ မီးဖိုချောင်ဘက် ပြန်ပြေးဝင်ပြီး ဓားဘစ်ချောင်းကို သွားပြေးဆွဲလိုက်သည်။

မိုးပုသည် အူထဲ အသည်းထဲ ယားသွားကာ မမမေကို ပြေးလည်းမဆွဲရဲဘဲ …

"မမမေ … ဘာ … ဘာလုပ်မလို့လဲ၊ ဓားကြီးချထားလိုက်ပါ"

ဟု တုန်တုန်ယင်ယင် တားမြစ်ရင်း နောက်သို့ ခြေတစ်လှမ်းပြီး တစ်လှမ်း ဆုတ်ဆုတ်သွားချိန်တွင် မေသည် ဓားကိုဆွဲလျက် အိမ်ထဲသို့ ပြေးဝင်လာလေသည်။

"အံမလေး ဆရာရေ … မမမေရယ် ဓားကြီးနဲ့ လာနေပါပြီ ဗျို့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဖိုးပုက အော်ဟစ်လိုက်ချိန်တွင် မေသည် ကိုကို နဲ့ ချိုကို့လက်က ဘောက်ဆင်အိတ်တွေကို ဆွဲဆွဲချွတ်လိုက်ပြီး စားဖြင့်ခုတ်၍ နုပ်နုပ်စဉ်းလေသည်။

"ဟာ ... မေ ... မလုပ်ပါနဲ့၊ တော်ပါတော့ ..."

"ဟဲ့ ... မေ ... တော်စမ်း ... တော်စမ်း ..."

"အမလေး ... မမမေရယ်၊ တော်ပါတော့ ..."

အားလုံး ဝိုင်းအော်တားမြစ်နေပေမယ့် မေက ချက်ချင်း ရပ်မသွား။ အဲကြိတ်လျက် ချွေးသီးချွေးပေါက်တွေ ကျလာသည်အထိ အားရအောင် နုပ်နုပ်စဉ်းပြီး ကျေနပ်တော့မှ ဓားကိုဆောင့်လွှတ်ချကာ အခန်းထဲသို့ ချာခနဲ လှည့်၍ပြေးဝင်သွားတော့သည်။

◆ ◆ ◆





( ၁၈ )

✤ ✤ ✤

BURMESE CLASSIC .com

ထိုညက ကိုယ့်မျက်နှာကိုယ် ရေနွေးကျပ်ထုပ်ထိုးပြီး မောမောနှင့် အိပ်မောကျသွားခဲ့သော ပြည့်မင်းသည် မနက်မိုးလင်းသောအခါ ဇနီးအလိမ္မာလေးကို မတွေ့ရတော့ချေ။

အိပ်ရာပေါ်တွင် မေ ချန်ထားခဲ့သော စာလေးကလည်း အင်မတန် နုံးညံ့ပါပေ၏။

*ရှင်တို့နဲ့ အတူမနေချင်တော့ဘူး။*
*နှစ်ယောက်စလုံးကို စိတ်ကုန်တယ်။*
*လိုက်မရှာကြနဲ့ ...။*

ပြည့်မင်းရဲ့ အိပ်ရာနိုးစ မျက်လုံးများသည် ထိုစာကြောင့် ပြူးကျယ်သွားရ၏။

ပြည့်မင်းသည် အခန်းထောင့်က ဗီရိုကို သွားဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ကြည့်မိတော့ မေ့အဝတ်အစားတွေကို မတွေ့ရတော့ …။ အခန်းထောင့်က ခရီးဆောင်လက်ဆွဲသေတ္တာကြီးလည်း မရှိတော့။ မေယူသွားသော ပစ္စည်းပမာဏမှာ ခဏတစ်ဖြုတ်အတွက် ဟုတ်ပုံမရတာမို့ သူ့ခေါင်းမွေးတွေပင် ထောင်ထချင်အောင် ထိတ်လန့်လျက် အခန်းပြင်သို့ ပြေးထွက်လာခဲ့ပါသည်။

"ဖိုးပုရေ၊ ဖိုးပု၊ ဖိုးပု"

"ခင်ဗျာ … ဆရာ၊ လာပါပြီ … လာပါပြီ"

"မင်း … မင်း မမမေကော ဘယ်မှာလဲ၊ မေ ဘယ်ထွက်သွားတာ တွေ့လိုက်လဲ၊ မင်းကို ဘာပြောသွားလဲ …"

"ဟို … ဟို … နင့်ပါးစပ် ပိတ်ထား၊ ငါ့ကို ဘာမှလာမမေးနဲ့၊ နင့်ဆရာကိုလည်း ဘာမှသွားမပြောနဲ့လို့ ပြော ပြောသွားပါတယ် ဆရာ၊ ဟို … ကျွန်တော် … ကျွန်တော် အထုပ်တော့ ကူသယ်ပေးလိုက်ရတယ်"

"သေကွာ … သေ၊ သေလိုက်တော့ …"

ပြည့်မင်းသည် ဖိုးပုကိုဆက်မေးမနေတော့ဘဲ အပေါ်ထပ် ချိုကို့အခန်းသို့ ခြေသံတဒုန်းဒုန်းဖြင့် ပြေးတက်လာခဲ့ပြီး ချိုကို့အခန်းတံခါးကို ဒုန်းခနဲ ဆောင့်ကန်ပစ်လိုက်သည်။

ဟိုအခါ အခန်းတံခါးက ဝုန်းခနဲ ပွင့်လာပြီး …





"ခင်ဗျား ရှိုင်းလှချည်လား၊ စောစောစီးစီး ရန်စနေတာလား၊ မေရေ … ဒီမှာလေ …"

"အော်မနေနဲ့၊ အော်မနေနဲ့၊ မေ မရှိတော့ဘူး၊ မင်း နှိပ်စက်လို့ ထွက်သွားပြီ၊ အခု မေ မရှိတော့ဘူး၊ မင်း ဘာလုပ်ပေးမလဲ ပြော၊ ငါ့မိန်းမ ပျောက်သွားတာကို မင်းဘာလုပ်ပေးနိုင်မလဲ ပြော"

"ကျုပ်ကဘာလုပ်ပေးတတ်မလဲ၊ ခင်ဗျားက သူ့ယောက်ျားပဲ၊ ခင်ဗျား လိုက်ရှာပေါ့"

"အေး … ရှာမယ်၊ ငါ့မိန်းမကို မတွေ့တွေ့အောင် ရှာမယ်၊ ဒါပေမယ့် လိုက်မရှာခင် မင်း ဒီအိမ်က ဆင်းသွားတာကို ကြည့်သွားပါရစေဦး"

"ကျုပ်က မဆင်းရေးချ မဆင်းပဲ၊ မေတောင်မှ ကျုပ်ကို နှင်မချရက်လို့ သူ ဆင်းသွားရှာတာ၊ သူ့ စေတနာကို လေးစားသောအားဖြင့် ကျုပ်ကတော့ ဒီအိမ်မှာ ဆက်နေရမှာပဲ"

ပြည့်မင်းသည် ရှေ့ဆက်စကားမဆိုနိုင်တော့ဘဲ ချိုကို့မျက်နှာကို စိတ်ကုန်စွာ၊ ဒေါသဖြစ်စွာဖြင့် အတန်ကြာသည်အထိ စိုက်ကြည့်နေလိုက်မိပြီးမှ …



www.burmeseclassic.com

www.burmeseclassic.com



"လက်စသတ်တော့ မင်းက ယောကျ်ားတစ်ပိုင်း မိန်းမရိုင်းကြီးပါလား ချိုကိုကို"

ဟု ပြောပြီး ချာခနဲ လှည့်ထွက်လာပါသည်။

◆ ◆ ◆





(၁၉)

✤ ✤ ✤

မေ့ကို ဘယ်မှာမှ ရှာမရ။

ဘယ်လိုမှလည်း စုံစမ်းလို့မရ။

မေက သူ့အလုပ်ကနေ လစာမဲ့ခွင့် ၃ လ ယူသွားသည်။ ကားလည်းယူမသွားဘဲ ခြေရာဖျောက်၍နေသည်။

မေ မရှိတော့ အိမ်မှာ ဖိုးပု အမေကိုပါ ပြန်ခေါ်ထားလိုက်ရသည်။ ပြည့်မင်းကတော့ အလုပ်ပျက်အကိုင်ပျက် မုဗ္ဗာပါ ပွေလျက် မေ့ကို စုံစမ်းရှာဖွေနေရလေသည်။

မေ့ကို ရှာမရလေ ချိုကို့ကို ဒေါသထွက်ရလေနှင့် မို့ အိမ်မှာနေရတာလည်း အကုသိုလ်တက်လှပါသည်။ ချိုကို့ကို တွေ့လိုက်ရတိုင်း ...

"မေ့ကို ပြန်ရှာမတွေ့လို့ကတော့ မင်းအသေပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ခဏခဏ ကြိမ်းဝါးမိနေသည်။

မေ မရှိသည့် အိမ်မှာ နေလို့လည်း မပျော်နိုင်တော့။

မေ့ကို လွမ်းရ စိတ်ပူရတာ တစ်ဖက် 'ဒင်းကြောင့်' ဟု ချိုကို့ကို ဒေါသထွက်ရတာက တစ်ဖက်နှင့် စိတ်ဒုက္ခကြီးစွာ ရောက်ရတာမို့ တစ်နေ့တော့ သူက သူ့ခရီးဆောင်သေတ္တာကြီး ထဲကို အဝတ်အစားတွေ ထည့်သိုလိုက်ပြီး ...

"မေ့ကို မတွေ့မချင်း ပြန်မလာဘူး"


ဟု ကြွေးကြော်လျက် အိမ်မှထွက်ခဲ့လေသည်။

◆ ◆ ◆



BURMESE CLASSIC .com






www.burmeseclassic.com

www.burmeseclassic.com



(၂၀)

✤ ✤ ✤

ချိုကိုသည် အိမ်ရှေ့ဝရန်တာလေးတွင် မေးထောက်တင်လျက် မေပြန်လာလေ့ရှိသည့် လမ်းကလေးဆီ မျှော်ငေးနေမိလေသည်။

မေ့ကို ချိုကို လွမ်းလှပြီ ...။ မေနဲ့ ခုလို အကြာကြီး တစ်ခါမှ ခွဲမနေခဲ့ဖူးပါ။ ခုဆို မေ ထွက်သွားတာ တစ်လတောင် ပြည့်ပါတော့မည်။ အပေါ်ယံကသာ ခပ်ပေါ့ပေါ့လေး နေနေရပေမယ့် ချိုကို မေ့အတွက်စိတ်ပူလှပါသည်၊

ဦးပြည့်မင်းကိုသာ မပြောရင်ရှိရမယ်၊ ချိုကိုလည်း ကိုယ့်နည်းကိုယ့်ဟန်နှင့် မေ့ကို ကျိတ်ရှာခဲ့တာပင်။ ကျောင်းတုန်းက သူငယ်ချင်းတွေ၊ နယ်က မေ့အမျိုးတွေ၊ မေ့အလုပ်က လုပ်ဖော်ကိုင်ဖက်တွေပါမကျန် ချိုကို လိုက်စုံစမ်းခဲ့ပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ချိုကို ခုလိုလုပ်နေတာတွေဟာ မေ့ကို စိတ်ဒုက္ခရောက်စေလို၍တော့ မဟုတ်ခဲ့ပါ။ ဦးပြည့်မင်းကို မုန်းမိလို့သာပင်။

မေ့ကို ချိုကို့ထံမှ ခွဲထုတ်သွားသော၊ ချိုကိုနဲ့ မေ့ရဲ့ သံယောဇဉ်ကို နားလည်မပေးဘဲ သဘောထားသေးလှသည့် ဦးပြည့်မင်းကို ချိုကို မုန်းသည်။ မုန်းမုန်းနှင့် အရွဲ့တိုက်ခဲ့မိသည်။ အနှောင့်အယှက်ပေးခဲ့မိသည်။ မေနဲ့လည်း မခွဲနိုင်တာမို့ မေ့အိမ်မှာ လိုက်နေခဲ့မိသည်။ ခုတော့ မေ့ခမျာ စိတ်ညစ်ပြီး အိမ်မှထွက်သွားခဲ့ပြီ။

မေ ထွက်သွားသည့်အတွက် ချိုကိုလည်း ထွက်သွားလိမ့်မည်ဟု ဦးပြည့်မင်းက မျှော်လင့်သည်။ ချိုကိုကလည်း ထိုမျှော်လင့်ချက်ကို ရိုက်ချိုးသည်။

မေ တစ်နေ့ ပြန်ရောက်လာမှာပဲဟု ချိုကို ယုံသည်။ သံယောဇဉ်ရှိသောသူများနှင့် ကြာကြာခွဲမနေနိုင်သော မေ့အားနည်းချက်ကို ချိုကို သိသည်။ မေပြန်လာမည့်အချိန်ကို မေ့အငွေ့အသက်လေးတွေ ရှိနေသော ဒီအိမ်ကနေပဲ ချိုကို ကြိုနေချင်ပါသည်။

ဦးပြည့်မင်းက ဖိုးပုဆီကိုတော့ မကြာခဏ ဖုန်းဆက်လေ့ရှိတာမို့ ဖိုးပုဆီကနေ တစ်ဆင့် ဦးပြည့်မင်း သတင်းကိုတော့ ရနေသည်။





"ဆရာက ... အခု မန္တလေးမှာတဲ့ ကိုချိုကို၊ သူ့ သစ်အချောထည် စက်ရုံက ဟိုမှာလည်း ရုံးခွဲရှိတော့ ခုလောလောဆယ် အဲ့ဒီမှာနေရင်း မမမေကို ရှာနေတယ်၊ မမမေကို မန္တလေးဘက်မှာ တွေ့လိုက်တယ်လို့ သတင်းကြားထားလို့ ဆရာလည်း အဲ့ဒီမှာပဲ နေပြီး စုံစမ်းနေတယ်ထင်တယ်"

ဖိုးပုအမေ ဒေါ်ဒေါ်ဝင်းကလည်း ဦးပြည့်မင်းနှင့် မေတို့အခန်းကို နေ့စဉ်မပြတ် သန့်ရှင်းရေးလုပ်သည်။

"မောင်ပြည့်မင်းက ခဏခဏ ဖုန်းဆက်ပြောတယ်လေ၊ မေပြန်လာရင် သန့်သန့်ရှင်းရှင်းလေးဖြစ်နေအောင် သူတို့ အိပ်ခန်းကို နေ့တိုင်း ရှင်းလင်းထားပေးပါတဲ့"

ချိုကိုသည် ဖိုးပုနှင့် ဒေါ်ဒေါ်ဝင်းဆီက သတင်းစကားကိုသာ စောင့်နားထောင်ရင်း မေ့ကိုမျှော်မောနေခဲ့ရပါသည်။

ညနေခင်းမို့ နေရောင်ခြည် ဝါဖျော့ဖျော့လေးက ဝရန်တာ တစ်ဝိုက်ဆီမှာ နွေးနွေးလေး ဖြာကျနေသည်။ ချိုကိုကလည်း ဟိုတွေး ဒီတွေးနှင့် တစ်ယောက်တည်း မေးတောက်မျှော်ငေးနေသည်။

ထိုအချိန်မှာပဲ ချိုကို့မြင်ကွင်းထဲသို့ ယောကျ်ားတစ်ယောက် ဝင်ရောက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူပါလိမ့်' ဟု ကြည့်မိနေဆဲမှာ ထိုသူ့ပုံစံက ထင်ရှားလာသည်။

ညိုရွှေရွှေအရောင် ဆံပင်က နဖူးပေါ်မှာ ဖွာလန်လန်လေးတွေ အုပ်ကျနေသည်။ အသားရောင်က ဖြူဖွေးထင်းလင်းသန့်ထွက်နေသည်။ သားရေညိုအိတ်ပြားပြားကို စလွယ်သိုင်းလွယ်လျက်၊ လက်တစ်ဖက်မှာ နီညိုကွက် ခရီးဆောင်လက်ဆွဲအိတ်ကို ကိုင်ထားသည်။ အရပ်က မြင့်မတ်လျက်၊ လူပုံစံက ကြံ့ခိုင်ထွားကျိုင်းသည်။ ခြေထောက်မှာ စီးထားတာက ရှေ့ဦးချွန် ကမ်းထရိုးရှူးစ်ပုံစံမျိုး။ ပေါင်တစ်လျှောက်မှာ ဖွာလန်နေသည့် ဒီဖိုင်းနှင့်ဂျင်းဘောင်းဘီကျပ်ကျပ်ကို တီရှပ်လက်ရှည်အနက်နှင့် တွဲဝတ်ထားသည်။ သူ့ခြေလှမ်းတွေက ပေါ့ပါးချက်ကြွသည်။ သူ့အိမ်သူ့ရာကို ပြန်လာသလိုမျိုး။

"ဘယ်သူပါလိမ့် ..."

ချိုကိုက မျက်မှောင်ကြုတ်လျက် သူ့ကို စူးစူးစိုက်စိုက် ငုံ့ကြည့်နေဆဲမှာ သူက ရုတ်တရက် ချိုကို့ကို မော့ကြည့်လိုက်ပါသည်။ ထိုအကြည့်က စူးရှသလို မြူးလည်းမြူးကြွ၊ ကြည်လည်းကြည်လင်။ ချိုကိုသည် ထိုအကြည့်နှင့်ဆုံမိုက်မှာ ရင်ထဲတစ်မျိုးကြီးဖြစ်ကာ တစ်ချက် လှုပ်သွားသည်။





"ဟေး ..."

သူက ဟေးခနဲအော်ရင်း ချိုကို့ကို လက်လှမ်းပြနှုတ်ဆက်လိုက်ပြီး ...

"ညီလေး ... ဒါ ပြည့်မင်းတို့အိမ် မဟုတ်လားကွ"

ဟု အော်မေးလိုက်သည်။

"ဟုတ်တယ်ဗျ ... ခင်ဗျားက ဘယ်သူလဲ"

ချိုကိုကလည်း ဝရန်တာပေါ်ကနေ ငုံ့ကြည့်ရင်း ပြန်အော်မေးလိုက်သည်။

"ကိုယ်က ပြည့်မင်း သူငယ်ချင်း"

"ဦးပြည့်မင်းလည်း မရှိဘူးဗျ"

"သိတယ်လေ၊ သူနဲ့ ဖုန်းပြောပြီးပြီ၊ သူလွှတ်လိုက်လို့လာတာ၊ ညီလေးက မေသော်တာ့ မောင်လေး ချိုကိုကို မဟုတ်လား၊ လာကွ ... ဆင်းခဲ့ပါဦး ..."

"ဟင် ..."

ချိုကိုသည် ထိုသူ့အပြောကို လန့်ဖျပ်သွားကာ သိချင်စိတ်စောလျက် အပေါ်ထပ်မှ ပြေးဆင်းလာခဲ့ပြီး ဖိုးပုနဲ့ ဒေါ်ဒေါ်ဝင်းကို တကြော်ကြော် အော်ခေါ်လိုက်ပါသည်။

"ဖိုးပုတို့၊ ဒေါ်ဒေါ်ဝင်းတို့ ဘယ်ရောက်နေလဲ၊ လာကြပါ



www.burmeseclassic.com

www.burmeseclassic.com



ဦး၊ ဒီမှာ ဦးပြည့်မင်း ညှေ့သည်တဲ့၊ အမုန်အကန်လား၊ အကြံအဖန်လားဆိုတာ လာကြည့်ကြပါဦး"

"သြော် ... ဟဲ့ ... ညှေ့သည်က ရောက်ပြီလား၊ မောင်ထွင့် ခေါင်မြတ် ထင်တယ်၊ မောင်ပြည့်မင်း မနက်ကပဲ ဖုန်းဆက်ထားတယ် ချိုကိုရဲ့၊ ဒီနေ့ သူ့သူငယ်ချင်း နိုင်ငံခြားကနေ ရောက်လာမှာတဲ့၊ သူမရှိတုန်း လိုလေသေးမရှိအောင် ညှေ့ ...းလိုက်ပါတဲ့၊ သူက ဒီမှာ တစ်လ နှစ်လလောက် ...နေထိုင်မှာတဲ့"

ဒေါ်ဒေါ်ဝင်းက အဆက်မပြတ် ပြောရင်း အိမ်ရှေ့သို့ ထွက်လာကာ ...

"မောင်ရင်က ..."

"ကျွန်တော်က ထွင့်ခေါင်မြတ်ပါ ခင်ဗျ"

"သြော် ... အေးကွယ်၊ ဝင်ပါ၊ မောင်ပြည့်မင်း ဖုန်းဆက်ပြောထားပါတယ်၊ ဒေါ်ဒေါ်က မောင်ပြည့်မင်း တပည့်လေးရဲ့ အမေပါကွယ်၊ ဆွေလို မျိုး...ို နေနေတာ ကြာပါပြီ၊ မောင်ပြည့်မင်းက သူမရှိတုန်း ... ယ်ချင်းကို ဂရု...်လိုက်ဖို့ သေချာမှာထားပါတယ်"

"...အေးဆေး ဒေါ်ဒေါ် ... အေးဆေး၊ ကျွန်တော့်ကို ညှေ့သည်





ကြီးလို ဂရုစိုက်နေဖို့မလိုပါဘူး၊ ကျွန်တော်လည်း ညှေ့သည်လို မနေတတ်ပါဘူး၊ ကိုယ့်အိမ်ကိုယ့်ရာလို သဘောထားပြီး လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး နေမှာပါ ..."

ထွင့်ခေါင်မြတ်က ခပ်မြူးမြူးသွက်သွက်ပြောပြီး ညှေ့ခန်း ဆိုဖာပေါ် အိခနဲထိုင်ချလိုက်ပါသည်။ ထို့နောက် ...ဖာနောက်မှီကို လက်နှစ်ဖက် ဆန့်တန်းတင်လျက် သက်သောင့်...သာ မှီလျောထိုင်လိုက်ပြီး လေှကားရင်းမှာ ရပ်နေ...သည့် ချိုကို့ကို လှမ်းကြည့်ကာ ...

"ညီလေး ... လာလေကွာ၊ ထိုင်ပါဦးကွ"

ဟု လှမ်းခေါ်လိုက်သည်။ ချိုကိုသည် ရင်ထဲက ရှုံ့ထိတ်လှသော်လည်း ဘာမှမဖြစ်လေဟန် မျက်နှာထားတည်တည်ဖြင့် သူထိုင်နေသည့် ဆိုဖာရှည်ရဲ့ တစ်ဖက်စွန်းမှာ ဝင်ထိုင်လိုက်သည်။

သူက သူ့ခန္ဓာကိုယ်ကို ငုံ့ကိုင်းကာ ချိုကိုမျက်နှာကို အနီးကပ် ပြုံးစိ...ကြည့်လိုက်ရင်း ...

"ဟာ ... သေချာကြည့်မိတယ်၊ မသေဘ်တော့ မောင်လေးက ...လေ ...ပါလားကွာ၊ မင်းကြည့်ရတာ ကိုရီးယားမင်းသားနဲ့တူတယ်၊ မင်းသားလုပ်ပါလို့ ရတာ ... သိ...ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ပိန်နေတာလေး တစ်ခုပဲ ပြုပြင်ယူရမှာ၊ ကျန်တာ အိုကေပဲ ဝိတ်လေး ဘာလေး မ,ပေါ့ကွာ၊ ဒါမှ ပခုံးကြွက်သားတွေ ဘာတွေ တောင့်လာမှာကွ …

ထွန်းခေါင်မြတ်က စကားပြောရင်း ချိုကို့ခေါင်းကို အုပ်ကိုင်လှုပ်ယမ်းလိုက်သည်။ ပြီးတော့ ဝိတ်လေး ဘာလေး မ,ဖို့ ပြောရင်း ဝိတ်မသည့်ပုံ လုပ်ပြပြီးတာနှင့် ချိုကို့လက်မောင်းကို လက်သီးဖြင့် ခပ်ဖွဖွ လှမ်းထိုးလိုက်လေသည်။

ချိုကိုသည် 'ငါယောက်ျားကွ' ဟု အားတင်းလျက် ဘာမှမဖြစ်သယောင် ခပ်တည်တည် ဟန်ဆောင်နေရပေမယ့် ထိုလူ ရှေ့မှ ထ,ထွက်ပြေးချင်လောက်အောင် လူက ထူပူရှက်ရွံ့လာ ကာ …

"ခင်ဗျား ခဏနေဦး၊ ခင်ဗျားဖို့ အအေးမှာပေးဖို့ ဒေါ်ဒေါ် ကို ပြောလိုက်ဦးမယ်"

ဟု ပြောပြီး ဆတ်ခနဲ ထရပ် လှမ်းထွက်စဉ် ထွန်းခေါင်မြတ်က …

"နေပစေ ညီလေး၊ ကိုယ် မသောက်တော့ဘူး"

ဟုပြောရင်း ချိုကို့လက်ကို ဖမ်းဆွဲထားလိုက်သည်။ ချိုကို့မှာ ဆတ်ခနဲ ရုန်းထွက်လိုက်ချင်ပေမယ့် ဟန်မပျက် နေနေ





ရသည်။ သူက ချိုကို့လက်ကို လွှတ်မပေးဘဲ သူ့မျက်နှာနားသို့ ကိုင်မြှောက်ကပ်ကြည့်လိုက်ရင်း …

"ကြည့်စမ်း … မင်း လက်ကောက်ဝတ်လေးက သေးသေး လေးပါလားကွ၊ မင်း အားကစားလေး ဘာလေး နည်းနည်းမှ မလိုက်စားဘူးလား၊ ခုခေတ် ကောင်လေးတွေ ကြည့်ရတာ Hip Hop လိုလို ဘာလိုလိုနဲ့ အားကစားလည်း မလိုက်စားကြတော့ ခန္ဓာကိုယ်တွေက တဖြည်းဖြည်း ကျုံ့လှီလာတယ်ကွာ"

ချိုကိုသည် မခံချင်ဖြစ်လာကာ …

"ကျွန်တော် လက်ဝှေ့ထိုးတယ်ဗျ"

"ဟ … တယ်ဟုတ်ပါလား။ ကိုယ်တောင် လက်ဝှေ့မထိုးတတ်ဘူး၊ ရောက်တုန်းရောက်ခိုက် မင်းဆီက သင်သွားဦးမှပဲ၊ မင်းကွာ လက်ဝှေ့ထိုးတာတောင် ဒီလက်ကောက်ဝတ်က ဒီလောက်သေးရသလား၊ နေဦး … နောက်နေ့မှ လက်ကောက်ဝတ် ကြံ့ခိုင်အောင် လေ့ကျင့်တဲ့ power wrist ဝယ်ပြီး ကျင့်ခိုင်းဦးမယ်၊ ကဲ … လာ ထိုင်စမ်းပါကွ၊ အအေးဆေးပေါ့၊ ဧည့်သည်မှ မဟုတ်တာ အအေးတွေ ဘာတွေ မလိုပါဘူး၊ ကိုယ်သောက်ချင်ရင် ကိုယ့်ဘာသာ သွားယူသောက်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထွင့်ခေါင်မြတ်က ပြောရင်း ချိုကို့လက်ကောက်ဝတ်ကို ဆွဲချလိုက်တာမို့ ချိုကို့မှာ သူ့ဘေးသို့ ပစ်ထိုင်ကျသွားသည်။ သူက ဆက်၍ စကားတွေ ရွှန်းရွှန်းဝေနေသည်။

"ပြည့်မင်းက ကိုယ့်အချစ်ဆုံး သူငယ်ချင်းဆိုတော့ ပြည့်မင်း မသေသော်တာကို စ,ကြိုက်ပြီဆိုကတည်းက မသေသော်တာ့ အကြောင်းတွေဆို ကိုယ့်ကိုပဲ ရင်ဖွင့်နေကျ၊ အဲဒီအချိန် တွေကတည်းက မနေ့ပါ ကိုယ် သိပ်ခင်သွားတာလေ နောက်တော့ ကိုယ် အမေရိကား ထွက်သွားတာနဲ့ မတွေ့ ဖြစ်ကြတော့တာ၊ မင်္ဂလာဆောင်တုန်းကလည်း ပြန်မလာ ဖြစ်ခဲ့ဘူး၊ ခုမှပဲ အလုပ်ကခွင့်ရလို့ မြန်မာပြည်မှာ အေးအေး ပြန်လာနေဦးမယ်ဆိုပြီး ရောက်လာတော့လည်း သူနဲ့ မတွေ့၊ မေ့မှာ မောင်လေးတစ်ယောက် ရှိတယ်ဆိုတာတော့ ကိုယ် ဒီကိုမလာခင်လေးကမှ ပြည့်နဲ့ ဖုန်းပြောရင်း စကားစပ်မိတာ၊ မေ့မောင်လေးဆိုတော့ နယ်ကရောက်လာ တာပေါ့၊ ဒါပေမယ့် မင်းပုံက နယ်ပုံတော့ လုံးဝမပေါ်ဘူး ဘူးကွ၊ လုံးဝ လန်းတယ်၊ ဗလမရှိတာလေး တစ်ခုပဲ"

ချိုကိုသည် စကားများလှသော ထွင့်ခေါင်မြတ်ကို စိတ်မရှည်ဖြစ်လာကာ ...





"ခင်ဗျားက မြန်မာပြည်ရောက်ရင် တည်းစရာဆိုလို့ ဒီအိမ် တစ်အိမ်ပဲ ရှိတာလား"

"ကိုယ့် မိဘတွေတော့ မရှိတော့ဘူးလေ၊ ဆွေမျိုးတွေနဲ့ လည်း အနေဝေးတယ်၊ ဒီမှာ တခြားသူငယ်ချင်းတွေလည်း ရှိတော့ ရှိပါတယ်၊ ဒါပေမယ့် ဟိုကောင် ပြည့်က သူ့ အိမ်မှာပဲတည်းပြီး သူတို့ပြန်လာတဲ့အထိ စောင့်နေဖို့ ဂျီတွန် နေတာနဲ့ ဒီကိုပဲ လာလိုက်ရတာ ..."

ဟိုလူယုတ်မာကြီးကတော့ ယုတ်မာတုန်းပါလား။ ဒါ ချိုကို့ကို တမင် ချောက်ချချင်လို့ ဆိုတာ အသိသာကြီးပဲ ဟုတ်လား။ မေ့မောင်လေးဟုလည်း ညာလို့မဲ့ထားလိုက်သေးသည်။ ဒီလူကြီးကြည့်ရတာလည်း ချိုကို့ကို မေ့ မောင်လေးဟုပဲ ထင်နေပုံရသည်။ လူကလည်း နှုတ်သွက် လက်သွက်၊ သူ့ကိုယ်သူ ယုံကြည်မှုရှိရှိနှင့် တစ်ဖက်လူကို ရင်းနှီးပိုင်နိုင်စွာ ဆက်ဆံတတ်သော သူမျိုး ...။ ချိုကို့မှာ ချိုကို့ ပခုံးနား ယမ်းယမ်းလာသည့် သူ့လက်ကိုပဲ ကြည့်ရှောင်နေရတာမို့ လူက မသိမသာ ဟိုဒီယိမ်းနွဲ့လိန်တွန့်နေရသည်။ ချိုကိုသည် သူ့ကို အလိုလိုနေရင်း အမြင်ကတ်လာကာ စကားကောင်းလည်း မပြောချင်တော့ဘဲ ...

"ဒါဆို လောလောဆယ်တော့ ခင်ဗျားက ဆွေမဲ့ မျိုးမဲ့ ဘဝနဲ့ ဒီအိမ်မှာ ကပ်နေနေမယ်ဆိုတဲ့ သဘောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟုတ်ပါ့ကွာ၊ မင်းပြောသလိုပဲ ဖြစ်နေပြီ"

"ခင်ဗျားသိတဲ့လူလည်း မရှိတဲ့ အိမ်မှာ ခင်ဗျားမို့လို့ မပျင်းတယ်"

"မင်း ရှိသားပဲကွ"

"ကျွန်တော်နဲ့ ခင်ဗျားနဲ့ သိမှမသိဘဲဗျ"

"အခု သိပြီလေကွာ၊ စကားတွေတောင် အများကြီး ပြောဖြစ်နေမှပဲ"

"ခင်ဗျားပဲ ပြောနေတာ"

"ဟား ... ဟား ... ချာတိတ်က ဂျစ်ပဲကွာ"

ထွန်းခေါင်မြတ်က ပြောပြောဆိုဆို ချိုကို့ခေါင်းကို အုပ်ကိုင်လိုက်ရာ ချိုကိုက ဆတ်ခနဲ ယိမ်း၍ရှောင်လိုက်ရင်း ...

"ဖယ်ဗျာ ... ကျုပ် ခေါင်းကို အဲလို လာလာမကိုင်နဲ့၊ ကျုပ် မကြိုက်ဘူး"

"အိုကေ ... အိုကေ ... မကြိုက်ရင် မကိုင်တော့ဘူး"

ချိုကိုက ထွန်းခေါင်မြတ်အားမှ ထထွက်သွားသည်။ ထွန်းခေါင်မြတ်ကတော့ ချိုကို့ ဂျစ်တစ်တစ်ပုံစံလေးကိုကြည့်ရင်း သဘောကျနေမိပါသည်။ ပုံစံကိုက ပိန်ကိုင်းကိုင်းနှင့် လမ်းသွား





က Rapper ပုံစံမျိုး။ တီရှပ်ပွပွကြီးနှင့် ဂျင်းဘောင်းဘီပွပွကြီးကို ဖိုးရိုးဖားရား ဝတ်ထားပုံက မျက်စိနောက်စရာပေမယ့် မျက်နှာလေးကတော့ ကိုရီးယားမင်းသားတွေလို နှုတ်ခမ်းပြည့်ပြည့်လုံးလုံးလေး၊ နှာတံ လုံးလုံးလေး၊ မျက်ခွံပိတ်ပိတ်လေးနှင့်မို့ မိန်းမချောချောသည်။ သိပ်အရွယ်မရောက်သေးဘူးလားတောင် မသိ၊ အသံက ယောကျ်ား ပီပီသသအသံ ငြိမ်ငြိမ်မျိုး ဖြစ်မလာသေးဘဲ အသံလုံးနည်းနည်းသေးကာ ခပ်စူးစူးရှရှအသံမျိုး ဖြစ်နေသည်။

ပြည့်မင်းကတော့ ဖုန်းထဲကနေ မှာ့ကဲ့သားပဲ။

"မေ့မောင်လေးက တော်တော် ဂျစ်တယ်ကွ၊ မင်း ကြည့်သာပေါင်းပေတော့ ..."

သူကလည်း ပြည့်မင်းတို့ လင်မယား ပြန်မလာခင်မှာ ဒီချာတိတ်လေးနှင့်ပဲ တည့်အောင်ပေါင်းဖို့ စိတ်ကူးထားပါသည်။ ဒီအိမ်မှာ အဒေါ်ကြီးနှင့် ပြည့်မင်းတပည့် အဘုတ္တ အတတလေးက လွဲရင် ကိုယ်နဲ့ ရင်ပေါင်တန်းပြီး စကားပြောဆို ပေါင်းသင်းဆက်ဆံနိုင်လောက်စရာဆိုလို့ ဒီကောင်လေးပဲ ရှိတာလေ။ ဒီကောင်လေးကြည့်ရတာ ဂျစ်ပေမယ့် ဖြူဖြူစင်စင် ကလေးဆန်ဆန် နုနယ်ပုံကလေးမို့ သူ့စိတ်ထဲမှာ တွေ့တွေ့ချင်းကတည်းက သဘောကျ နှစ်လိုနေမိတာပင် ...။



www.burmeseclassic.com

www.burmeseclassic.com



ထွင့်ခေါင်မြတ်က ညည်ခန်းထဲမှာ သက်သောင့်သက်သာလေး ထိုင်၍ အနားယူရင်း တွေးတောနေဆဲတွင် ချိုကိုက မီးဖိုချောင်ထဲသို့ ဝုန်းဒိုင်းကျဲ ဝင်ချသွားကာ ...

"ဒေါ်ဒေါ်ဝင်း ... ဒေါ်ဒေါ်ဝင်း"

"ဟေ ... ဟေ ... ဘာလဲ ကလေး"

"ဦးပြည့်မင်းက ဒေါ်ဒေါ်ဝင်းကို ဖုန်းဆက်ထားတယ်ဆို"

"အေးလေ ..."

"ဖုန်းထဲမှာ ကျွန်တော့်အကြောင်း ဘာတွေပြောသေးလဲ"

"ဩော် ... သူ့သူငယ်ချင်းကိုတော့ ချိုကိုက မေ့မောင်လေးလို့ပဲ ပြောထားတယ်တဲ့၊ အဲဒီလိုပဲ သိပါစေတဲ့၊ ဒါမှ နှစ်ယောက်စလုံး အနေမခက်ဘဲ ရင်းရင်းနှီးနှီး နေဖြစ်ကြမှာတဲ့ ..."

"လူယုတ်မာကြီး"

"ချိုကိုက မကျေနပ်ဘူးလားကွယ့်၊ ဒါဆို ချိုကိုက မိန်းကလေးဆိုတာ အဒေါ် ပြောပြထားလိုက်ရမလား"

"ဘာလို့ပြောမှာလဲ၊ ကျွန်တော်က ယောကျ်ားလေးပဲ"

"ဒါဆိုလည်း ပြီးတာပါပဲကွယ်၊ ခေတ်ကာလ သားသမီးတွေကို အဒေါ်လည်း ဉာဏ်မမီတော့ပါဘူး"





ချိုကိုသည် ဆောင့်ကျပ်နံကျပ်ရိုက်လျက် ဒေါသတွေထွက်ကာ မီးဖိုချောင်ဘက်မှ ပြန်ထွက်လာတော့ ညည်ခန်းမှ ဖြတ်ရပါသည်။

ထိုအချိန်မှာပဲ ထွင့်ခေါင်မြတ်က သူ့အင်္ကျီကို ဆွဲချွတ်လိုက်တာကို လှမ်းမြင်လိုက်ရလေသည်။

"အားပါး ... မင်းတို့ မြန်မာပြည် ရာသီဥတုကလည်း ပူပါကွာ"

ချိုကိုသည် ရုတ်တရက်မို့ အငိုက်မိလျက် ကျောက်ဆစ်ရုပ်လို အချိုးအစား ကျနလှပသော သူ့ခန္ဓာကိုယ်ကို ငေးစိုက်ကြည့်နေလိုက်ပြီးမှ သတိပြန်ဝင်လာကာ အိမ်ပြင်ဘက်သို့ ချာခနဲလှည့်၍ ပြေးထွက်ခဲ့သည်။

ရင်တွေတုန်နေတာ ဘာကြောင့်မှန်းကို မသိချေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## (၂၁)

✤ ✤ ✤

ချူကုသည် ထိုနေ့တစ်နေ့လုံး စိတ်လေလေနှင့် တစ်ယောက်တည်း လျှောက်သွား၊ မုန့်စား၊ ရုပ်ရှင်ကြည့်ပြီး ညနေစောင်းတော့ အိမ်ပြန်လာခဲ့ရပါသည်။

ချိုကို အိမ်ထဲဝင်လာသည်အထိ ဟိုလူ့ အရိပ်အယောင်ကို မတွေ့ရပါ။ ဖိုးပုကတော့ ခြံထဲမှာ တစ်ယောက်တည်း ဘောလုံးပုတ်နေသည်။ ဒေါ်ဒေါ်ဝင်း မီးဖိုဘက်မှာ ရှိမှန်းသိပေမယ့် ဘယ်သူ့ကိုမှ စကားပြောခ်ီ နှုတ်ဆက်ချင်စိတ်မရှိတာမို့ တိတ်တိတ်ဆိတ်ဆိတ်ပင် ချို[illegible] အခန်းရှိရာသို့ တက်လာခဲ့ပါသည်။

ခန်းထဲရောက်တော့ မနက်ကတည်းက မသိမ်းဆည်းဘဲ ရှု[illegible] ထွေးထားခဲ့သော အိပ်ရာပေါ်သို့ မောမောနှင့် ပစ်လှဲအချ ...





"အမလေးဗျ ..."

ဟူသော အသံကြီးနှင့်အတူ ခုလုလု အိစက်စက်အတွေ့ကို ခံစားလိုက်ရသောအခါ ချိုကိုသည် လိပ်ပြာလွင့်မတတ် လန့်ဖျပ်တုန်တက်လျက် ပြုန်းခနဲ ခုန်ထကာ အာခေါင်ခြစ်၍ အော်လေသည်။

"အမလေး ... အား ... အား ... ဘာသိုးလဲ"

"ဘာ ... ဘာကြီးမှ မဟုတ်ပါဘူးကွ၊ [illegible]

ထွန်းခေါင်မြတ်ပါ၊ မျက်လုံးဖွင့်ကြည့်လို့ ..."

"ဟင် ..."

ပြုန်းဆို ချိုကို့အော်သံက ရပ်သွားကာ ဖျတ်ခနဲ မျက်လုံးဖွင့်အကြည့် ... ခေါင်းဘီတိုနှင့် ကိုယ်တုံးလုံးနှင့် အိပ်ရာခင်းစရော စောင်စနှင့်ပါ ရောပတ်ထွေးလုံးလျက် ချိုကို့အိပ်ရာပေါ်မှာ ဒူးတစ်ဖက်ထောင် တစ်ဖက်လှဲ၍ ခပ်ကားကား ထိုင်နေသော ထွန်းခေါင်မြတ်ကို အတွေ့ ...

"အား ..."

ချိုကိုသည် ကိုယ့်မျက်နှာ ကိုယ်[illegible] တစ်ဖက်ဖြင့် ဖျတ်ခနဲ အုပ်ရင်း လန့်ဖျပ်အော်လျက် အခန်းထဲမှ ပြေးထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချိုကို လှေကားပေါ်မှပြေးဆင်းလာချိန်တွင် ဒေါ်ဒေါ်ဝင်းကလည်း လှေကားပေါ် ပြေးတက်လာကာ ...

"ချိုကို ... ချိုကို၊ ဘာဖြစ်တာလဲ၊ အော်သံကြားလိုက်တာ လန့်သွားတာပဲ၊ ဘာများဖြစ်လို့လဲ"

"ဒေါ်ဒေါ်ဝင်း ... ဟိုလူ ... ဟိုလူ ကျွန်တော့်အခန်းထဲမှာ"

"ဪ ... အေး ... ဟုတ်သားပဲ၊ အဲဒါ ချိုကို့ကိုပြောဖို့ ဒေါ်ဝင်း စောင့်နေတာ၊ ချိုကို ပြန်လာတာ မသိလိုက်လို့ မပြောလိုက်ရတာ၊ ဒေါ်ဝင်းက ညည့်သည်ကို အခန်းသပ်သပ် ပြင်ပေးမယ်ပြောပါတယ်၊ ညည့်သည်ကလည်း ဇွတ်ပဲကွယ်၊ ချိုကိုနဲ့ ရင်းရင်းနှီးနှီး ခင်ခင်မင်မင် နေချင်လို့ ချိုကို့အခန်းမှာပဲ အတူတူနေလိုက်တော့မယ်တဲ့၊ သူ့ဖို့ သီးသန့်ပြင်မနေတော့နဲ့တဲ့၊ ပြီးမှ ချိုကို့အခန်းထဲ ခုတင်တစ်လုံး ထပ်ထည့်ပေးပါဆိုတာနဲ့ ဒေါ်ဝင်းလည်း ဘာလုပ်ရမှန်းမသိလို့ ချိုကို ပြန်အလာကို စောင့်နေတာ"

ဒေါ်ဝင်း စကားဆုံးတော့ ထွင့်ခေါင်မြတ်က ချိုကို နောက်နား ရောက်လာကာ ...

"ညီလေး လန့်သွားတယ်ထင်တယ်၊ ဆောရီးကွာ၊ ကိုယ်လည်း ခရီးပန်းတာနဲ့ မင်းအခန်းထဲ ဝင်အိပ်နေလိုက်မိတာ"





"ခင်ဗျား သူများအခန်းထဲကို ခွင့်ပြုချက်မရဘဲ ဝင်စရာလားဗျ"

ချိုကိုက နောက်လှည့်မကြည့်မိအောင် သတိထားပြီး ပြန်ပြောလိုက်ပါသည်။

"ယောကျာ်းချင်းပဲကွာ ... လွတ်လွတ်လပ်လပ်ပေါ့၊ ကိုယ် ဒီမှာရှိနေတဲ့ အတောအတွင်း စကားစမြည်ပြောဖို့ အဖော်လေးလည်းရအောင် ကိုယ် မင်းအခန်းမှာပဲ ပေါင်းနေလိုက်ချင်တယ်လေ"

"မဖြစ်ဘူး ..."

"ဘာဖြစ်လို့လဲ၊ ခုတင်တစ်လုံး ထပ်တိုးရင် ရတာပဲ၊ မင်းအခန်းက ကျယ်သားပဲ"

"ကျွန်တော် နှစ်ယောက်မအိပ်တတ်ဘူးဗျ၊ ပြီးတော့ ခင်ဗျား နေပုံထိုင်ပုံကလည်း ပိုးစိုးပက်စက်ကြီး၊ ကျွန်တော် မကြိုက်ဘူးဗျာ"

"ဟား ... ဟား ... ဆောရီးပါကွာ၊ ကိုယ်က ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ် နေတတ်လို့ပါ"

"နေချင်လည်း ခင်ဗျားအခန်းထဲ ခင်ဗျားနေပေါ့၊ ကျွန်တော့် အခန်းထဲ လာမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ ... ယောကျ်ားဖြစ်ပြီး တော်တော် အရှက်ကြီးတဲ့ ကောင် ..."

"ယောကျ်ားလည်း အရှက်နဲ့ပဲဗျ"

ချိုကိုက ပြန်အော်ပြောလိုက်ပြီး နောက်လှည့်မကြည့်ဘဲ အောက်ထပ်သို့ ပြေးဆင်းသွားပါသည်။ ဒေါ်ဝင်းကတော့ ချိုကို့အဖြစ်ကို ရယ်ချင်လာကာ ဘယ်သူမှမမြင်အောင် ကျိတ်ရယ်လိုက်မိလေသည်။

◆ ◆ ◆





( ၂၂ )

✤ ✤ ✤

"ဒေါက် ... ဒေါက်"

"ဒေါ်ဝင်းလား ..."

ရေချိုးပြီးစ ဆံပင်တိုလေးကို ဒရိုင်ယာဖြင့် မှုတ်နေတုန်းမှာ တံခါးခေါက်သံကြားရတာမို့ ချိုကိုက လှမ်းမေးလိုက်သည်။ ဒီအိမ်မှာ မေ မရှိဘူးဆိုရင် ချိုကို့အခန်းတံခါးကို လာခေါက်မယ့်သူဆိုလို့ ဒေါ်ဒေါ်ဝင်း တစ်ယောက်သာ ရှိပါသည်။

ဒရိုင်ယာသံ ဆူညံနေတာမို့ အပြင်က ပြန်ဖြေသံကို ကောင်းကောင်းမကြားလိုက်၊ ဒေါ်ဝင်းပဲဟု သေချာစိတ်လေးနှင့် ဘောင်းဘီ ဒူးခေါင်းအထက် အတိုလေးပေါ်မှာ ပေါင်လယ်လောက်ရှည်သည့် တီရှပ်အကြီးကြီးကို အမြန်စွပ်ချလိုက်ပြီး အခန်းတံခါးကို သွားပြေးဖွင့်လိုက်စဉ် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ခင်ဗျား"

အခန်း၀မှာ ဘွားခနဲတွေ့လိုက်ရသူဟာ ထွန်းခေါင်မြတ်။ ဗလာကျင်းနေသည့် ခန္ဓာကိုယ်ပေါ်မှာတော့ တဘက်အဖြူတစ်ထည်သာ ပတ်ထားပါသည်။

ထွန်းခေါင်မြတ်က ချိုကို့ကို နှာခေါင်းတစ်ချက်ရှုံ့၍ နှုတ်ဆက်လိုက်ပြီး သူ့ခေါင်းနောက်ဘက်ကို လက်နှစ်ဖက် မြှောက်ကပ် ကုပ်ဖွလိုက်ခြင်းဖြင့် သူ့ချိုင်းမွေး အစုအခဲကို ပြသထားရင်း ...

"အံဟဲ ... အနှောင့်အယှက် ပေးမိရင် ဆောရီးကွာ၊ ကိုယ့်အခန်းက မာစတာဘသ်ရွှန်းမဟုတ်တော့ ရေချိုးရတာ အဆင်မပြေလို့ မင်း ရေချိုးခန်းကို ခဏသုံးလို့ရမလားလို့"

"မရဘူး ..."

"ဒုန်း ..."

ချိုကိုက တံခါးကို အမြန်ဆောင့်ဆွဲပိတ်ပစ်လိုက်ပြီး အခန်းတံခါးကို ကျောမှီအပ်လျက် ကိုယ့်ရင်ဘတ်ကိုယ် ဖိကာ အသက်၀၀ရှူနေရသည်။ ဒီလူဟာ ငါ့ကို အမြဲ အသက်ရှူကြပ်အောင် လုပ်နေတော့တာပါလား။

"ဒေါက် ... ဒေါက်"





ဟော ... ခေါက်ပြန်ပြီ၊ ခုထိ မသွားသေးပါလား။

"မရဘူးလို့ ပြောပြီးပြီဗျာ"

"အေးပါကွာ ... မရမှန်းသိပါတယ်၊ မင်းဆီက ဒရိုင်ယာ ခဏငှားမလို့ပါ၊ ကိုယ့်ဆံပင်က နည်းနည်းထူပွတော့ ခေါင်းလျှော်ပြီးရင် ဒရိုင်ယာနဲ့ မှုတ်မှ အဆင်ပြေလို့ပါ"

သူတစ်ယောက်တည်းနဲ့ ရှုပ်နေတာပဲ။ တစ်နေ့တစ်နေ့ ဟိုဟာ လာငှားလိုက်၊ ဒီဟာ လာငှားလိုက်၊ စကားတွေ လာပြောလျက် ဟိုဟိုဒီဒီ မေးခွန်းတွေ ထုတ်လိုက်။ ခြံထဲဆင်းလိုက်၊ အိမ်ပေါ်တက်လိုက်၊ ဒေါ်ဒေါ်၀င်းတို့ ဖိုးပုတို့နဲ့ စကားသွားပြောပြီး တဟားဟား ရယ်လိုက်နှင့် ညဲ့သည်တစ်ယောက်အားက ညဲ့သည် ဆယ်ယောက်အားနှင့် ညီမျှစွာ ယောက်ယက်ခတ်ကာ အိမ့်ခေါင်းလောင်းကြီး ဖြစ်နေသည်။

ချိုကိုသည် မှန်တင်ခုံပေါ် ချထားသည့် ဒရိုင်ယာကို သွားယူကာ အခန်းတံခါးကို နောက်တစ်ခါ ဖွင့်ရပြန်ပါသည်။

"ရော့ ..."

ဒီတစ်ခါတော့ ချိုကိုက သူ့ကိုမကြည့်ဘဲ မျက်နှာလွှဲကာ ဒရိုင်ယာကို လှမ်းပေးလိုက်သည်။ သို့သော် ... ချိုကို့လက်သာ ဆန့်တန်း ကမ်းပေးထားပေမယ့် သူက လှမ်းမယူ။



www.burmeseclassic.com

www.burmeseclassic.com



"အင့် ... ယူလေ၊ ဘာလုပ်နေတာလဲ"

ချိုကိုက မေးလည်း မေး၊ သူ့မျက်နှာကိုလည်း လှမ်းကြည့်မိရာ သူ့မျက်လုံးအကြည့်တွေက အောက်သို့ စိုက်လျက်သား ...။

"ဘာကြည့်နေတာလဲဗျ"

သူ့အကြည့်တွေက ချိုကို့ ခြေသလုံးဆီမှာမို့ ချိုကိုက ခြေတစ်ဖက်ကို နောက်သို့ လိမ်ဖွက်လျှက် ခပ်ဆတ်ဆတ် မေးလိုက်ရာ သူက ပြုံးစိစိလုပ်ရင်း ...

"မင်း ခြေသလုံးတွေကလည်း ပြောင်ချောကြီး"

"ဘာဗျ ..."

"အမွေးလည်း မရှိဘူး"

"အဲ့ဒါ ခင်ဗျားအပူလားဗျ"

"အံ့သြလို့ပါကွာ ..."

"ခြေသလုံးမွေးတွေက မဲခဲပြီး တောထနေလွန်းလို့ ဈေး ထွက်ရင် ယားလို့ မွေးကျွတ်ဆေး သုံးထားရတာဗျ"

"ဩော် ... ဩော် ... ဒီလိုလား၊ ဒီတစ်ခါ ပြန်ပေါက်ရင် တော့ သူ့ဘာသာ သဘာဝအတိုင်းပဲ ရှိပါစေကွာ ယောက်ျားဆိုတာ ခြေသလုံးမွေးမရှိဘဲ မနေကောင်းပါဘူး ခြေသလုံးမွေးလေးနဲ့မှ ဆွဲဆောင်မှုရှိတာကွ"





"ကျွန်တော့်ဘာသာ အမွေးရှိရှိ မရှိရှိ ခင်ဗျား အပူမပါဘူး ဗျာ"

ချိုကိုက ဒုတိယအကြိမ် တံခါးကို ပြန်ဆောင့်ပိတ်လိုက်ရသည်။

အရာရာကို ပါတယ်။

စပ်ကို စပ်စုတယ်။

လုံးဝ လုံးဝ ကြည့်လို့မရတော့ဘူး ဦးထွင်ရှ်ခေါင်မြတ်ရေ ...။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## (၂၃)

✤ ✤ ✤

ခြေသလုံးမွေးကိစ္စကို စပ်စုသွားပြီးကတည်းက 'အဖြစ်မှန်ကို ရိပ်မိသွားပြီလား' ဟု ချိုကို တွေးတွေးပြီး စိုးရိမ်နေရပါသည်။ သူ့စိတ်ထဲမှာ ချိုကိုဟာ 'မိန်းမများလား' ဟူသည့် သံသယအတွေးမျိုး တစိုးတစိလေးတောင်မှ အဝင်မခံနိုင်ပါ။ သူ့ရှေ့မှာ တစ်ခုခုတော့ ကာဘာယူရမည်ဟု ချိုကိုက တွေးဆမိပါသည်။ သို့နှင့် တစ်မနက်မှာ သူတစ်ယောက်တည်း မနက်စာစားနေတုန်း ချိုကိုက ထမင်းစားခန်းထဲက ဗေစင်ဆီ လျှောက်သွားကာ ...

"ဖိုးပုရေ ... ငါ့အခန်းထဲက ဗေစင်ရေပိုက်ခေါင်းက ရေသိပ်မကျဘူး၊ ဘာဖြစ်နေမှန်းကို မသိဘူး"

ဟု လှမ်းပြော ညည်းညူပြီး မှန်ရှေ့မှာ ရပ်လျက် မေးစေ့ကို မုတ်ဆိတ်ရိတ်ဓားနှင့် ရိတ်ပြနေလိုက်ပါသည်။





ဖိုးပုသည် ချိုကို့ကို အံ့အားသင့်စွာကြည့်ရင်း ...

"မစပ်ဘူးလားဟင်"

ဟု တီးတိုးကပ်မေးလိုက်သည်။ ချိုကိုက စိတ်တိုသွားကာ ဖိုးပုကို မျက်မှောင်ကြုတ်၍ လှမ်းကြည့်လိုက်တော့မှ ဖိုးပုက ခေါင်းကုတ်ရင်း ပြုံးစိစိနှင့် ထမင်းစားခန်းထဲက ထွက်သွားသည်။ ခဏကြာတော့ ထွင့်ခေါင်းမြတ်ကလည်း ...

"ခြေသလုံးမွေး မသန်ပေမယ့် မုတ်ဆိတ်မွေးတော့ သန်ပုံရသား"

ဟု မကြားတကြား ပြောပြီး ထမင်းစားခန်းထဲမှ ထွက်သွားပါသည်။

ချိုကိုလည်း ကိုယ့်မေးစေ့ကိုယ် ဓားမထိအောင် ခပ်တုံးတုံး ဓားထည့်ပြီး ရိတ်ပြနေရတာမို့ မေးစေ့တွေ ယားလာပြီး ရေနှင့် အမြန်ဆေးချပစ်လိုက်ရသည်။

ချိုကို ကို ယောကျ်ားလေးဟုသာ သူယုံကြည်နေစေချင်တာမို့ ချိုကိုက အတတ်နိုင်ဆုံး သူနဲ့ ဝေးအောင်နေနေရသည်။ သို့သော် ချိုကို ဝေးအောင်နေလည်း သူက ချိုကိုနှင့် ရင်းနှီးအောင် ပေါင်းချင်နေသည်။

သူ ချိုကို့အခန်းတံခါးကို ခဏခဏ လာခေါက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းငှားချင်တာတွေ၊ ချိုကို့အခန်းထဲ တံခါးမရှိ ခါးမရှိ ဝင်ချင်ပြီး ချိုကို့ကိုတွေ့တိုင်း ပခုံး လှမ်းလှမ်းဖက်ပြီး ဖက်လှဲတကင်း ရင်းနှီးချင်တာတွေကြောင့် မကြာခဏ စကားများရတတ်သည်။

ပြဿနာတစ်ခုကတော့ တော်တော်ဆိုးပါသည်။

ထိုနေ့က ချိုကိုတစ်ယောက်တည်း တစ်နေကုန် ဈေးဝယ်ထွက်ပြီး ပြန်လာတော့ ခြေထောက်တွေ ညောင်းတောင့်နေသည်။ အခန်းထဲရောက်တော့ ပါလာသမျှ ဖိနပ်အိတ်တွေ၊ ဘောင်းဘီအိတ်တွေကို ပစ်ချ၊ အိပ်ရာပေါ်သို့ ခိုင်ဗင်ထိုးချပြီး မျက်စိမှိတ် ငြိမ်သက်၍ အမောဖြေနေလိုက်သည်။

ငြိမ်နေရင်းက မေးခန် ဖြစ်သွားချိန်မှာပဲ ချိုကို့အခန်းနားက ရေကျသံလိုလို အသံသဲ့သဲ့ကို ကြားလိုက်ရပါသည်။

ချိုကိုသည် တဖြည်းဖြည်း ခေါင်းထောင်ကြွလာကာ နားစွင့်လိုက်မိသည်။

ရေကျသံဟာ ချိုကို့ခြေရင်းဘက် ရေချိုးခန်းဆီမှပင်။

"ငါ ရေမပိတ်ခဲ့မိဘူးလား၊ မဟုတ်သေးပါဘူး၊ သေချာပိတ်ခဲ့ပါတယ်"

ချိုကိုက ဇဝေဇဝါအတွေးဖြင့် ထလာကာ ရေချိုးခန်းဘက်သို့ လျှောက်လာခဲ့သည်။





ရေချိုးခန်းတံခါးက ခပ်ဟဟပွင့်နေသည်။ ချိုကိုက တံခါးကို ဆွဲဖွင့်ပြီး ရေချိုးခန်းထဲ လှမ်းဝင်လာပါသည်။

တံခါးပွင့်ပွင့်ချင်း လှမ်းမြင်ရတာက ဘိုထိုင်အိမ်သာ ကမုတ်ဖြစ်ပြီး ရေချိုးခန်းနှင့် အိမ်သာကို အလယ်မှ ပလစ်စတစ် လိုက်ကာဖြင့် ကန့်ထားသည်။ ရေသံဟာ အဲ့ဒီလိုက်ကာရဲ့ အတွင်းဘက်ဆီကပင်။

"ရေပန်း မပိတ်မိတာများလား"

ဟု တွေးလျက် လိုက်ကာကို ဆွဲဖယ်ဖို့ လှမ်းအကိုင်မှာ လိုက်ကာက လျှောခနဲပွင့်လာလျက် ထွင့်ခေါင်မြတ်ကို ရေစက်လက်နှင့် တဘက်ပတ်လျက်သား တွေ့ရလေသည်။

"အမလေး ..."

ချိုကိုက လန့်အော်လိုက်ပြီး နောက်သို့ ခုန်ဆုတ်လိုက်သည်။

သူက တဘက်တစ်ထည်ဖြင့် သူ့ကျောပြောင်ကို ကန့်လန့်ဖြတ် ပွတ်တိုက်သုတ်ရင်း ချိုင်းမွေးတွေကိုလည်း ဟပြလျက် ရေချိုးခန်းထဲမှ လှမ်းထွက်လာကာ ...

"မင်းကတော့ကွာ ... ကိုယ့်ကို ကိုယ်လုံးတီးနဲ့မြင်တိုင်း လန့်ချည်းအော်နေတော့တာပါလား၊ ဆာရီးကွာ ... အော



www.burmeseclassic.com

www.burmeseclassic.com



ထပ်က ရေချိုးခန်းက ရေပန်းလည်းပျက်၊ ဘယ်လိုမှလည်း သုံးလို့ အဆင်မပြေတာနဲ့ မင်းမရှိတုန်း မင်းရေချိုးခန်းကို သုံးလိုက်မိတယ်"

ချိုကိုက သူ့မျက်နှာတည့်တည့်မှာသာ အကြည့်ကို စူးစိုက်ထားရင်း ခပ်ငေါ့ငေါ့ ပြန်ပြောမိသည်။

"ခင်ဗျားလည်း ကျွန်တော့်ပစ္စည်းနဲ့ကို မကင်းနိုင်တော့ဘူး လားနော်"

"အေး ... အဲဒီလိုပဲဖြစ်နေတယ်၊ သည်းခံပေါ့ကွာ၊ တောင်း ပန်တယ်"

"မီးဖိုချောင်ဘက်က ရေချိုးခန်း မကောင်းလည်း ခင်ဗျား သူငယ်ချင်း ဦးပြည့်မင်းတို့ အခန်းက ရေချိုးခန်းကို သုံးလို့ မဖြစ်ဘူးလား"

"အခန်းက သော့ခတ်ထားတယ်၊ သော့က ဒေါ်ဒေါ်ဝင်း ဆီမှာ၊ ဒေါ်ဒေါ်ဝင်းက အပြင်သွားတယ်"

"အဲဒါဆိုလည်း ဒေါ်ဒေါ်ဝင်း ပြန်လာချိန်ကို စောင့်ပြီး သူလာမှ သော့တောင်းပြီး သုံးရင် မဖြစ်ဘူးလား"

"အရမ်း အိုက်တယ်လေကွာ၊ ချွေးပြိုက်ပြိုက်ကျနေတာ မီးမလာတော့ အဲကွန်းကလည်း ဖွင့်မရဘူး၊ ရေမှမချိုးရင်





ရူးချင်သလိုလို ဖြစ်လာတာနဲ့ မင်းအခန်းထဲ ပြေးဝင်ချိုး လိုက်မိတာ"

"မလွှဲသာလို့ ရေချိုးခန်း လာသုံးလည်း အထဲကနေ တံခါး တော့ ချက်ချထားဦးမှပေါ့ဗျ၊ ခင်ဗျား ရေချိုးနေတာကြီးကို ကျွန်တော် ဝင်လာမိတော့ ကောင်းနိုင်ပါ့ဦးမလား"

"ဘာဖြစ်လဲကွာ၊ ယောက်ျားချင်းတွေပဲ ရှက်စရာမရှိပါဘူး၊ ကိုယ့်မှာ လူမြင်မခံနိုင်စရာ ဘာတစ်ခုမှ မရှိဘူး"

"ခင်ဗျား နေတာ ထိုင်တာကိုက ပိုးစိုးပက်စက် နိုင်တယ် ဗျာ၊ သွားတော့ ... ကျွန်တော့်မျက်စိရှေ့မှာ ဒီပုံနဲ့ ကြာကြာ ရပ်မနေနဲ့တော့၊ ခင်ဗျား မရှက်ပေမယ့် ကျွန်တော်ရှက် တယ်"

ချိုကိုက သူ့ကို နှင်ထုတ်လိုက်ပြီး လုံးဝ လှည့် မကြည့်တော့ဘဲ သူရှိရာဘက်ကို ကျောခိုင်းနေလိုက်သည်။ ကျော ခိုင်းနေရင်းကပဲ ရေချိုးခန်းထဲမှာ ချိုကို့အတွင်းခံ အဝတ်အစား တွေ လှမ်းထားတာ ရှိမရှိ ကြည့်ရသေးသည်။ တော်ပါသေးရဲ့ လှမ်းမထားမိလို့၊ အခန်းထဲမှာလည်း တိုးလို့တွဲလောင်းတွေ ရှိမနေ လို့။ ရှိများရှိရင် ပြဿနာပေါ့။

"ကျေးဇူးနော် ... ချာတိတ်၊ သွားပြီ"

www.burmeseclassic.com



သူက ချို့ကိုကိုနှုတ်ဆက်ရင်း ခေါင်းကို တစ်ချက် ပုတ်သွားသည်။

ချို့ကိုလည်း စိတ်တိုပေမယ့် ဘာမှမတတ်နိုင်ဘဲ ကျန်ခဲ့သည်။

ထွင့်ခေါင်မြတ်လို ထင်ရာလုပ်တတ်တဲ့ လူတစ်ယောက်ကြောင့် ချို့ကို စိတ်အနှောင့်အယှက် ဖြစ်ရတယ်ဆိုရင် ...

ချို့ကို ထင်ရာလုပ်မှုတွေအတွက် မေ့ခမျာ ဘယ်လောက် စိတ်ညစ်ရှာမလဲဟု တွေးမိတော့ မေ့ကို လွမ်းကာ မျက်ရည်ဝဲလာသည်။

ထိုနေ့ ညက မေ့ကိုလွမ်းလွမ်းနှင့် ချို့ကိုတစ်ယောက်တည်း ငေးငိုင်နေဆဲမှာ အောက်ထပ်ဆီက လှမ်းအော်ခေါ်လိုက်သော ဒေါ်ဒေါ်ဝင်း အသံကို ကြားရလေသည်။

"ချို့ကိုရေ ... မောင်ပြည့်မင်း ဖုန်းပြောမယ်တဲ့"

"ဟင် ... မေ့ကို တွေ့ပြီတဲ့လား၊ တွေ့ပြီတဲ့လား ဒေါ်ဝင်း"

"ဒေါ်ဒေါ်ကိုတော့ ဘာမှမပြောဘူးကွယ့်"

ချို့ကိုသည် ရင်တထိတ်ထိတ်ခုန်လျက် လှေကားထစ်တွေကို ခုန်ပျံကျော်လွှား၍ အောက်ထပ်သို့ ပြေးဆင်းလာသည်။





"ဟဲလို ..."

"ချို့ကိုကို လား"

"ဟုတ်တယ် ... မေ ဘယ်မှာလဲ၊ မေနဲ့ ပြောမယ်"

"မေ့ကို မတွေ့သေးပါဘူး၊ မေးစရာလေးရှိလို့ ဆက်လိုက်တာ၊ အလိုက်ကန်းဆိုး မသိတတ်ဘဲ ငါ့သူငယ်ချင်းနဲ့ အတူနေရတော့ မင်းများ ဝင့်လည်နေပြီလားလို့"

"ခင်ဗျားကြီး ..."

"ဂွပ် ..."

"ဟင် ..."

တစ်ဖက်က ဖုန်းဆောင့်ချသွားတာမို့ ချို့ကို့ဒေါသ မီးခိုးတွေ တလူလူ ထလာသည်။ ချို့ကို အောက်တစ်ခေါက် ပြန်ခေါ်ပေမယ့် တစ်ဖက်က ဖုန်းမကိုင်တော့။

ထိုညက ချို့ကိုလည်း ကိုယ့်ဒေါသဖြင့်ကိုယ် နပမ်းလုံးပြီး အိပ်လိုက်ရလေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## (၂၄)

✤ ✤ ✤

"ဟိတ် ... ဟိတ် ..."

"ဘောင်း ... ဘောင်း"

"ဟိတ်–ဘောင်း၊ ဟိတ်–ဘောင်း"

ခြံထဲက အော်ဟစ်သံနှင့် တဘောင်းဘောင်းအသံတွေကြောင့် ထွန်းခေါင်မြတ်က ပြတင်းတံခါးကို ပြေးဖွင့်ကြည့်လိုက်ရပါသည်။ ထိုအခါ သမားရိုးကျ မဟုတ်သော မြင်ကွင်းတစ်ခုကို တွေ့ရလေသည်။

ချိုကိုကို ဆိုတဲ့ ငနဲလေးဟာ လက်ဝှေ့အိတ်ကြီးကို အားမာန်ပါပါ ထိုးနှက်နေပါသည်။ လူကြည့်တော့ ဗလတွေ ဘာတွေလည်း မရှိ၊ ပိန်ရှည်လန်ဘားလေးလိုလိုနှင့် လက်ဝှေ့ထိုးနေပုံကတော့ တော်တော် ကျွမ်းကျင်နေသည့် ပုံမျိုး အထာကျကျပင်။





သူ့နဖူးပေါ်မှာ အမှန်ခြစ် တံဆိပ်လေးပါသည့် Nike အားကစား နဖူးစည်းအနီလေးကို စည်းထားသည်။ အောက်က တီရှပ်လက်ရှည်အနက် အကျႌပေါ်မှာ အနီရောင် တီရှပ်လက်တို ပွပွကို ထပ်ဝတ်ထားသည်။ အောက်က ဘောင်းဘီကျတော့ ချည်သား အနက်ရောင်ကို ရှမ်းဘောင်းဘီလို ခါးမှာပတ်စည်းပြီး ဝတ်ရသည့် ဘောင်းဘီရှည်မျိုး။ ခြေထောက်ကျတော့ ဘာဖိနပ်မှ ဝတ်မထားဘဲ ဗလာကျင်းနေသည်။

ညနေခင်းမို့ နေရောင်ခြည်က ချိုကိုကို့ကို ဘေးတိုက် ဆလိုက်ထိုးထားသလို ဖြစ်နေသည်။ နဖူးစည်းတစ်ဝိုက်မှာ ဆံပင်တိုလေးတွေ ပွကြဲဖွာလန်လျက် နဖူးပေါ်မှာ ချွေးဥတွေ သီးနေသော ဒီကောင့်ပုံစံက တော်တော်ကြည့်လို့ကောင်းပါသည်။ ခုနေ ဓာတ်ပုံတွေ ဘာတွေ ကျကျနန ရိုက်ထားပြီး ဓာတ်ပုံပြိုင်ပွဲဝင်လျှင်တောင် ဆုရနိုင်သည်။ လက်သီးထိုးနေပုံကို ဗီဒီယို ရိုက်ထားပြီး စလိုးမိုးရှင်းဆွဲကြည့်ရင်လည်း အရမ်းကြည့်ကောင်းမှာ သေချာသည်။ ဒီကောင် မင်းသားပဲလုပ်ဖို့ကောင်းသည်။ မျက်နှာချောချောလေးက ဂျစ်တစ်တစ်မှုန်ကုပ်ကုပ်လေး ဖြစ်နေတာ တော်တော် ချစ်စရာကောင်းသည်။

ထွန်းခေါင်မြတ်သည် ချိုကိုပုံစံကို လှမ်းကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



သဘောကျသထက် ကျလာရသော ကိုယ့်အဖြေ...ိုယ် ပြန်တွေးမိတော့ အထိတ်တလန့် ဖြစ်သွားပါသည်။

ငါများ ယောကျ်ားချင်း စိတ်ဝင်စားချင်နေတာလား ...။

ဘုရား ... ဘုရား ... ငါတစ်သက် မိန်းမတွေကိုပဲ စိတ်ဝင်တစား နှာဘူးထလာတာပါကွာ၊ ဘုရားစူးရစေရဲ့ တစ်ခါမှ ယောကျ်ားချင်း စိတ်မဝင်စားခဲ့မိပါဘူး၊ ခုကျမှ ငါ့စိတ်တွေ ဘာဖွေဖောက်လာတာလဲ။ ဒီအရွယ်ကြီးရောက်မှတော့ မခြောက်တော့တာ သေချာပါတယ်ကွာ ...။

ထွဋ်ခေါင်မြတ်သည် ကိုယ့်အတွေးနှင့်ကိုယ် ပန်းတွန့်လိုက်ရင်း ပြုံးစိစိဖြစ်သွားသည်။ ထို့နောက် ပျင်းပျင်းနှင့် ချိုကို လက်ဖွေ့ထိုးနေသည့် ခြံထဲသို့ ဆင်းလာခဲ့ပါသည်။

ချိုကိုက ထွဋ်ခေါင်မြတ်ကို မမြင်၊ သူ့အရှိန်နှင့်သူ တဘောင်းဘောင်း ဆော်ပလော်တီးနေသည်။ ထွဋ်ခေါင်မြတ်ကလည်း ချိုကို့ကို အနှောင့်အယှက်မပေးဘဲ မလှမ်းမကမ်းမှ ရပ်ကြည့်နေလိုက်ပါသည်။

◆ ◆ ◆





ချိုကိုသည် လက်ဖွေ့ထိုးရတာ မောပြီမို့ မြက်ခင်းပေါ် ပစ်ထိုင်ချလိုက်ပြီး လက်နှစ်ဖက်ကို နောက်ပစ်ထောက်လျက် ခေါင်းကို မော့လှန်ပစ်လိုက်ရာ ကောင်းကင်ကြီးကို မမြင်ရဘဲ ကိုယ့်မျက်နှာပေါ် ငုံ့မိုးကြည့်နေသော ထွဋ်ခေါင်မြတ်ရဲ့ ပြုံးစိစိ မျက်နှာကို ဘွားခနဲ တွေ့မြင်လိုက်ရပါသည်။

"ဟင် ... ခင်ဗျား"

ချိုကိုက ချက်ချင်း ပြန်ခုန်ထလိုက်ပြီး ထွဋ်ခေါင်မြတ်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်ရင်း ...

"ခင်ဗျား ... ဒါ ဘာလုပ်တာလဲ"

"မင်း လက်ဖွေ့ထိုးနေတာတွေကို ကြည့်ကောင်းကောင်းနဲ့ ရပ်ကြည့်နေမိတာလေ"

"အသံမပေး ဘာမပေးနဲ့ဗျာ ..."

"ဩော် ... မင်း အနှောင့်အယှက်ဖြစ်သွားမှာစိုးလို့ပါ၊ မင်း လက်ဖွေ့ထိုးတာ တော်တော် ကျွမ်းကျင်တာပဲနော်၊ မြန်မာ့လက်ဖွေ့ကို ကိုယ်စိတ်ဝင်စားနေတာ ကြာပြီကွ၊ ကိုယ့်ကို သင်ပေးပါလား"

"မသင်ပေးပါဘူး"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပျင်းလို့ ..."

"ဟား ... ဟား ... မင်းကတော့ တကယ့် ဂျစ်ပဲကွာ"

ထွင့်ခေါင်မြတ်က ပြောပြောဆိုဆို ချိုကို့ခေါင်းကို လက်ဖြင့်အုပ်လျက် ဆံပင်တိုလေးတွေကို ဆွဲဖွပစ်လိုက်ရာ ချိုကိုက သူ့လက်ကို ဖတ်ခနဲ ပြန်ရိုက်ထုတ်ပစ်လိုက်ပါသည်။

"ဟ ... ကြမ်းလှချည်လားကွ"

"ကြမ်းရတယ်ဗျ၊ ခင်ဗျား လက်ကိုက ဟုတ်မှ မဟုတ်တာ"

"ဘာဖြစ်လို့လဲ ..."

"တစ်ဆိတ်ရှိ ကျွန်တော့်ခေါင်းပဲ လှမ်းလှမ်းကိုင်နေတာ၊ လူနားနီးရင် ပခုံးလှမ်းလှမ်းဖက်တာက တစ်မျိုး၊ ခင်ဗျား လက်ပဲ ကြည့်ကြည့်ရှောင်နေရတယ်"

"ဘာဖြစ်လဲကွာ၊ ယောက်ျားချင်းပဲ"

လာပြန်ပြီ ဒီယောက်ျားချင်း။ တစ်ဆိတ်ရှိ ယောက်ျားချင်းပဲဟု ပြောကာ ကိုယ့်ရှေ့မှာ ထင်သလိုနေသော ဒီလူကြီးကို ဘယ်လိုရှောင်ရှားရမှန်းကို မသိတော့။ ဟွန့် ... ကြည့်ပါလား ဝတ်ထားပုံက၊ သူ့ဘော်ဒီလှလှကို ပေါ်လွင်စေမည့် တီရှပ်အကျပ်တွေချည်း။ သေချာ ကစားထားပုံရသော သူ့ဘော်ဒီက ပခုံးကား





ခါးသေးသေး ဗိုက်ရှပ်ရှပ်ဖြင့် အချိုးအစားကျလှသည်။ သူကလည်း သူ့ဘော်ဒီလှတာပေါ်အောင် လည်းပင်းပြဲပြဲ တီရှပ်ကျပ်ကျပ်တွေ ဝတ်လေ့ရှိပါသည်။

ချိုကိုသည် သူနဲ့ စကားဆက်မပြောချင်တော့တာမို့ သူ့ကို ကျောခိုင်းပြီး လက်ဇေ့အိတ်ဆီ ပြန်လျှောက်လာခဲ့သည်။ ထို့နောက် ထွင့်ခေါင်မြတ်ကို စိတ်တိုတိုနှင့် လက်ဇေ့အိတ်ကိုသာ တအောင်းအောင်း ထိုးချပစ်လိုက်သည်။ ထိုအချိန်တွင် ထွင့်ခေါင်မြတ်က လက်ဇေ့အိတ်ရဲ့ တခြားတစ်ဖက်မှ ပေါ်လာကာ ချိုကို့ လက်ဇေ့အိတ်ကို ဝင်ထိုးလေသည်။

"ဝင်မရှုပ်စမ်းပါနဲ့ဗျာ၊ ဖယ်ပေးစမ်းပါ"

"စိတ်ဝင်စားလို့ပါကွာ၊ သင်ပေးစမ်းပါ"

ချိုကိုက လက်ဇေ့ထိုးမပျက် အော်ဟစ်တားမြစ်လိုက်တော့ သူကလည်း လက်ဇေ့ထိုးမပျက် ပြန်အော်သည်။

လက်ဇေ့အိတ်က နှစ်ယောက်ကြားမှာ ဟိုဘက်ပြေးလိုက်၊ ဒီဘက်ပြေးလိုက် လွဲယမ်းနေသည်။ ဘယ်သူကမှ ရပ်မသွား။

"ခင်ဗျား စိတ်ဝင်စားရင် ဟိုဘက်မှာ ဦးပြည့်မင်းရဲ့ လက်ဇေ့အိတ်ရှိတယ်၊ အဲဒီမှာ သွားထိုးဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်း ထိုးတော့ စနစ်မကျဘူးပေါ့ကွ"

ထွင့်ခေါင်မြတ်က ဖွတ်ပေထိုးနေတာမို့ ချိုကို အမြင်ကတ်လာကာ လက်ဖှေ့အိတ်ကို ဖမ်းဆွဲထားလိုက်ပြီးမှ အရှိန်ဖြင့် ပြန်လွှတ်ပေးလိုက်ရာ သူ့မျက်နှာကို ဘမ်းခနဲ ရိုက်မိသွားတော့သည်။

"ဟာ ... ဟော့၊ မင်း တော်တော် ရက်စက်တဲ့ ကောင်ပါလားကွ"

သူက အံ့အားသင့်သွားကာ သူ့နှုတ်ခမ်းမှာ စို့တက်သွားသော သွေးစတချို့ကို ပွတ်သုတ်ပစ်လိုက်သည်။ ချိုကို့ကို စိတ်ဆိုးပုံတော့ မပြပါ။ ချိုကိုက နည်းနည်း အားနာသွားကာ လေသံနည်းနည်း ပျော့လျက် ...

"ခင်ဗျားက ဖွတ်လိုက်ရှုပ်နေတော့ ကျွန်တော်လည်း စိတ်တိုပြီး ပညာပြလိုက်မိတာပေါ့ဗျ၊ တော်တော် နာသွားလား ယောက်ျားပဲဥစ္စာ၊ ဒီလောက်တော့ ရတယ်မဟုတ်လား"

"အေးပါကွာ ... ရပါတယ်၊ ကိစ္စမရှိပါဘူး"

သူ့သည်းခံနိုင်မှုကြောင့် ချိုကိုက အားနာသွားကာ ...

"ကဲ ... လာပါဗျာ၊ ဒီလောက်သင်ချင်လည်း ကျွန်တော်





သင်ပေးပါမယ်"

"အိုကေ ..."

ထွင့်ခေါင်မြတ်က ဝမ်းသာအားရ အော်ရင်း သူဝတ်ထားသည့် လည်ပင်းပေါက် ဗွီရှိတ်နှင့် မီးခိုးရောင် တီရှပ်လက်ရှည်ကို ဆွဲမချွတ်ပစ်လိုက်ရာ ဗယ်ရီသားတွေ အမြှောင်းမြှောင်းထလျက် လှပသော သူ့ခန္ဓာကိုယ်က ဆွေးခနဲ ပေါ်လာလေသည်။

"ဒါ ... ဘာလုပ်တာလဲဗျ"

ချိုကိုက ဒေါခနဲ ကြည့်လိုက်မိပြီးမှ ဖုတ်ခနဲ မျက်နှာလွှဲကာ ခပ်ဆတ်ဆတ်အော်လိုက်သည်။ ထွင့်ခေါင်မြတ်က အုကြောင်ကြောင် လေသံဖြင့် ...

"လက်ဖှေ့ထိုးမလို့လေ ..."

"လက်ဖှေ့ထိုးတာ အင်္ကျီချွတ်စရာလားဗျ၊ ခင်ဗျားကြည့်ရတာ တော်တော် ဗလာကျင်းရတာ ဝါသနာပါပုံရတယ်"

"မင်းတို့ဆီက အရမ်းပူတယ်လေကွာ၊ အင်္ကျီဝတ်ပြီး လက်ဖှေ့ထိုးရင် ချက်ချင်း ချွေးတွေနစ်နေအောင် ထွက်လာမှာဆိုတော့ ခုကတည်းက ချွတ်ထားလိုက်တာ အေးတာပေါ့၊ အင်္ကျီချွေးစိုကြီးနဲ့ဆို ကိုယ့်ချွေးနဲ့ကိုယ် အအေးပတ်နေမှာ"



www.burmeseclassic.com

www.burmeseclassic.com



သူက ချိုကို့ကို ပြန်ပြောရင်း လက်သီးတပြင်ပြင်နှင့် ဆွတ္ဆွတ လုပ်နေသည်။

ချိုကိုလည်း နွတ်တိုးပြီး ပြောရင် ချိုကို့အကြောင်း သူရိပ်မိမှာစိုးတာမို့ သူ့ခန္ဓာကိုယ်ကို မကြည့်မိအောင် သတိထားပြီး ဟန်မပျက် လက်ဖဲ့ဆက်ထိုးနေလိုက်ရပါသည်။

◆ ◆ ◆





(၂၅)

✤ ✤ ✤

ပျင်းခြောက်ခြောက် အိမ်ကြီးထဲမှာ ခနကိုမျှော်ရင်း အထီးကျန်လာတာမို့ တချို့ညတွေမှာ ချိုကို အိပ်မပျော်ပါ။

ဒီရက်ပိုင်းအတွင်း ဒက်ဒီ့ဆီသွားတွေ့တော့လည်း အဆင်မပြေပါ။ ဒက်ဒီနှင့် လတ်တလော တွဲနေသော အမျိုးသမီးကိုသိပ်ကြည့်မရ။ သားအဖကြားမှာ ဝင်စွက်ဖက်လွန်းပြီး ဒက်ဒီ့ကို မက်မောမျှော်ကိုးလွန်းသည်ဟု ထင်သည်။ ဒက်ဒီကလည်း အရေးပေးလွန်းသည်ဟုထင်တာမို့ မုန့်ဖိုးပဲ မြန်မြန်ယူကာ ဒက်ဒီ့ဆီက အမြန်ပြန်လာခဲ့ပါသည်။

ချိုကိုသည် ခြံထဲက ခုံတန်းဖြူဖြူလေးပေါ်မှာ ထိုင်ကာ လက်နှစ်ဖက်ကို ဒေါးမှာထောက်ပြီး ကောင်းကင်က လမင်းကို မော့ကြည့်ငြိမ်သက်နေမိသည်။ ထိုခဏမှာ ခုံတန်းရဲ့တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



အစွန်မှာ ရိပ်ခနဲ ဝင်ထိုင်လိုက်သူကို လှည့်ကြည့်မိတော့ ထွင့်ခေါင်မြတ်ပင်။

သူက ချိုကို့ကိုလှည့်မကြည့်ဘဲ ချိုကို့လိုပင် ကောင်းကင်ကို မော့ကြည့်ရင်း ...

"မင်းမှာ ရည်းစားရှိလား"

ဟု ခပ်တိုးတိုးမေးလာသည်။ ချိုကိုက ပခုံး တွန့်မိရင်း ...

"ပြောမပြဘူးဗျာ ..."

"မရှိသေးရင် ရှိဖို့မကြိုးစားနဲ့၊ ရှိနေရင်လည်း သိပ်ခံစားပျော်ဝင်မနေနဲ့၊ ရည်းစားထားတယ်ဆိုတာ မကောင်းဘူးကွ တော်တော် စိတ်ပျက်ဖို့ ကောင်းတာ ..."

ထွင့်ခေါင်မြတ်က ညည်းညူသလိုပြောရင်း ငြိမ်သက်သွားတာမို့ ချိုကိုက သူ့ကိုလှည့်ကြည့်ရင်း ...

"ခင်ဗျား ဒီလိုပြောတာ အသည်းကွဲဖူးလို့ပဲ ဖြစ်မယ်"

"အသည်းကွဲတယ်ဆိုတာ ချစ်ဖူးပြီးမှ ကွဲတာကွ၊ ငါက ချစ်မှမချစ်ဖူးတာ၊ တွဲဖူးတာတွေတော့ အများကြီးပေါ့ကွာ ယောကျ်ားပဲ မိန်းမနဲ့တော့ ဘယ်ကင်းနိုင်ပါ့မလဲ၊ ဟိုမှာ ဒိတ်လုပ်ပြီး တွဲဖြစ်တာ ခဏခဏပေါ့၊ ဒါပေမယ့် ခဏ





တစ်ဖြုတ် အပျော်လုပ်ရုံပါပဲ၊ ရင်ထဲမှာ နင့်နင့်နဲနဲ စွဲပြီး ချစ်သွားတာမျိုး မရှိဖူးပါဘူး"

"ခင်ဗျား ဒီကိုမလာခင်အထိ တွဲနေတဲ့ သူတော့ ရှိတယ် မဟုတ်လား"

"ရှိတယ် ... တွဲဖူးသမျှထဲမှာ သူနဲ့တွဲတဲ့အချိန်က အကြာဆုံးပဲ၊ သူ့ကိုများ ချစ်မိနေသလားလို့ ထင်မိသေးတယ်၊ ဒါပေမယ့် မဟုတ်ပါဘူး၊ ဒီရောက်လာတော့လည်း သူ့ကို လွမ်းတာတွေ ဘာတွေ မဖြစ်ပါဘူး၊ အေးဆေးပါပဲ"

"သူ့ဘက်ကရော အေးဆေးပဲလား"

"မအေးဆေးလို့ ခက်နေတာပေါ့ကွာ၊ ကိုယ့်မှာ ဒုက္ခတွေရောက်နေတာ၊ မင်းတို့ဒီမှာ ပြောပြောနေကြတာ ဘာလဲကွာ၊ ဟို ... ပျားနဲ့ ပတ်သက်တယ်ကွာ"

"ပျားတုပ်တာဗျာ၊ ပျားတုပ်တာ"

"အေး ... အေး ... ကိုယ်လည်း အဲဒီလို ပျားတုပ်နေတာကွ၊ သူက နည်းနည်းဂျီတယ်၊ ဂျီဂျီကျောင်ပေါ့ကွာ၊ ကိုယ်စိတ်မပါမှန်းသိရက်နဲ့ ဖွတ်အတင်း ဖုန်းတွေဆက်ချိန်းပေါ့"

"ခင်ဗျားက သွားစထားတာကိုး"

"ကိုယ်က မစပါဘူး၊ အတူတူ နားလည်မှုနဲ့ တွဲကြတာ



www.burmeseclassic.com

www.burmeseclassic.com



လေ၊ တစ်ပေါက်ယောက်က စိတ်မပါတော့ရင် ဖွတ် မလိုက်ဖို့ နားလည်မှုတော့ ထားရမှာပေါ့ကွ"

"သူက အဖြူမလား ..."

"မဟုတ်ဘူး ... မြန်မာပဲ၊ ဒါပေမယ့် သူ့ကို ဟိုမှာပဲ မွေးတာ၊ မြန်မာစကားတော့ တတ်တယ်၊ သူက လုံးဝဖွတ်ပဲကွ၊ ကိုယ်မှာ လက်ထပ်ဖို့ ရည်ရွယ်တဲ့သူ ပေါ်မလာသေးသရွေ့ သူနဲ့ပဲ တွဲရမယ်တဲ့"

"ခင်ဗျားဘက်က ဖီလင်မလာတော့ဘူးလား"

"လုံးဝ မလာတော့တာ၊ ကိုယ်မချစ်တဲ့ မိန်းမတစ်ယောက်ကို ကြာကြာသည်းမခံနိုင်ဘူးကွ၊ မင်းလည်း အဲ့ဒါ မှတ်ထား၊ မင်းမချစ်ရင် ဘယ်တော့မှ သည်းမခံဘူး"

သူက စကားပြောနေရင်း ချိုကို့ကို အကဲခတ်သလို ကြည့်ရင်း ပြုံးစစနှင့် ...

"မင်းမှာ မင်း စိတ်ဝင်စားတဲ့ မိန်းကလေးတစ်ယောက် တလေတောင် မရှိဘူးလား"

ဟု မေးတော့ ချိုကိုက ရယ်ချင်သွားသည်။ သို့သော် မရယ်ပါ။ ခပ်တည်တည်ဖြင့် ခေါင်းမော့လျက် တစ်ဖက်ခြံသို့ ဓွေကြည့်လိုက်ပြီး ...





"ရှိတာပေါ့ဗျာ ... ဟိုဘက်ခြံက ကောင်မလေးကို ကျွန်တော် အသည်းအသန် စိတ်ဝင်စားနေတာ၊ သူ့ကိုတွေ့ရင် မျိုးကျော့မြိုင်တို့ အဲလက်စ်တို့ စိုင်းစိုင်းခမ်းလှိုင်တို့တွေ ဝိုင်းဆိုထားကြတဲ့ 'အချစ်သီချင်း' ဆိုတဲ့ သီချင်းကို သူကြားအောင် ဆိုဆိုပြရတာ အမောပဲ၊ သူက အဲ့ဒီသီချင်းကို အရမ်းကြိုက်တာဗျ၊ အဲဒီ သီချင်းက ရေလည်မိုက်တာ၊ စာသားတွေက အပြတ်ခိုက်ဖို့ကောင်းတယ်၊ ကျွန်တော်က မြန်မာပြည်က Hip Hop ဆို စိုင်းစိုင်းခမ်းလှိုင်နဲ့ ရဲလေး၊ နိုင်ငံခြားကဆို အေမီနမ်နဲ့ 50 cent ကို အရမ်းခိုက်တာဗျ"

လက်ဟန်တွေ ရှုပ်ယှက်ခတ်လျက် Rap ရွတ်သည့် flow ဖြင့် ခပ်မြန်မြန်ပြောနေသော ချိုကို့ပုံစံကို ထွင့်ခေါင်မြတ်က ပြုံး၍စိုက်ကြည့်နေလိုက်ပါသည်။

ချိုကိုက ကိုယ့်အရှိန်နဲ့ကိုယ် ပြောနေရင်းက ထွင့်ခေါင်မြတ်ရဲ့ အကြည့်ကို သတိပြုမိသွားကာ ...

"ဘာကြည့်တာလဲဗျ ... ခင်ဗျားက"

"သဘောကျလို့ပါ၊ မင်း အဲဒီလိုပြောနေတဲ့ပုံက တော်တော်ကြည့်ချင်စရာကောင်းတယ်"

သူက ခပ်ပြုံးပြုံးပဲ ဆက်ကြည့်နေတာမို့ ချိုကို



www.burmeseclassic.com

www.burmeseclassic.com



မနေတတ် မထိုင်တတ်ဖြစ်လာတာကို ဖုံးကွယ်လျက် မျက်မှောင်ကြုတ်ရင်း ...

"ခင်ဗျားကိုလည်း ကျွန်တော် မေးရပါဦးမယ်"

မေး ..."

"ခင်ဗျား ယော်ကျ်ားအစစ်တော့ ဟုတ်ပါတယ်နော်"

ချိုကိုက 'သူခိုးက လူလူဟစ်' ပစ်လိုက်တော့ သူက အလန့်တကြား မျက်ခုံးပင့်သွားကာ ...

"ဟာ ... မင်းမေးခွန်းကြီးကလည်းကွာ၊ ကြက်သီးထလိုက်တာ ..."

"ခင်ဗျားက အမြဲ ကျွန်တော့်နား တကပ်ကပ်နဲ့ စကားလာပြောလိုက် ပခုံးလာဖက်လိုက်၊ အင်္ကျီဗလာချွတ်လိုက်နဲ့ ဆိုတော့ ကျွန်တော်လည်း သံသယဝင်တာပေါ့ဗျ၊ ခင်ဗျားတို့ဆီမှာက ဒါမျိုးတွေများတယ်လေ၊ ယောကျ်ားချင်းတောင် ချစ်ရင် တရားဝင် လက်ထပ်လို့ရတယ်ဆို၊ ခင်ဗျားက မိန်းကလေးကျတော့ မတွဲချင်တော့တဲ့ အကြောင်းပြောပြီး ကျုပ်နား လာလာကပ်နေတာဆိုတော့ ... အဟမ်း ဟမ်း"

ထွင့်ခေါင်မြတ်သည် ချိုကို့ ပြောပုံ၊ ချောင်းဟန့်ပုံတွေကြောင့် ရယ်ချလိုက်မိပြီး ...





"အေးကွာ ... ကိုယ်လည်း ကိုယ့်ကိုယ်ကို သံသယဝင်နေတာကွ"

"ဟမ် ... တကယ်လား"

"တကယ်ပြောတာ၊ ကိုယ် ဒီကိုမလာခင်အထိတော့ မိန်းမတွေကိုပဲ သဘောကျခဲ့တာပါ၊ ဒီရောက်တော့ ဘာဖြစ်လို့မှန်း မသိဘူး၊ မင်းကို သဘောကျချင်ချင် ဖြစ်နေတယ်၊ ဘာမှန်းတော့ အတိအကျ မပြောတတ်ဘူးကွ၊ ဒါပေမယ့် မင်းနဲ့ စကားပြောနေရင် စ,နောက်နေရင် စိတ်ချမ်းသာနေတယ်"

"ခင်ဗျား စကား နားထောင်ရတာ ကြက်သီးတောင် ထတယ်ဗျာ၊ မြန်မြန်ပြေးမှပါပဲ ..."

ချိုကိုက တကယ်လည်း ကြက်သီးထလာတာမို့ သူ့နားမှ ထပြေးဖို့ပြင်တော့ သူက ချိုကို့လက်ကို လှမ်းဆွဲထားလိုက်သည်။

"နေပါဦးကွာ ... အစောကြီးရှိပါသေးတယ်၊ ကိုယ် တစ်ယောက်တည်း ပျင်းလို့ပါကွ"

ချိုကိုက လက်ကို အမြန်ပြန်ရုပ်ရင်း သူ့ဘေးမှာ ပြန်ထိုင်လိုက်ရပါသည်။ သူတော့ မသိ၊ ချိုကို့မှာတော့ အငွေ့



www.burmeseclassic.com

www.burmeseclassic.com



စီးကြောင်း တစ်ခုက လက်ကိုဖြတ်စီးကာ တစ်ကိုယ်လုံးသို့ ဖိန်းရှိန်းနွေးထွေးသွားသည်ဟု ထင်လိုက်သည်။

ထွင့်ခေါင်မြတ်ကတော့ 'ဒီကောင့်လက်ကလည်း ယောက်ျားဖြစ်ပြီး နူးညံ့ပါ့ကွာ' ဟု တွေးရင်း စီးကရက်တစ်လိပ် ထုတ်သောက်လိုက်မိပါသည်။

"အဟွတ် … ဟွတ် … ဟွတ်"

ချိုကိုက စီးကရက်မီးခိုးငွေ့တွေကြောင့် ချောင်းတဟွတ်ဟွတ် ဆိုးလာတော့မှ ထွင့်ခေါင်မြတ်က ချိုကို့ကို လှည့်ကြည့်ရင်း …

"မင်း … စီးကရက် မသောက်တတ်ဘူးလား"

"သောက်တတ်ဖူးဗျ၊ အနံ့တောင်မခံနိုင်ဘူး၊ ခင်ဗျား စီးကရက်ကြီးကို လွှင့်ပစ်လိုက်စမ်းပါ"

ထွင့်ခေါင်မြတ်က သောက်လက်စ စီးကရက်ကို အောက်ချကာ ဖိနပ်ဖြင့် ဖိနင်းလိုက်ရင်း …

"မင်း အရက်ရော သောက်တတ်လား"

"မသောက်တတ်ဘူး၊ ဘီယာတောင်မသောက်ဘူး"

"လောင်းကစားရော …"

"ဝါသနာမပါဘူး"





"ဒါတွေအကုန်ကင်းရင် မင်း တစ်ခုတော့ မကင်းလောက်ဘူး"

"ဘာလဲ …"

"မိန်းမလေ …"

ချိုကိုသည် အူထဲ အသည်းထဲက တလိတ်လိတ်ထလျက် ရယ်ချင်လာရကာ …

"ဒါပေါ့ဗျ၊ ဒါတော့ ဘယ်ကင်းမလဲ၊ ဟဲ ဟဲ …"

"အောင်မာ … ချာတိတ်က ငယ်သားငယ်တယ် အလာသားပါလား"

"ဒါပေါ့ဗျ၊ ယောက်ျားပဲဟာ …"

"ဟော့ကောင် … မင်းနော် ကိုယ့်ဘေးလည်း ကိုယ်ကြည့်ရှောင်ဦး၊ ကိုယ့်ညီလေးလို သဘောထားလို့ ပြောတာ၊ မင်း အသက်က ငယ်ငယ်လေးပဲရှိသေးတာ၊ ကိုယ့်ကိုယ်ကို မထိန်းနိုင်ရင် တော်ကြာ A ကိုက်မှ ကွိနေမယ်"

"မကိုက်ပါဘူး၊ ကျွန်တော်က … ကျွန်တော်က …"

ချိုကိုသည် ရွှတ်မှတော့ အဆုံးထိ ရွှတ်ပစ်လိုက်မည်ဟု စဉ်းစားအားတင်းလိုက်ရင်း …

"ကျွန်တော်က ကွန် အဲ … အဖော်ဆောင်ထားတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဖွင့်ပြောချလိုက်ပြီးမှ ကိုယ့်ကိုယ်ကို တအားရယ်ပစ်ချင်လာပါသည်။

ထွင့်ခေါင်မြတ်က ခေါင်းတညိတ်ညိတ်လုပ်ရင်း ...

"မင်းက ဟိုတယ်က အနှိပ်ခန်းတွေ ဘာတွေရော သွားလား"

"သွားတာပေါ့ဗျ၊ တစ်ဆက်ရှင်ပြီး တစ်ဆက်ရှင် အနှိပ်ခံပစ်လိုက်တာ၊ ဇိမ်ပဲ ..."

"မင်းတော့ တော်တော် မလွယ်တဲ့ ကောင်ပဲ၊ လူကြည့်တော့ ဖြင့် နို့နံ့တောင် မစင်သေးဘဲနဲ့၊ 'ဇ'က မသေးဘူး"

"ကျွန်တော့်'ဇ'ကို အသာထားပါ၊ ခင်ဗျားသာ ယောကျ်ားချင်း ကြိုက်တဲ့စိတ် ရှိမရှိ သေသေချာချာ ဝေဖန်သုံးသပ်လိုက်ပါဦး၊ အဲဒါမျိုးက ကျွန်တော့်မှာ 'ဇ'ရှိတာထက် ပို အဖြစ်ဆိုးတာဗျ"

ချိုကိုက ပြောပြောဆိုဆို ထွင့်ခေါင်မြတ် အနားမှ အမြန်ထလာခဲ့ရင်း အချစ်သီချင်းကို ဆိုလာပါသည်။

"မာနတွေ ခဝါချပြီး အချစ်ရဲ့အောက်မှာ ဒူးတွေ ထောက်ကြ၊ ပေးဆပ်ရ ဒီဘဝ အချစ်ကြောင့်ပဲ စိတ်တွေပြောင်းသွား၊ အချစ်စိတ်နဲ့ အရာအားလုံးကို ထိန်းချုပ်ထား၊





ဒီစိတ်နဲ့ စား၊ ဒီစိတ်နဲ့သွား၊ ဒီစိတ်နဲ့ အသက်ဆက်ရှင်နေရတာလား x x x x"

လက်နှစ်ဖက်ကို လေထဲဝဲမြှောက်၍ လှုပ်ရှားရင်း သီချင်းဆိုသွားသော ချိုကို့ပုံစံကို ထွင့်ခေါင်မြတ်က ပြုံးကြည့်ကျန်ခဲ့သည်။

သူလည်း ချိုကိုဆိုသွားတဲ့ သီချင်းထဲကလို 'ဒီစိတ်နဲ့ အသက်ဆက်ရှင်နေရတာလား' ဟု ကိုယ့်ကိုယ်ကို ပြန်မေးရတဲ့ အဖြစ်မျိုးကို တစ်နေ့တော့ ကြုံတွေ့ခံစားဖူးချင်ပါသေးသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



(၂၆)

✤ ✤ ✤

ချိုကို့ကို ‘လက်ကောက်ဝတ် သေးသေးလေးတွေ’ ဟု ကဲ့ရဲ့ခဲ့သော ထွင့်ခေါင်မြတ်က ‘Power wrist’ ဟု အမည်ရသော အားကစားကိရိယာပစ္စည်းတစ်ခုကို ဝယ်လာကာ ...

“ချာတိတ် လာ ... ဒီမှာကြည့်၊ မင်းလက်ကို ဒီကွင်းထဲကို ဒီလိုလျှိုထည့်၊ ပြီးတော့ လက်ဖဝါးကို အားပြုပြီး ရှေ့နောက် လှုပ်ရှားပေး၊ ဒီမှာတွေ့လား၊ လက်ကောက်ဝတ်ကို အဲဒီလို လှုပ်ရှားပေးရင် မင်းလက်ကောက်ဝတ်တွေ ပိုပြီး သန်မာလာမယ်၊ ဘယ် ညာ တစ်လှည့်စီ ပြောင်းကျင့်ပေါ့”

ထွင့်ခေါင်မြတ်က စိတ်ပါလက်ပါ နည်းပြနေတာမို့ ချိုကိုက တစ်ဖက်သို့ လှည့်ကာ မဲ့လိုက်သည်။





ကိုယ့်မျက်နှာလှလှလေးနဲ့ မလိုက်ဖက်တဲ့ လက်ကောက်ဝတ် တုတ်တုတ်ကြီးတော့ ချိုကို မလိုချင်ပါဘူး။ ချိုကိုက ယောကျ်ားဖြစ်ချင်လို့ ယောကျ်ားလိုနေပေမယ့် ယောကျ်ားစိတ်လုံးလုံးပြောင်းနေတာမှမဟုတ်ဘဲ။

“ကဲ ... လာ ... မင်း လုပ်ကြည့်”

သူက သူ့လက်ထဲက ကိရိယာကို ချိုကို့လက်ထဲ ထည့်ပေးလို့သာ အလိုက်သင့်ယူပြီး စိတ်မပါ လက်မပါ လုပ်ပြနေရသည်။ အတင်းငြင်းလို့လည်း မဖြစ်။ ဖော်ကြား သဲလွန်စလေးတွေ ဆက်စပ်စဉ်းစားမိပြီး ရိပ်မိသွားမှာလည်း စိုးရသည်။ ကြာတော့ ချိုကို ပျင်းရိအီလေးဆွဲလာပါသည်။

“ဟော့ကောင် ... မင်း ငိုက်နေတာလား၊ လက်က လှုပ်မလာတော့ပါလား”

“ပျင်းလို့ပါဗျာ”

“မင်းမလည်း ပျင်းချည်းနေတော့တာပဲ၊ အားစိုက်လုပ်ပါကွ၊ ဒါမှ မင်းလက်ကောက်ဝတ်က ယောကျ်ားလက်ကောက်ဝတ်နဲ့ တူပြီး သန်မာလာမှာ ...”

“ကျွန်တော် လက်တော့ ထိုးနေသားပဲဗျာ၊ လက်ကောက်ဝတ်က သန်မာပြီးသားပါဗျ”



www.burmeseclassic.com

www.burmeseclassic.com



"သန်ပေမယ့် သေးတယ်ကွ"

"သေးလည်း သေးပစေဗျာ၊ လက်သြောင်းတယ်ဗျ"

ချိုကိုက ထိုက်ရိုယာကို ဗျတ်ခနဲ ပစ်ချပြီး ထထွက်လာတော့ ထွင့်ခေါင်မြိတ်က နောက်ကနေ လှမ်းအော်နေသည်။

"မင်းလက် ပိန်လှီလေးတွေနဲ့ မင်းကြိုက်တဲ့ ကောင်မလေးကို သွားဖက်ရင် ဟိုက ဖီလင်လာမှာမဟုတ်ဘူး ဟော့ကောင်ရေ..."

"ခင်ဗျား အပူ မပါဘူးဗျို့"

ချိုကိုကလည်း ပြန်အော်ပြီး အပေါ်ထပ်သို့ ပြေးတက်လာခဲ့ပါသည်။

သူ ချိုကို့နား လာပြီး တရင်းတနှီး မနေစေချင်လျှင် သူ့မမြင်ကွယ်ရာမှာ နေမှပဲဖြစ်မည်။ ဒါတောင်မှ အခန်းတံခါး လာလာခေါက်ပြီး အခန်းထဲ ဝင်လာ၊ ချိုကို့ ခုတင်ပေါ် ပစ်လှဲပြီး စကားတွေ လျှောက်ပြောတတ်သေးသည်။ ချိုကို့မှာ သူ့ကို ပေါ်တင်ကြီးလည်း ခပ်ခွာခွာနေလို့မဖြစ်တာမို့ မရိပ်မိရုံကလေး အလိုက်သင့် နေနေရသည်။

တစ်နေ့တော့ ချိုကိုတစ်ယောက်တည်း ဧည့်ခန်းက ကော်ဇောပေါ် ဆင်းထိုင်ကာ တီဗီကြည့်နေတုန်း သူက ချိုကို့နား လာထိုင်ကာ ချိုကို့မျက်နှာကို စေ့စေ့ကြည့်လာရင်း...





"မင်းမျက်နှာက ချောတော့ ချောပါရဲ့၊ ဒါပေမယ့်..."

"ဒါပေမယ့် ဘာဖြစ်လဲ..."

ချိုကိုက သူ့ကို လန့်လန့်နှင့် မျက်နှာကို နောက်သို့ ယိမ်းရင်း မေးလိုက်သည်။

"ယောကျ်ားတစ်ယောက်လို ဆွဲဆောင်မှုမရှိဘူး ဖြစ်နေတယ်၊ attraction မရှိဘူးပေါ့ကွာ၊ ချောရုံသက်သက်ကြီး၊ ညို့အားမပြင်းဘူးပေါ့၊ ယောကျ်ားဆိုတာ ကိုယ့်လို ညို့အားပြင်းရတယ်ကွ... ဟဲ ဟဲ"

သူက ချိုကို့မျက်နှာကို နီးနီးကပ်ကပ် စိုက်ကြည့်ရင်း ပြောနေတာမို့ သူ့မျက်နှာရဲ့ ဆွဲဆောင်မှုကိုတော့ ချိုကို သတိပြုမိသွားပါသည်။

သူ့မျက်နှာပေါ်မှာ ရိတ်သင်ပြီးစ စိမ်းနေသော ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးအရာလေးတွေ ရှိသည်။ မျက်လုံးက ကြည်ပြီး စိမ်းဖန့်ဖန့်နှင့် အလိုလိုနေရင်း ညို့နေသလိုမျိုး။ နှုတ်ခမ်းက စေ့ထားရင်တောင် အဖျားလေးတွေ ညွတ်ကာ ပြုံးတဲ့နေသလိုမျိုး။ မျက်ခုံးမွေးတွေကထူပြီး မည်းနက်သိပ်သည်းနေသည်။

ချိုကိုက အမှတ်တမဲ့ စိတ်လွတ်ကာ ငေးနေလိုက်မိတော့ သူက တစ်ချက်ရယ်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"မင်း အဲ့လိုကြီးကြည့်ရင် ငါ့စိတ်ထဲ တစ်မျိုးကြီးပဲကွ"

"ဟ ဟ ... သေချာပါတယ်၊ ခင်ဗျားတော့ ခြောက်နေပြီ"

ချိုကိုက 'သူခိုးက လူလူဟစ်' လိုက်ပြီး တီဗီကို အသံချဲ့ကာ သီချင်းလိုက်ဆိုနေလိုက်တော့ သူက ...

"မင်းအသံက စူးလိုက်တာကွာ၊ မိန်းမအသံကြီး ကျနေတာပဲ"

ဟု ပြောပြီး ထထွက်သွားပါသည်။

သူက ပေါ့ပေါ့ပါးပါး နေတတ်သူမို့ ခင်စရာတော့ ကောင်းသည်။ နေ့ခင်းဘက်တွေ သူအပြင်ထွက်သွားပြီဆို ချိုကို တစ်ယောက်တည်း ပျင်းခြောက်ခြောက်နိုင်သလို ခံစားရသည်။ ဒေါ်ဒေါ်ဝင်းက မီးဖိုထဲမှာ သူ့အလုပ်နှင့်သူ ရှုပ်နေတတ်ပြီး ဖိုးငွေကတော့ ခြံထဲမှာ အလုပ်ရှုပ်သည့်အခါရှုပ်၊ ဈေးပြေးဝယ်သည့်အခါ ဝယ်၊ ချိုကို့မှာ စကားပြောစရာ လူသိပ်မရှိပါ။

ညနေခင်း တစ်ခုမှာ ချိုကို အောက်ထပ်သို့ ဆင်းလာတော့ ဧည့်ခန်းထဲမှာ သူ ဖုန်းပြောနေသော အသံကို ကြားရသည်။

"ကိုယ် မညာပါဘူး၊ တကယ်ပြောတာပါ၊ မင်းက ကိုယ်ညာတယ်ထင်လို့လား၊ အဲဒီလို မတွေးနဲ့လေကွာ၊ မင်းက





လှပါတယ်ကွ၊ ဆွဲဆောင်မှုလည်း ရှိပါတယ် ...၊ ဒါကတော့ကွာ ... "

ဟွန်း ... အသံကိုက ညုတုတု။ ပြောတော့ဖြင့် မိန်းမတွေကို စိတ်ကုန်သလို ဘာလိုလိုနဲ့။ အပြောတစ်မျိုး၊ အလုပ်တစ်မျိုး ...။

ချိုကိုက ဘာကြောင့်မှန်းမသိ သူ့ကို အရမ်းအမြင်ကတ်သွားပြီး အပေါ်ထပ်သို့ ပြန်တက်လာခဲ့ပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



## (၂၇)

✤ ✤ ✤

"ဒေါက် ... ဒေါက်"

"ချိုကို ချာတိတ် တံခါးဖွင့်စမ်းပါ၊ အရေးကြီးလို့ပါကွ"

မနက်စောစော ချိုကို့အခန်းတံခါးကို လာခေါက်ရင်း အော်ဟစ်နေတာမို့ ချိုကို စိတ်တိုသွားမိပါသည်။

"ဘာလဲဗျာ ... ဒီမှာ အိပ်ရေးမဝသေးဘူးဗျ"

"ခဏလေးပါကွာ၊ မင်းဆီက အရေးတကြီး အကူအညီတောင်းစရာရှိလို့ပါ"

"နောက်မှ တောင်းဗျာ"

"မင်း တံခါးမဖွင့်မချင်း ငါ ဒီမှာပဲအော်ဟစ်ခေါ်နေမှာနော်"

"ဦးပြည့်မင်း သူငယ်ချင်းလို့ မပြောရဘူး၊ ယုတ်ကိုယုတ်မာတယ်"





တံခါးကို ထုနက်ရင်း အော်ဟစ်နေသော အသံကို နားမခံသာတာမို့ ချိုကိုက အိပ်ချင်မူးတူးဖြင့် တံခါးဖွင့်ပေးလိုက်ရပါသည်။

"ဒီလိုမှပေါ့ကွ ..."

"ပြော ... ဘာလဲ"

"ကျေးဇူးပြုပြီး ကိုယ့် girl friend နဲ့ ဖုန်းပြောပေးစမ်းပါကွာ"

"ဘာဗျ ..."

"ကိုယ့်ကောင်မလေးအကြောင်း မင်းကို ပြောဖူးတယ်သေကွာ၊ ကိုယ် ဖီလင်မလာတော့တဲ့ တစ်ယောက်လေ၊ အဲဒကိုယ် သူနဲ့ဖုန်းပြောတော့ ကိုယ်လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့သူနဲ့ အတူရှိနေတယ်လို့ ညာပြောလိုက်တယ်၊ အဲဒါ သူက မယုံဘူးတဲ့၊ အဲ့ဒီတစ်ယောက်နဲ့ စကားပြောရမှ ယုံမယ်ဆိုလို့ မင်းလာပြောပေးစမ်းပါ"

"ကျုပ်က ယောကျ်ားလေဗျာ၊ ခင်ဗျား ကောင်မလေးပါလို့ ဘယ်လိုပြောမလဲ၊ ယောကျ်ားချင်း ကြိုက်နေတာလို့ ပြောလိုက်ရမှာလား"

"မင်းအသံက မိန်းမသံနဲ့ တူတယ်လေကွာ၊ အသံလုံးသေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး စူးတယ်၊ မင်းအသံကို နည်းနည်း နုးညံ့ပြီးပြောလိုက်ရင် ဟိုက မိန်းကလေးအသံလို့ ယုံသွားမှာပါ"

"အဲဒီတစ်ယောက်နဲ့ ခင်ဗျားနဲ့ မနေ့ကတောင် ဖုန်းထဲမှာ ညကလီးယားနေသေးတာ မဟုတ်လား"

"ရန်မဖြစ်ချင်လို့ အလိုက်သင့်လေးတော့ ပြောပေးရတာပေါ့ကွာ၊ ကိုယ့်မှာ လက်ထပ်မယ့်သူရှိကြောင်း သူယုံအောင် ပျော့ပျော့ပျောင်းပျောင်း ပြောပြနေရတာပါ"

"လှတာတွေ ဆွဲဆောင်မှုရှိတာတွေ ပြောပြီး မြှောက်နေတာ ကျုပ်ကြားပါတယ်"

"ဒါကတော့ကွာ၊ သူမလှလို့ မတွဲချင်တော့တာလား မေးနေလို့ သူ့မာနကို မထိအောင် ကြည့်ကျက်ပြောပေးနေရတာပေါ့"

"ရှုပ်နေတာပဲဗျာ၊ ခင်ဗျားရဲ့ အရှုပ်ထုပ်ထဲမှာ ဝင်မပါချင်ပါဘူး၊ ခင်ဗျား ပြဿနာ ခင်ဗျားဘာသာရှင်း"

"ဒါလေး ပြောပေးရုံပဲကွာ၊ ဘာအပမ်းကြီးလို့လဲ"

"ကျွန်တော် ယောကျ်ားကြီး တန်မဲ့ မိန်းမယောင်ဆောင်ပြီး ပြောရမှာ အပမ်းကြီးတယ်ဗျ"

"မင်း ကိုယ့်ကိုကူညီရင် မင်းမသိသေးတဲ့ လျှို့ဝှက်ချက် တစ်ခု ပြောပြမယ်"





"ဘာလျှို့ဝှက်ချက်လဲ"

"မင်း အစ်မ မေသော်တာနဲ့ ပတ်သက်တယ်"

ချိုကို ငိုင်သွားပါသည်။ မေ့အကြောင်းတော့ ချိုကို သိချင်လှပါသည်။

"ကူညီမယ်ဗျာ၊ လျှို့ဝှက်ချက်ကို ပြောပြ ..."

"မင်း ကူညီပြီးရင် တကယ်ပြောပြမယ်"

"ခင်ဗျား ပြောပြပြီးမှ ကူညီမယ်"

"အောက်ထပ်မှာ ဖုန်းက ဒီအတိုင်းချထားတာကွ၊ ကြာနေရင် မကောင်းဘူး၊ ဟိုဘက်က မယုံဘဲနေမယ်၊ အရင် လာပြောပေးဦး ..."

"ခင်ဗျား ကတိနော်"

"အေးကွာ ... ကတိကွာ"

"ယောကျ်ားကတိနော်၊ အခြောက် ကတိမဟုတ်ဘူး မှတ်လား"

"ဟောကောင် အရေးထဲမှာ မင်း ငါ့ကို လာဖွဲ့မနေနဲ့"

ချိုကိုက ထွဋ်ခေါင်မြတ်ကို ကလိခဲ့ပြီး အောက်ထပ် ဧည့်ခန်းထဲသို့ ပြေးဆင်းလာကာ ဖုန်းကောက်ကိုင်လိုက်ပါသည်။

"ဟဲလို ..."



www.burmeseclassic.com

www.burmeseclassic.com



"Hello, ... who are you ?"

တစ်ဖက်က အင်္ဂလိပ်လို မေးလိုက်သော အသံက တော်တော် ဆွဲဆောင်မှုရှိသည်။

ချိုကိုက ချိုကို့အသံကို မိန်းမသံ စစ်စစ်ဖြစ်အောင် မူရင်းအတိုင်း ဖျော့ချလိုက်ရင်း ...

"တို့က ကိုထွဋ်ခေါင်မြတ်နဲ့ လက်ထပ်မယ့်သူပါ"

ထိုစကားကို ပြောစဉ်မှာ ဘာကြောင့်မှန်းမသိ ရင်ထဲမှာ တစ်ချက် တုန်သွားပါသည်။

"ကိုမြတ်နဲ့ တို့က သူဒီမှာနေတုန်းကတည်းက မိဘချင်းရော လူငယ်ချင်းပါ မိသားစုတွေလို နေကြတာလေ၊ ယူနဲ့ ပတ်သက်ပြီး တို့ကို ကိုမြတ်က ပြောပြသင့်သလောက် ပြောပြပြီးလို့ တို့ဘက်ကလည်း ခွင့်လွှတ်နိုင်လို့ လက်ခံလိုက်တာပါ"

"အိုကေ ... ဒါဆိုလည်း ပြီးတာပါပဲ၊ ဗွတ်ဘိုင် ..."

တစ်ဖက်က အသာတကြည် ဖုန်းချသွားသည်။ ချိုကိုလည်း ဖုန်းချပြီး နောက်သို့ လှည့်ကြည့်လိုက်တော့ ချိုကို့ကို စိုက်ကြည့်နေသော ထွဋ်ခေါင်မြတ်ကို တွေ့လိုက်ရပါသည်။ သူက ပြုံးစိစိနှင့် ခေါင်းတစ်ချက်ဆတ်ရင်း ...





"မင်းအသံက တကယ့် မိန်းမအစစ်ရဲ့ အသံအတိုင်းပဲ၊ မင်းပြောပုံက mood ပါလွန်းလို့ ငါတောင် မင်းကိုကြည့်ရင်း ငါ သတို့သမီးလောင်းလို့ ထင်လာတယ်"

"ဟော့လူကြီး ..."

"ဟား ... ဟား ... နောက်တာပါကွာ၊ မလန့်ပါနဲ့၊ မင်း သရုပ်ဆောင်တာ တအား ပီပြင်လွန်းလို့ပါ၊ အရမ်းကျေးဇူး တင်ပါတယ်"

"ကျွန်တော့်ဘက်က ကူညီပြီးပြီ၊ ခင်ဗျား လျှို့ဝှက်ချက်ကို ပြောတော့လေဗျာ"

"မပြောဘူးဆိုရင်ကော ..."

"သတ်ပစ်မယ်"

"ဟ ဟ ... ဒေါသက တယ်ကြီးပါလား၊ ယောက်ျားကတိပါကွာ၊ ပြောမှာပါ၊ လာ ... အေးအေးဆေးဆေး ထိုင်နား ထောင်"

သူက ချိုကိုနှင့်အတူ ဆိုဖာပေါ်မှာ ဝင်ထိုင်လိုက်ရင်း ...

"ပြည့်မင်းက မင်းကို ဘာမှမပြောနဲ့ဦးဆိုပေမယ့် ကိုယ်ပြောပြပါမယ်၊ တကယ်တော့ မေသော်တာ ဘယ်မှာရှိတယ်ဆိုတာ ပြည့်မင်း သိထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါတောင် ကျွန်တော့်ကို မပြောဘူး"

"သိထားပေမယ့် ပြန်ခေါ်လို့က မရသေးဘူးလေ၊ သူပြောတာတော့ မေသော်တာက မင်းကိုရော ပြည့်မင်းကိုပါ စိတ်ပျက်နေတာဆို၊ မင်းကလည်း ဂျစ်တစ်တစ်နဲ့ အစ်မအပေါ် ဆိုးတယ်ထင်တယ်"

"ဒါ ... ကျွန်တော့်အပိုင်းပါ၊ ခင်ဗျား စကားသာ ခင်ဗျား ဆက်ပြောပါ"

"အခု မေသော်တာက မန္တလေးက ကျောင်းခွဲတစ်ခုမှာ စာသင်ရင်း ကျောင်းက စီစဉ်ပေးတဲ့ တိုက်ခန်းမှာ နေနေတာကို ပြည့်မင်းက နေ့တိုင်း လူပျို ပြန်လှည့်ပြီး စိတ်ပြေဖို့၊ ရန်ကုန်ပြန်လိုက်ဖို့ ချော့မော့ခေါ်နေရတယ်၊ အဲဒါကြောင့် ဒီကောင် မန္တလေးရုံးခွဲမှာပဲ လောလောဆယ် နေနေလိုက်တာ"

"ကျွန်တော့်မှာတော့ စိတ်ပူလိုက်ရတာ၊ ဦးပြည့်မင်းက ကျွန်တော့်ကျတော့ ပြောမပြဘူး"

"ပြန်ခေါ်လာနိုင်တော့မှပဲ အသိပေးမလို့ ထင်ပါတယ်၊ မင်းသိလည်း မေနဲ့ ဆက်သွယ်လို့မှ မရသေးတာ"

"မေ ... အဲ ... မမမေနဲ့ ကျွန်တော် တွေ့ချင်တယ်၊ မမမေ ရှိတဲ့နေရာကို ကျွန်တော့် လိုက်ပို့ပါလားဗျာ"





"အဲဒီနေရာကို ကိုယ်မသိဘူး၊ ပြည့်မင်းပဲ သိတာ"

"ဦးပြည့်မင်းကို လိုက်ပို့ခိုင်းရင်ရော ..."

"မေသော်တာကမှ စိတ်ဆိုးမပြေသေးတာ၊ မင်းသွားလည်း အပိုပဲပေါ့၊ သူတို့လင်မယားချင်း လွှတ်သာထားလိုက်ပါကွာ၊ ပြည့်မင်း မရမက ချော့မော့ခေါ်လာပါလိမ့်မယ်၊ မင်း စိတ်အေးအေးထားပြီး စောင့်သာနေလိုက်ပါ"

ထွဋ်ခေါင်မြတ်က ချိုကို့ခေါင်းကို တစ်ချက်ပုတ်၍ နှစ်သိမ့်ပြီး ထ,ထွက်သွားတော့ ချိုကို ငိုင်ကျန်ခဲ့သည်။

စိတ်ထဲမှာလည်း ဝမ်းနည်းအားငယ်နေမိပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



(၂၈)

✤ ✤ ✤

ဒေါ်ဒေါ်ဝင်းရော ဖိုးပုပါ ရှေ့ဆင့် နောက်ဆင့် တုပ်ကွေး ကွေးကြသောအခါ ချိုကိုရော ထွဋ်ခေါင်မြတ်ပါ ထမင်း ဝတ်ကြဖို့ အကြောင်းဖန်လာပါသည်။ အညည်းညူဆုံးကတော့ အစားမက်သည့် ချိုကိုပင်။

"စားရေး သောက်ရေး အဆင်မပြေဘူးဗျာ၊ ကျွန်တော်က လည်း ယောကျ်ားဆိုတော့ ချက်တဲ့ပြုတ်တဲ့ကိစ္စကို နား မလည်ဘူး၊ အပြင်က ဟင်းတွေချည်းပဲလည်း ဝယ်မစား ချင်ဘူး၊ ဝယ်စားချင်ရင်တောင်မှ ဝယ်ပေးမယ့် ဖိုးပုပါ ဖျားနေတော့ ဘာမှစားဖို့မရှိဘူး၊ ခင်ဗျား အပြင်သွားရင် ကျွန်တော် စားဖို့ပါ ဆိုင်ကောင်းကောင်းက စားစရာ ဝယ်ခဲ့ပေးစမ်းပါ၊ မနက်စာကို လက်ဖက်သုပ်လေးနဲ့ပဲ





စားလိုက်ရတော့ လုံးဝ အာသာမပြေဘူး ဖြစ်နေတယ်၊ ဒေါ်ဒေါ်ဝင်းသာ နေကောင်းရင် ဖွယ်ဖွယ်ရာရာလေး ချက် ပြုတ်ကျွေးတာ အရမ်းစားကောင်းတယ်"

ထွဋ်ခေါင်မြတ်က ဘာမှဝင်မပြော။ ချိုကို ညည်းညူ နေတာကိုသာ ပြုံးစိစိဖြင့် နားထောင်နေသည်။ 'ထမင်းစား မကောင်းဘူး' ဟု တဖွဖွပြောကာ ချိုကိုက တစ်နေ့လုံး ယောက် ယက်ခတ်နေသည်။ တီဗီကြည့်နေရင်းကနေ ထသွားကာ ငှက်ပျော သီး ဖဲ့စားလိုက်၊ ရေခဲသေတ္တာဖွင့်ပြီး စားစရာ ရှာဖွေလိုက်နှင့် ဂဏှာမငြိမ်။ ခဏကြာတော့ ဧည့်ခန်းထဲက ဆိုဖာရှည်ပေါ်မှာ လှဲ၍ ကာတွန်းစာအုပ်ဖတ်ရင်း အိပ်ပျော်သွားပါသည်။

ချိုကို အိပ်ရာနိုးလာတော့ တစ်အိမ်လုံး တိတ်ဆိတ် နေခြင်းနှင့်အတူ ဟင်းနံ့မွှေးမွှေးကိုပါ ခံစားလိုက်ရပါသည်။ ဟင်း နံ့က တစ်အိမ်လုံးသို့ ပျံ့နှံ့မွှေးကြိုင်နေသည်။ ထိုအနံ့နှင့်အတူ ချိုကိုလည်း ဗိုက်ဆာလာပါသည်။

ချိုကိုအိပ်နေတုန်း ထွဋ်ခေါင်မြတ် အပြင်ထွက်သွား ပြီး စားစရာတစ်ခုခု ဝယ်လာတာပဲဟုထင်ကာ ချိုကိုက ထမင်းစား ခန်းဘက်သို့ အပြေးသွားမိသည်။ ထမင်းစားခန်းဝသို့ ရောက်တော့ ဟင်းနံ့က ပိုမွှေးလာသည်။ ချိုကို့ခြေလှမ်းကလည်း ပိုသွက်လာ သည်။ ထမင်းစားခန်းတွင်းသို့ လှမ်းဝင်လိုက်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

ချိုကိုက ကိုယ့်ရှေ့ကမြင်ကွင်းကို အံ့အားတသင့် ကြည့်နေလိုက်မိသည်။ မြင်ကွင်းက ထူးဆန်းလို့ပင်။ ထွင့်ခေါင် မြတ်က အေပရွန်ကို ခါးမှာပတ်ချည်လျက် မီးဖိုပေါ်မှ ဒယ်အိုး ကို မွှေရင်း အားပါးတရ ကြော်လှော်ချက်ပြုတ်နေသည်။ ထမင်း စားပွဲပေါ်မှာတော့ ချက်ပြီးသား ဟင်းပွဲတချို့ကို လှလှပပ ပြင် ဆင်ထားသည်။ သူ့ဘေးက မီးဖိုခုံပေါ်မှာ စနစ်တကျ ကိုးချွတ်ထား သော မုန်လာဥနီများ၊ ပန်းပွင့်နှင့် ကြက်သွန်များကို တွေ့ရသည်။ သူက ဒယ်အိုးကို မွှေနေရင်းက ချိုကို့ကို လှည့်ကြည့်ကာ ...

"ချာတိတ် နိုးပြီလား၊ ဗိုက်ဆာရင် စားလို့ရပြီနော်၊ အား လုံး ရယ်ဒီပဲ"

ဟု လှမ်းပြောရင်း ဒယ်အိုးထဲကို တရုတ်နံနံပင် အရွက်တွေ ထည့်လိုက်သည်။ ပြီးတော့ နှစ်ချက် သုံးချက်မွှေပြီး ဒယ်အိုးကို မီးဖိုပေါ်မှ ချလိုက်ပါသည်။

"ဒါ ... ဒါတွေအားလုံး ခင်ဗျား ချက်ထားတာလား"

ချိုကိုက စားပွဲပေါ်က ဟင်းပွဲတွေကို လက်ညှိုး ငေါ့ထိုးရင်း မေးမိသည်။

"ဟုတ်တယ်လေ ... ကိုယ်က ဟိုမှာလည်း ဒီလိုပဲ ချက်





ပြုတ်စားနေကျပဲ၊ တစ်ယောက်တည်းနေတာဆိုတော့ ကိုယ့် ဘာသာ ဈေးသွား၊ ကိုယ့်ဘာသာ ချက်ရတာပဲ"

ချိုကိုက သူ့အစွမ်းကို သဘောကျသွားသော်လည်း သူ့ကို မချီးမွမ်းချင်တာမို့ ...

"စားကောင်းအောင်ကော ချက်တတ်လို့လား"

ဟု ခပ်ထေ့ထေ့မေးလိုက်တော့ သူက ဒယ်အိုးထဲက အစိမ်းကြော်တွေကို ပန်းကန်ပြားထဲထည့်ရင်း အပြုံးမပျက်ဘဲ ...

"စားကြည့်ပေါ့၊ လျှာလည်သွားမှ ဒေါ်ဝင်းချက်တာတောင် ပြန်မစားနိုင်ဘဲ ဖြစ်သွားမယ်"

"ညွှန်းပါ ..."

ချိုကိုက ဟင်းနံ့ကြောင့် ဗိုက်ပိုဆာလာကာ ထမင်း စားပွဲမှာ ဝင်ထိုင်လိုက်သည်။ အဲ့ဒီနောက်တော့ ချိုကို ဘာစကား မှ မပြောနိုင်တော့ပါ။ စားကောင်းလွန်းလို့ ခေါင်းမဖော်နိုင်အောင် ပင်။

ဒေါ်ဒေါ်ဝင်း ချက်သည့် ဟင်းတွေက သမားရိုးကျ ဗမာဟင်းတွေဖြစ်ပြီး သူချက်သည့် ဟင်းတွေက တကယ့် ယူရိ ပီယမ်စတိုင်လ် အဆင့်မြင့်မြင့် ဟင်းမျိုး။ ဟိုတယ်စာဆိုတာ ဒါမျိုးကို ခေါ်မည်ထင်သည်။

"ဘယ်လိုလဲ ... စားကောင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အွန်း ... ကောင်းသားပဲ၊ မဆိုးပါဘူး"

ချိုကိုက ထမင်းဝါးနေရင်းက သိပ်မချိုးမွမ်းချင်သလို လေသံမျိုးဖြင့် ပြန်ပြောမိသည်။

အဲ့ဒီနေ့မှ စကာ ချိုကိုက ဒေါ်ဒေါ်ဝင်းကို 'အေးအေးဆေးဆေး တုပ်ကွေးကွေးနေဦးနော်' ဟု သွားပြောချင်သည်၊ ဒေါ်ဝင်း နေကောင်းတော့လည်း 'နားပါဦး' ဟု သွားပြောထားသည်။

သူကလည်း ပင်ပန်းပုံမပြဘဲ ကိုယ်တိုင် ဈေးသွားကာ ချက်ရေးပြုတ်ရေးကိစ္စကို တာဝန်ယူထားသည်။ လည်ပင်းပေါက်ပြဲပြဲ စွယ်ကျယ် ကိုယ်ကျပ်လေးနှင့် ချည်သား ဘောင်းဘီရှည် ပွပွကိုဝတ်ကာ ခါးမှာ အေပရွန်ချည်ပြီး ချက်ပြုတ်နေသည့်ပုံက စတိုင်လ်ကျပြီး သက်သောင့်သက်သာ ရှိလှပါသည်။

မနက်စောစော အချိန်တွေမှာ သူက ပေါင်မုန့်မီးကင် ကြက်ဥဟပ်ဖရိုက်နှင့် အသီးအနှံတွေကို ပြင်ဆင်ပြီး ...

"ချာတိတ်ရေ ... လာဟေ့ ဘရိတ်ဖတ် စားရအောင်"

ဟု ခေါ်လျှင် ချိုကိုက အပေါ်ထပ်မှ ခုန်ပေါက်ပြေးဆင်းလာပြီး သူ့ရဲ့ ယူရိုပီယမ် ဘရိတ်ဖတ်ကို ဟပ်ဟပ်ထိုးဝင်စားသွားသည်။ ပြီးတော့ သူ ဘယ်အချိန် နေ့လယ်စာ စားဖို့ ခေါ်မလဲဟု နားစွင့်နေသည်။

စိုး မိုး စာ ပေ



တစ်ခါတစ်ခါကျတော့ ကောင်းကောင်းမစားဘဲ ...

"ခင်ဗျားက အိမ်မှုကိစ္စလည်း ကျွမ်းကျင်တယ်ဆိုတော့ ကျွန်တော်ထင်တာများ မှန်နေသလား မသိဘူး"

ဟု ကလိတိတိ ပြောမိသည်။ ထိုအခါ သူက ချိုကို့ကို စွေကြည့်ကာ ...

"ဟုတ်တယ် ... ကိုယ်က မင်းထင်သလို အခြောက်ပဲ၊ အဲ့ဒါကြောင့် မင်းကို ကြိုက်လို့ ချက်ပြုတ်ကျွေးနေတာပေါ့"

ဟု ခနိုးခနဲ့ ပြန်ပြောတတ်ပါသည်။

ဒီလိုနှင့် ဒေါ်ဒေါ်ဝင်း နေပြန်ကောင်းလာသော တစ်နေ့မှာ မီးဖိုချောင်တာဝန်တွေကို ဒေါ်ဒေါ်ဝင်းက ပြန်လက်လွှဲယူလိုက်ပါသည်။

အဲ့ဒီနေ့က ချိုကို ထမင်းစားပျက်ပါသည်။

အဲ့ဒီနေ့မှာပဲ ချိုကိုက သူ့ကို သွားတောင်းဆိုလိုက်ပါသည်။

"ဟေ့လူကြီး ... မီးဖိုချောင်တာဝန် ခင်ဗျားပဲ ပြန်ယူဗျာ"

"ဘာလို့တုန်း ..."

"ခင်ဗျား ချက်တာက ပိုစားကောင်းတာဗျ"

စိုး မိုး စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"အမြဲစားကောင်းချင်ရင် တစ်သက်လုံး ခေါ်ထားပေါ့"

"ခင်ဗျားက မိန်းမချောချောလေးဆိုရင်တော့ ခေါ်ထားပါတယ်"

"မင်းက မိန်းမဲဆိုလည်း ခေါ်ထားလို့ ရပါတယ်"

"ကျွန်တော်ကတော့ အရင်တုန်းကလည်း ယောကျ်ား၊ ခုလည်း ယောကျ်ား၊ နောင်လည်း ယောကျ်ားပဲဗျ၊ ဘယ်တော့မှ မိန်းမ မဖြစ်ဘူး၊ ခင်ဗျားသာ ခြောက်တောက်တောက် ဖြစ်နေတာ"

"အေး ... အဲဒါကြောင့် မင်းကို သဘောကျတတ ဖြစ်နေတာ နေမှာပေါ့"

ချိုကိုက ရွဲ့လျှင် သူကလည်း ပြန်ရွဲ့မြဲပင် ...။

ချိုကိုတို့ နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် စကားအကောင်းမပြောကြပေမယ့် တဖြည်းဖြည်း တစ်ယောက်ကိုတစ်ယောက် ရင်းနှီးလိုအပ်လာသည်။

သူက ချိုကို့ကို ရွဲ့ပြောပေမယ့် ချိုကို့ဆန္ဒအတိုင်း မီးဖိုချောင်ဝင်ပြီး စားရေး သောက်ရေးတာဝန် ယူပေးတာမို့ ချိုကို အကြိုက်ကျနေပါသည်။

◆ ◆ ◆





(၂၉)

✤ ✤ ✤

"ဦးထွဋ်ခေါင်မြတ်ရေ ကျွန်တော်တော့ ဖျားပြီထင်ပါတယ် ဗျာ"

တစ်မနက်မှာ ချိုကိုက အပေါ်ထပ်မှ ဒယီးဒယိုင် ဆင်းလာပြီး ဧည့်ခန်းဆိုဖာပေါ် ပစ်လှဲချပြီး မျက်လုံးမှိတ် ငြိမ်သက်နေလိုက်ပါသည်။

ထွဋ်ခေါင်မြတ်က CD စင်ပေါ်က အခွေတွေ ရွေးနေရင်းက ချိုကို့နားရောက်လာကာ ချိုကို့နဖူးကို လှမ်းစမ်းလိုက်ပါသည်။

"ဟာ ... ချာတိတ် ကိုယ် ခြစ်ခြစ်တောက် ပူလို့ပါလား၊ ကေန္တ မင်းလည်း ကွေးပြီထင်တယ်"

"အင်း ... ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ချိုကိုက တစ်ချက်ညည်းရင်း မှိန်းနေလိုက်သည်။ ထွင့်ခေါင်မြတ်က ရေနွေးနှင့် ဆေးသွားယူလာကာ ...

"ဟော့ကောင်. ထ ... ထ၊ အမောက်စယ်နဲ့ ဘိုင်အိုဂျက်ဆစ် လေးတော့ သောက်လိုက်ဦး"

ဟုပြောရင်း ချိုကို့ ခေါင်းနောက်သို့လက်လျှိုထူမတ်ပေးလိုက်သည်။ ဆေးကို ချိုကို့ပါးစပ်ထဲထည့်ကာ ရေနွေးခွက်ကို တမှုးမှုးမှုတ်ပြီး ချိုကို့ပါးစပ်နား တော့ပေးလိုက်တာမို့ ချိုကို သောက်ချလိုက်ရသည်။ ခေါင်းတွေကိုက်နေတာမို့ ဘာစကားမှမပြောနိုင်ဘဲ ခဏနေတော့ ချိုကို အိပ်မောကျသွားပါသည်။

ချိုကို ပြန်နိုးလာတော့ ယောက်ယက်ခတ်နေသော သူ့ပုံရိပ်ကို ဝိုးတဝါး စမြင်ရသည်။ မီးဖိုချောင်ဘက် ပြေးဝင်သွားလိုက်၊ ပြန်ထွက်လာပြီး ဧည့်ခန်းကို သန့်ရှင်းရေးလုပ်လိုက်၊ ဖုန်းလာတော့ ပြေးကိုင်လိုက်။ ဆံပင်က ဘုတ်သိုက်သိုက် ပွယောင်းယောင်းနှင့် ...၊ ဝတ်ထားတာက ပေါင်ရင်းသာသာ အသားပျော့ကပ်ကပ် ဘောင်းဘီတိုနှင့် ရှပ်ကျယ်လက်ပြတ်နှင့် ...။

ချိုကို ကြည့်နေဆဲမှာ သူက မီးဖိုချောင်ဘက် ပြန်ဝင်သွားပြီး ရေခွက်တစ်ခွက်နှင့် တဘက်တစ်ထည် ယူလာသည်။ ရေခွက်ကို ချိုကို့နားက စားပွဲပေါ် တင်လိုက်ချိန်မှာ ဖုန်းမြည်





လာတာမို့ ဖုန်းဆီ ပျာခနဲ ထပြေးသွားသည်။ သူ့ပေါင်အဖွေးသားက ချိုကို့မြင်ကွင်းရှေ့မှ ဖွေးခနဲ ဖြတ်သွားသည်။

"ဟဲလို ... ဟုတ်ကဲ့ ... ကျွန်တော် ထွင့်ခေါင်မြတ်ပါ၊ ဟာ ဟော့ကောင် ... မင်းကွာ ... ခုမှဆက်ရသလား၊ ငါ ပြည့် အိမ် ရောက်ကတည်းက မင်းဆီဆက်နေတာကွ၊ အေး ... ရှေ့အပတ်ထဲ ပြန်မှာ၊ မပြန်ခင် တွေ့မယ်လေကွာ၊ ပြည့် ကတော့ သူ့ကိစ္စနဲ့သူ ဗျာများနေတာကွာ၊ ငါ့ဆီတောင် လာမတွေ့နိုင်ပါဘူး၊ အေး ... ငါ့အလုပ်ကိစ္စတချို့ ပါလာ တာတော့ ပြတ်သလောက်ရှိပါပြီ၊ အေး ... ဒါပဲကွာ ဒါပဲ၊ ငါလည်း မအားဘူး၊ ပြည့်အိမ်က အဒေါ်ကြီး သူ့အိမ် ခဏပြန်သွားလို့ ငါပဲ ချက်ပြုတ်နေရတာ ..."

သူက ဖုန်းပြောပြီးတာနှင့် ချိုကို့ဆီ ပြန်ပြေးလာပြီး တဘက်ကို ရေခွက်ထဲ နှစ်ထည့် လိမ်ညှစ်ပြီး ချိုကို့ နဖူးပေါ် အုပ်ပေးလိုက်တော့ အေးခနဲ ဖြစ်သွားသည်။

"ဒေါ်ဒေါ်ဝင်းတို့ ဘယ်သွားလို့လဲ ..."

ချိုကိုက မျက်လုံးဖွင့်မကြည့်သေးဘဲ မေးလိုက်သည်။

"မင်း ... နိုးနေပြီကိုး၊ သက်သာရဲ့လား၊ ခေါင်းကိုက်သေး လား၊ ရေဖတ်ဝတ်အုပ်ပေးရင် ပိုသက်သာမယ်ထင်လို့ အုပ် ပေးနေတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"သက်သာပါတယ်"

"ဒေါ်ဒေါ်ဝင်းက မင်း အိပ်ရာကမနိုးခင်ကပဲ ငါ့ကို နှုတ်ဆက်ပြီး ခဏပြန်သွားတာ၊ နာရေးတစ်ခု သွားစရာရှိလို့တဲ့၊ ညနေ ပြန်လာမယ်တော့ ပြောတယ်၊ ဖိုးပုလည်း ဒေါ်ဝင်းကို လိုက်ပို့တယ်၊ ဒါနဲ့ ... မင်း တကယ်ကော သက်သာရဲ့လား၊ မျက်လုံးတောင် မဖွင့်နိုင်ဘူးမဟုတ်လား"

"ဖွင့်နိုင်သားပဲ"

"ဖွင့်နိုင်ရင် ဖွင့်လေကွာ၊ ဘာလို့ မျက်လုံးကြီး ဖွတ်မှိတ်ထားတာလဲ"

"ခင်ဗျားကို မကြည့်ချင်လို့"

"ဟ ... အသားလွတ် လာချဲနေပါလား"

"ခင်ဗျား ဘောင်းဘီသွားလဲလိုက်ဗျာ၊ လဲပြီးမှ ဖွင့်မယ်"

"ကိုယ့်ဘောင်းဘီက ဘာဖြစ်နေလို့လဲ"

"အောက်ခံဘောင်းဘီကြီးနဲ့တူတယ်၊ အမြင်မတော်ဘူး"

"ဟား ... ဟား ... မင်း ခုန ခိုးကြည့်ထားတာမဟုတ်လား"

"ခိုးမကြည့်ဘူးဗျ၊ မတော်တဆ မြင်လိုက်တာ"

ချိုကိုက ရှက်ရှက်နှင့် ခတ်ဆတ်ဆတ်အော်လိုက်သည်။ ထွင့်ခေါင်မြတ်က အရယ်လက်စ မသတ်သေးဘဲ ...

"ဒါ ... အောက်ခံဘောင်းဘီ မဟုတ်ပါဘူးကွာ၊ အိမ်မှာ





နေရင်း ပေါ့ပေါ့ပါးပါးဝတ်တဲ့ ဘောင်းဘီပါ"

"လဲဆို လဲဗျာ ..."

"အိုကေ ... အိုကေ ... ဒေါသမကြီးပါနဲ့၊ လဲပေးပါ့မယ်"

ထွင့်ခေါင်မြတ်က 'ယောကျ်ားချင်းတောင် တော်တော် အရှက်ကြီးတဲ့ကောင်' ဟု ရေရွတ်ရင်း သူ့ခန်းဘက်သို့ လျှောက်သွားသည်။ ခဏနေတော့ ပြန်ထွက်လာကာ ...

"ကဲ ... မျက်လုံးဖွင့်လို့ ရပါပြီ"

ဟု လှမ်းပြောတော့မှ ချိုကိုက မျက်လုံးဖွင့်လိုက်သည်။

ထိုနေ့ တစ်နေ့လုံး သူက ချိုကို့ကို တတ်နိုင်သလောက် ပြုစုရှာပါသည်။ ညနေစောင်းတော့ ချိုကိုလည်း သက်သာလာသည်။

ထိုညက ချိုကို အိပ်မပျော်ပါ။

ချိုကို့နားထဲမှာ ထွင့်ခေါင်မြတ်ရဲ့ ...

"ရှေ့အပတ်ထဲ ပြန်မှာ"

ဟူသော စကားကိုသာ အထပ်ထပ် ကြားယောင်ရင်း လူက ပို၍နုံးနေပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



(၃၀)

✤ ✤ ✤

ချိုကို နေကောင်းသွားပြီးနောက် တစ်ညမှာ ခြံထဲ ဆင်း၍ ထိုင်နေမိပါသည်။ စိတ်ထဲမှာ အလိုလိုနေရင်း ဝမ်းပမ်းတနည်းကြီး ခံစားနေရတာ ဘယ်လိုကြီးမှန်း မသိပါ။

ဒီညက လပြည့်ညတော့ မဟုတ်။ လဆုတ်ရက်မို့ ကောင်းကင်က လင်းလင်းချင်းချင်း မရှိလှပါ။ အိမ်ထဲက မီးရောင်တွေ ပျို့အန်နေ၍သာ ခြံထဲမှာ အလင်းပျပျ ရှိနေခြင်းပင်။

ထိုခဏလေးမှာ ချိုကို့ ပခုံးပေါ်သို့ နွေးထွေးသော လက်တစ်ဖက် ထိတွေ့လာကာ ...

"ချာတိတ် ... နေကောင်းခါစမှာ လေတိုက်ကြီးထဲ ထွက်ထိုင်မနေနဲ့လေ၊ ဖျားနေဦးမယ်"

ထွင့်ခေါင်မြတ်က ချိုကို့နားမှာ ဝင်ထိုင်လိုက်ရင်း





ချိုကို့ ပခုံးကို လှမ်းဖက်လိုက်ခြင်းပင် ...။ ချိုကိုက အေးနေရာမှ နွေးသွားသော်လည်း သူမသိအောင် သက်ပြင်းခိုးချကာ ...

"နေမကောင်းတုန်းက ပြုစုပေးခဲ့တဲ့အတွက်တော့ ကျေးဇူးတင်တယ်၊ ဒါပေမယ့် ကျွန်တော့်ကို ပွေးပွေးကပ်ကပ် တဖက်ဖက် လာလုပ်မနေနဲ့၊ ကျွန်တော် မနေတတ်ဘူး၊ ကျွန်တော့် ပခုံးပေါ်က ခင်ဗျားလက်ကို ဖယ် ..."

သူက ရယ်မောလျက်ပင် သူ့လက်ကို ဖယ်လိုက်ရင်း ...

"အေးကွာ ... ငါလည်း ဘာဖြစ်မှန်းကို မသိပါဘူး၊ မင်းနဲ့တွေ့ရင် ဖက်ချင်နေတာ"

"ဘာဗျ ..."

"အမှန်အတိုင်း ပြောတာပဲကွာ၊ မင်းကိုတွေ့ရင် ငါ့စိတ်ထဲမှာ စချင် နောက်ချင်သလိုလို၊ ထိပ်ပဲပုပ်ချင်တော့သလိုလို၊ ပခုံးပဲ ဖက်ချင်သလိုလိုကို ဖြစ်ဖြစ်လာတာ ..."

ချိုကိုသည် သူ့စကားကြောင့် ကြက်သီးထကာ ရင်ထဲ ရှိန်းနွေးသွားသော်လည်း ပခုံးတစ်ချက် တွန့်လိုက်ရင်း ...

"အဲ့ဒါကြောင့် ခင်ဗျားကို ကျွန်တော် ပြောသားပဲ၊ ခြောက်မခြောက် ဆန်းစစ်ဖို့ လိုပြီဆိုတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ယောကျ်ားချင်း တစ်ခါမှ စိတ်မဝင်စားဖူးပါဘူး ကွာ၊ မင်းနဲ့တွေ့မှပါ၊ မင်းက မိန်းမချော ချောပြီး ချစ်စရာ ကောင်းနေတော့ ညီလေးလို သဘောကျမိတာ ဖြစ်မှာပါ"

"ဟုတ်မှာပါ ... ဟုတ်မှာပါ"

ချိုကိုက ခပ်ငေါ့ငေါ့ပြောတော့ သူက ချိုကို့ထိပ်ကို လှမ်းပုတ်ရင်း ပြုံးသည်။

နောက်တော့ နှစ်ယောက်လုံး ငြိမ်ငြိမ်သက်သက် ဆက်ထိုင်နေမိကြသည်။ ခဏကြာမှ ချိုကိုက စကားစလိုက်သည်။

"ခင်ဗျားက ရှေ့အပတ်ထဲ ပြန်တော့မှာလား"

"ဟုတ်တယ် ... တိတိကျကျ ပြောရရင် သန်ဘက်ခါပေါ့၊ ကိုယ် ဒီရောက်နေတာ နှစ်လပြည့်တော့မယ်လေ"

"ခင်ဗျားနဲ့ ရန်ဖြစ်နေရတာနဲ့ အချိန်တွေ ဘယ်လိုကုန်သွား မှန်းတောင် မသိလိုက်ဘူး"

"ဘာလဲ ... မပြန်စေချင်သေးဘူးလား"

"မြန်မြန်ပြန်လို့ ပြောမလို့ ..."

"ကိုယ်ပြန်ရင် မင်းတော့ ယူရိုပီယမ်စာ မစားရတော့ဘူး"

"ဝယ်စားမယ်ဗျာ"

"ပြီးတာပဲ ..."





သူက စကားမဆက်တော့။ ချိုကိုလည်း တိတ်ဆိတ် သွားသည်။ သူက ကောင်းကင်က ကြယ်တွေကို မော့ကြည့်ရင်း

"တကယ်တော့ သံယောဇဉ်ဆိုတာ ရှိတယ်ကွ၊ ပြန်ရတော့ မယ်ဆိုတော့ ကိုယ့်စိတ်ထဲ တစ်မျိုးကြီးပဲ၊ မင်းရော ကိုယ့် လို တစ်မျိုးကြီး မဖြစ်ဘူးလား"

"မဖြစ်ပါဘူး"

"မင်းက ကျောက်ခဲပဲ"

"ဘာလဲ ကျောက်ခဲ ..."

"မာတယ်လေ၊ စိတ်ထားမှ မပျော့ပျောင်းတာ"

ကျွန်တော်ပျော့တာ ခင်ဗျားမသိလို့ပါ လူကြီးရာ။ ချိုကိုက စိတ်ထဲက ပြန်ပြောရင်း ရင်ဝမှာ လှိုက်တက်လာသည်။

"တို့က ကိုထွန်း ခေါင်မြတ်နဲ့ လက်ထပ်မယ့်သူပါ"

ဟု ပြောခဲ့စဉ်က ချိုကို့ရင်ထဲ တစ်ချက်တုန်သွား ရခြင်းက 'ဘာ့ကြောင့်လဲ' ဟု ရုတ်တရက် စဉ်းစားလိုက်မိသည်။

ချိုကို စဉ်းစားနေဆဲမှာ သူ့ဆီက သက်ပြင်းချသံ တစ်ချက် ကြားရပြီး ...

"မနက်ဖြန် သန်လျင်ဘက်က သူငယ်ချင်းတစ်ယောက်ဆီ ကိုယ်သွားစရာရှိတယ်၊ အဲ့ဒီဘက်ကို တံတားဆောက်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မရောက်ဖူးသေးဘူး၊ မင်း ကိုယ့်ကို လိုက်ပို့နိုင်မလား"

"ထမင်းချက်ကျွေးဖူးတာ၊ နေမကောင်းတုန်းက ပြုစုတာတွေကို ထောက်ထားပြီး လိုက်ပို့ရမှာပေါ့ဗျာ"

"ထောက်ထားရုံသက်သက်နဲ့တော့ လိုက်ပို့စရာ မလိုပါဘူးကွာ"

"စေတနာလည်း ပါပါတယ်ဗျ"

"အဲ့ဒါ စောစောက ပြောပါလား"

"ခင်ဗျား ရောင့်တက်မှာ စိုးလို့"

"အောင်မာ ... ပြောပုံကိုက အကြောကြီးနဲ့၊ မင်းတော့လားဟင်း ..."

သူက ပြောပြော့ဆိုဆို ချိုကို့ ဆံပင်တိုလေးကို သူ့လက်ဖဝါးကြီးဖြင့် လှမ်းဆွဲဖွပစ်လိုက်သည်။ ချိုကိုက ရှောင်ထွက်တော့ သူက အမှီလိုက်ကာ ထပ်ဖွသည်။ နှစ်ယောက်သား အော်ဟစ်ဆူညံလျက် ရန်းရင်းဆန်ခတ် ဖြစ်နေကြသည်။ သူက တဟားဟား အော်ရယ်သည်။ ချိုကိုက လှောင်ပြောင်သရော်သည်။

အဲ့ဒီညက မမေ့စရာ ကောင်းသည်။

◆ ◆ ◆





( ၃၁ )

✤ ✤ ✤

သန်လျင်က ချိုကိုတို့ ပြန်လာတော့ ညနေစောင်းနေပြီ ဖြစ်သည်။

နေ့လယ်ကမှ အိမ်ကထွက်ဖြစ်ကြတာမို့ အပြန်လည်း နောက်ကျနေရသည်။ လမ်းကျွမ်းသော ချိုကိုက ချိုကို့ဂျစ်ပုလေးကို မောင်းလာပြီး ထွင့်ခေါင်မြတ်က ချိုကို့ဘေးမှာ ထိုင်လိုက်လာသည်။ မိုးချုပ်ကာနီးပြီမို့ ချိုကိုက ကားကို ခပ်မြန်မြန်မောင်းတော့ သူက ချိုကို့ကို လှည့်ကြည့်ရင်း ...

"ဖြည်းဖြည်းမောင်းပါကွ မင်းကလည်း၊ ဒီလို ညနေစောင်းလေးမှာ လေညှင်းလေး ဘာလေးခံရင်း ဖြည်းဖြည်းမောင်းမှ အရသာရှိမှာပေါ့"

"မိုးချုပ်တော့မှာဗျ ..."



www.burmeseclassic.com

www.burmeseclassic.com



"ချုပ်တော့ ဘာဖြစ်လဲ၊ မင်းလည်း ယောကျ်ား၊ ငါလည်း ယောကျ်ား ... နှစ်ယောက်တည်း ဘယ်လျှောက်သွားသွား၊ ဘယ်အချိန်ပြန်ပြန် ဘာမတင့်တယ်စရာရှိလဲ၊ ကိုယ်က မနက်ဖြန်ဆို ပြန်ရတော့မှာ၊ မပြန်ခင် ဒီလိုညမျိုးမှာ ကိုယ် ဒီမှာနေတုန်း အရင်းနှီးဆုံးဖြစ်ခဲ့တဲ့ မင်းနဲ့အတူ လျှောက်သွားချင်သေးတယ်၊ ဟော ... ဟိုမှာ သန့်လျှင်တံတား ရောက်နေပြီ၊ ကားရပ်ကွာ၊ တံတားပေါ် လမ်းဆင်းလျှောက်ရအောင်၊ လေတဖြူးဖြူးနဲ့ အရမ်းနေလို့ကောင်းမှာကွ"

ချိုကိုက သူပြောတဲ့အတိုင်း ကားကို တံတားနှင့် မနီးမဝေးမှာ ရပ်ပစ်လိုက်သည်။ ထို့နောက် ...

"ဟုတ်တယ် ... ယောကျ်ားချင်းပဲ၊ မိုးချုပ်လည်း ဘာဖြစ်လဲ ..."

ဟု ရေရွတ်ရင်း ကားပေါ်မှ ခုန်ဆင်းလာသည်။ ချိုကိုလည်း ဒီတစ်ညမှာ သူနှင့်အတူ အချိန်ကြာကြာ ရှိချင်သည်။

"အိုကေ ... လာ ... လျှောက်စို့"

သူက ရှေ့မှ ဦးဆောင်လျှောက်သွားတော့ ချိုကိုက မီအောင် ပြေးလိုက်လာပြီး သူ့ဘေးမှ ယှဉ်လျှောက်လိုက်သည်။

ကောင်းကင်ဆီမှာ အလင်းရောင် ပျောက်ဆုံးသွားတော့ ကောင်းကင်ဆီက ဖျိုးဖျိုးဖျောက်ဖျောက် ကြယ်ကလေးတွေကို လှမ်းမြင်ရသည်။





ချိုကိုတို့ တစ်နေရာမှာ ရပ်တန့်လျက် ကောင်းကင်ကို မော့ကြည့်ကြသည်။ ရေပြင်ဆီ ငုံ့ကြည့်ကြသည်။ လေပြည်ကို ရှူရှိုက်ကြသည်။

ချိုကိုတို့ စကားတွေ အများကြီး မပြောဖြစ်ပါ။

သူ့အနားမှာ ရှိနေရခြင်းကြောင့် ချိုကို့စိတ်တွေ နွေးထွေးနေသည်။

ထွန်းခေါင်မြတ်ကလည်း ဂျစ်တစ်တစ် ချာတိတ်ကလေးနှင့် အတူရှိနေခြင်းအတွက် စိတ်တွေကြည်လင်နေသည်။

ခဏကြာတော့ တံတားမှ အလင်းရောင်ဖြင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။

ဒီတစ်ညမှာ တစ်ယောက်မျက်နှာ တစ်ယောက် မြင်ရတာ ဝမ်းနည်းစရာဟု ထင်ရသည်။

"ကိုယ့်ဘဝမှာ ယောကျ်ားချင်း ဒီလောက် သံယောဇဉ်တွယ်မိတာ ဒါ ပထမဆုံးပဲ ချာတိတ်ရ၊ ပြေည့်လို သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးနဲ့ ခွဲပြီး နိုင်ငံခြားသွားတုန်းကတောင် ဒီလောက် စိတ်မကောင်းမဖြစ်ဖူးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်တော့ ပြန်လာဦးမှာလဲ"

"မသေချာဘူး"

"ပြန်မလာနဲ့ဗျာ၊ မလာတာ အေးတယ်၊ ဟိုရောက်ရင် ဟိုက ခင်ဗျားကို အသည်းအသန် ကြွေနေတဲ့ တစ်ယောက်ကိုပဲ လက်ထပ်လိုက်တော့ပေါ့ ..."

"ကိုယ်မှ သူ့ကိုမချစ်တာ၊ မင်းကို ချစ်သလောက်တောင် သူ့ကို ကိုယ်မချစ်ဘူး"

"ဘာ ..."

သူ့အသံက ချို့ကို့ရင်ထဲမှာ စည်တီးလိုက်သလို ဟိန်းညံသွားသည်။ ချို့ကို သူ့ကို ကယောင်ချောက်ချား ကြည့်မိတော့ သူက ပြုံးသည်။

"ဟုတ်တယ်လေ ... အခု မင်းကို ကိုယ်ချစ်ခင်သံယောဇဉ် ရှိသလောက်တောင် သူ့အပေါ် ခံစားမှုမဖြစ်တာ၊ ရိုးရိုး မိတ်ဆွေလောက်တောင် သံယောဇဉ်မရှိတဲ့သူကို ကိုယ်က ဘာလို့ လက်ထပ်ရမှာလဲ"

သူပြောတာကို ကြားပါသည်။ ပြီးတော့ ... မင်းကို ချစ်သလောက် သူ့ကိုမချစ်ဘူးဆိုသည့် စကားကိုလည်း အဖန်ဖန် အထပ်ထပ် ပြန်ကြားနေရပါသည်။





အဲဒီညကလည်း ...

မေ့ရက်စရာမရှိသော ညတစ်ည ဖြစ်ခဲ့ပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



(၃၂)

✤ ✤ ✤

လေဆိပ်ကို ချိုကို ခဏခဏ ရောက်ဖူးပါသည်။

ဒီတစ်ခါရောက်ရတာလောက် စိတ်နှင့်ကိုယ် မကပ်တာမျိုး မကြုံဖူးပါ။ စိတ်က ဝမ်းပမ်းတနည်းဖြစ်လျက် အာရုံတွေက လွင့်နေသည်။

အရာအားလုံး သက်ဝင်လှုပ်ရှားနေပြီး ချိုကို တစ်ယောက်တည်း အသက်ဆိတ်သုဉ်းနေသလို ခံစားရလျက် ငတ်ဝန်းကျင်နှင့် ခွဲထွက်နေသည်။

ထွဋ်ခေါင်မြတ်က သူ့သူငယ်ချင်းတွေနှင့် နှုတ်ဆက်နေတာကို ငြိမ်ငြိမ်သက်သက် ရပ်ကြည့်နေမိသည်။ လေဆိပ်ရှိလူများစွာထဲမှာ သူ့တစ်ယောက်ကိုသာ မြင်ရပါသည်။ သူ့အသံကိုသာ ကြားရပါသည်။



ထွဋ်ခေါင်မြတ်က သူငယ်ချင်းတွေ အားလုံးလက်ပြနှုတ်ဆက်လိုက်ပြီး ချိုကို့ဘက်သို့ လှည့်လိုက်သည်။

ချိုကို့ထံ ဦးတည်လျှောက်လာသည်။

ဘောင်းဘီပွပွ တီရှပ်ပွပွကြီး ဝတ်လျက် Hip Hop ဦးထုပ် ဆောင်းထားသော ချိုကိုက ခပ်တောင့်တောင့် လက်ပိုက်ရပ်ကြည့်နေသည်။ ချိုကို့မျက်နှာထားက မှိုင်းမှုန်ဝေသီနေသည်။

လေယာဉ်ထွက်တော့မည်။

သူ ... အတွင်းသို့ ဝင်ရတော့မည်။

သူ ... ချိုကိုနှင့် အနီးဆုံးသို့ ရောက်သွားသည်။

“ကိုယ် ... မင်းနဲ့ပတ်သက်တဲ့ အမှတ်တရတွေကို အမြဲသတိရနေမှာပါ”

သူက ထိုစကားကို ပြောရင်း ချိုကို့ကို ဖျတ်ခနဲဖက်ပွေ့ နှုတ်ဆက်လိုက်သည်။

ချိုကို့ မျက်လုံးထဲမှာ အလင်းမှုန်လေးတွေ ဖြာဝေပွင့်ထွက်သွားသည်။

ထွဋ်ခေါင်မြတ် ရင်ထဲမှာ ဆန်းကြယ်စွာ တုန်လှုပ်မိန်းမောသွားသည်။

ဘာ့ကြောင့်မှန်းမသိဘဲ နှုတ်ဆက်ရုံပမာဏထက်



www.burmeseclassic.com

ပို၍ ကြာမြင့်စွာ ဖက်ပွေ့ထားမိပြီးမှ ပြုန်းခနဲ တွန်းကန်သွားကြပြီး နောက်သို့ ခြေတစ်လှမ်းစီ ဆုတ်လိုက်ကြသည်။

ထွန်းခေါင်မြတ်က ချိုကို့ကို ဇဝေဇဝါ အကြည့်ဖြင့် စိုက်ကြည့်လိုက်မိပြီးမှ ပြည်ပထွက်ခွာ ဝင်ပေါက်ဆီ လှည့်ထွက်လာခဲ့ရပါသည်။

ထွန်းခေါင်မြတ်ရဲ့ အာရုံထဲမှာ ခံစားမှုအားလုံး ရှုပ်ထွေးကာ ဇဝေဇဝါဖြစ်လျက် လေယာဉ်ပေါ် တက်ခဲ့ရပါသည်။

ကိုယ်ကပဲ ဒီအရွယ်ရောက်မှ ယောကျ်ားချင်း တပ်မက်စိတ်တွေ ပေါ်လာရတာလား ...။


ဒါမှမဟုတ် ချိုကိုကပဲ တစ်ခုခု မှားနေသလား ...။

သူ့အတွေးတွေက တိမ်တွေနှင့်အတူ လွင့်နေပါသည်။

◆ ◆ ◆







www.burmeseclassic.com



(၃၃)

✤ ✤ ✤

ထွင့်ခေါင်မြတ် ပြန်သွားပြီးနောက် တစ်ပတ်ခန့် အကြာတွင် မေ့ထံမှ ဖုန်းကို ချိုကို လက်ခံရရှိလိုက်သည်။

ထိုနေ့က ချိုကိုတစ်ယောက်တည်း တယ်လီဖုန်းနား မှာ ငေးမှိုင်နေဆဲ ဖုန်းသံကြားတာမို့ အမြန်ကောက်ကိုင်လိုက်မိ သည်။

"ကိုကိုလား ..."

"ဟင် ..."

မမျှော်လင့်သော မေ့အသံကြားလိုက်ရတာမို့ ချိုကို့ မှာ ရုတ်တရက် ဆို့နင့်သွားရကာ ...

"မေ ... မေ လား၊ ငါ ... နင့်ကို လွမ်းလွန်းလို့ သေတော့ မယ် မေရဲ့၊ အီး ... ဟီး ..."



www.burmeseclassic.com

www.burmeseclassic.com



ချိုကိုက တဟီးဟီး ငိုချလိုက်တာမို့ တစ်ဖက်က မေမှာ အံ့အားလည်းသင့်၊ ရယ်လည်း ရယ်ချင်သွားကာ ...

"ဟဲ့ ... ကိုကို၊ ငိုကြီးချက်မနဲ့ နင် ဘာဖြစ်တာလဲ၊ ဒါမျိုး တစ်ခါမှ မငိုဖူးပါဘူး၊ နင် ဘာတွေ စိတ်ညစ်နေတာလဲ၊ ငါ့ကိုလွမ်းတာတစ်ခုတည်းမှ ဟုတ်ရဲ့လား"

"နင့်ကိုမလွမ်းလို့ ငါက ဘယ်နိုင်ငံခြားက လူကို လွမ်းရမှာလဲ မေရဲ့ ... အီး ... ဟင့် ..."

ပြည့်မင်း ပြောပြထား၍ အကြောင်းစုံ သိထားပြီးသော မေက ချိုကို့စိတ်ကို ရိပ်မိကာ ကျိတ်ရယ်လိုက်မိပြီးမှ ...

"မငိုပါနဲ့ ကိုကိုရယ်၊ နင် ယောကျ်ား မဟုတ်ဘူးလား"

"ဟုတ်တယ် ... ငါ ယောကျ်ားပဲ၊ ယောကျ်ားပဲ ... အီး ... အဟင့် ..."

"အေး ... ယောကျ်ားဆို မငိုနဲ့လေ၊ ယောကျ်ားဆိုပြီး ဘာလို့ တဟင့်ဟင့် လုပ်နေလဲ"

"နင် ငါ့ကို အကြာကြီး ခွဲထားတာကိုး၊ နင် အခုဘယ်မှာလဲ၊ ဘယ်တော့ ပြန်လာမှာလဲ မေ"

"နင်က ကတိတစ်ခုပေးမှ ငါပြန်လာမှာ"

"ဘာကတိလဲ ..."

စိုး မိုး ဇာ မေ



"အရင်ကလို ငါ့ယောကျ်ားနဲ့ နင်နဲ့ ပဋိပက္ခတွေဖြစ်မနေဘဲ အေးအေးချမ်းချမ်း နေနိုင်တယ်ဆိုမှ ငါပြန်လာမှာ"

"ဒါက ငါတစ်ယောက်တည်း လုပ်လို့ရတဲ့ ကိစ္စမှမဟုတ်တာ၊ ဦးပြည့်မင်းကိုလည်း နင် မေးကြည့်ဦးပေါ့"

"သူ့ဆီက ကတိ ရပြီးပြီ၊ သူလည်း နင်နဲ့ သင့်တင့်အောင် နေပါ့မယ်တဲ့၊ ငါ့ကို စိတ်ဆင်းရဲအောင် မလုပ်တော့ပါဘူးတဲ့ ..."

"ဒါဆိုလည်း ပြီးတာပဲ၊ သူ ရန်မစရင် ငါလည်း ကောင်းကောင်း နေမှာပေါ့"

"ကတိနော်"

"အေးပါ ... ငါ ကတိပေးတယ်"

"ဒါဆို ... မနက်ဖြန် ငါပြန်လာတော့မယ်"

"ငါ ပျော်လိုက်တာ မေရယ် ..."

"ဒါ့ထက် ပျော်စရာ ရှိသေးတယ်"

"ဘာလဲ ..."

"ငါ့မှာ ထူးခြားချက်တစ်ခု ပါလာတယ်"

"ဘာလဲ ... ခုပြောကွာ၊ အရမ်းသိချင်နေပြီ"

"တွေ့ရင် သိမှာပေါ့၊ ဒါပဲနော် ..."

စိုး မိုး ဇာ မေ

www.burmeseclassic.com

www.burmeseclassic.com



"မေစုတ် ..."

တစ်ဖက်က မေက ဖုန်းချသွားပြီမို့ ချိုကိုကလည်း ဖုန်းချပြီး ဖုန်းကို မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်သည်။

ချိုကို မျက်စောင်းထိုးပုံကို မကြုံစဖူး လှမ်းမြင်လိုက်ကြသော ဒေါ်ဝင်းနှင့် ဖိုးပုက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် မျက်လုံးပြူး၊ ပခုံးတွန့်လိုက်မိပြီး ဟီခနဲ တစ်ချက်ကျိတ်ရယ်ကာ မီးဖိုချောင်ဘက်သို့ အမြန်ပြန်ထွက်သွားကြလေသည်။

◆ ◆ ◆





(၃၄)

✤ ✤ ✤

မေ ပြန်လာသော နံနက်ခင်း ...။

"ကိုကို ..."

"မေ ..."

ချိုကိုက မေ့ကို တွေ့တွေ့ချင်း တအားပြေးဖက်လိုက်ပါသည်။

"မေရယ် ... ငါ နင် စိတ်ဆင်းရဲအောင် ဘယ်တော့မှ မလုပ်တော့ဘူးနော်၊ နင့်ကို စိတ်ချမ်းသာအောင် ထားပါ့မယ်၊ နင် ခုလိုမျိုးကြီး ငါ့ကို တစ်ယောက်တည်း ထားပြီးတော့ မသွားပါနဲ့နော်"

ချိုကိုက မေ့ကို တော်တော်နှင့် လွှတ်မပေး၊ တင်းတင်းကျပ်ကျပ်ကြီး ဖက်လျက် တတွတ်တွတ်ပြောရင်း အဟင့်ရှုတ်-ဖတ် အသံတွေ ထွက်ကာ ငိုယိုအလွမ်းသယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချိုကို့ခန္ဓာကိုယ်က မေ့ဗိုက်ကို ထိကပ်ဖိမိနေတာမို့ မေ့မှာ တအင့်အင့် အသံထွက်လျက် အသက်ရှူကျပ်ချင်လာသည်။ သို့သော် ချိုကို့စိတ်တွေ ပျော့နွဲ့နေတာကိုလည်း ရိပ်မိနားလည်ကာ ချက်ချင်း တွန်းမဖယ်ရက်ဘဲ အောင့်အည်းငြိမ်ခံနေသည်။

"ဟော့ကောင် ... တော်ပြီ တော်ပြီ၊ ဖယ်တော့ ... ငါ့မိန်းမ အသက်ရှူကျပ်နေပြီ"

ပြည့်မင်းက မေ့ဗိုက်ကို ထိမိမှာ စိုးရိမ်လျက် ချိုကို့လက်ကို ဖွတ်ဆွဲဖယ်လိုက်သည်။

"မဖယ်ဘူးဗျာ ... ကိုယ့်သူငယ်ချင်းကိုယ် မတွေ့ရတာကြာလို့ အလွမ်းသယ်နေတာ၊ ခင်ဗျားဝင်မပြောနဲ့"

"မေ အသက်ရှူကျပ်နေပြီကွ၊ ဖယ်ကွာ ... ဖယ်ကွာ"

ပြောမရတာမို့ ပြည့်မင်းက ချိုကို့ လက်တွေကို အတင်း ဖြည်ထုတ်ဆွဲဖယ်တော့ရာ ချိုကိုက ဒေါသထောင်းထောင်း ထသွားကာ ...

"မေ ... ကြည့်စမ်း၊ နင့်ယောက်ျားက ငါ့ကို တမင် ရန်လာစနေတာ တွေ့လား၊ နင့်ပြောတော့ဖြင့် နင့်ယောက်ျားက ငါနဲ့ သင့်တင့်အောင်နေဖို့ ကတိပေးတယ်ဆို ..."





"သူက စိုးရိမ်လို့ ပြောတာပါ ကိုကိုရယ်၊ ဒီမှာလေ ငါ့ကိုလည်း သေသေချာချာ ကြည့်ပါဦး၊ ဒါဖြစ်နေပြီ ... ဒါ ..."

မေက မစို့မပို့လေး စူထွက်စပြုနေသော သူ့ဗိုက်ကလေးကို ပုတ်ပြလိုက်ရာ ချိုကိုက ဗိုက်ကို စိုက်ကြည့်လျက် ဟာခနဲ အော်လိုက်ပြီး ငြိမ်သက်သွားသည်။ ထို့နောက် မေ့ဗိုက်ကို အထူးအဆန်းသဖွယ် မျက်လုံးပြူးကြည့်နေရင်းက ...

"ဗိုက် ... ဗိုက်ပူနေပြီ၊ နင် နင်ပြောတဲ့ ထူးခြားချက်ဆိုတာ ဒါလား ..."

"အေးပေါ့၊ ငါ ဒီကထွက်သွားကတည်းက ကိုယ်ဝန်ရှိနေတာ၊ မသေချာသေးဘူးထင်လို့ နင်တို့ကို မပြောမိတာ၊ အခု ငါ့ဗိုက်က လေးလကျော်ပြီ"

"ဟာ ... ဒါ ... ဒါဆို နင် ကလေးရတော့မှာပေါ့၊ ငါလည်း ကလေးဝိုင်းထိန်းပေးရတော့မှာပေါ့၊ လာ ... လာ မေ ဖြည်းဖြည်းလျှောက်နော်၊ ဦးပြည့်မင်း လာလေဗျာ၊ ခင်ဗျားမိန်းမကို လာတွဲဦး"

ချိုကိုက ပျာပျာသလဲတွေ ဖြစ်နေတာမို့ မေက ရယ်မောလိုက်ရင်း ...

"ငါ့ကိုယ်ဝန်က နုပါသေးတယ် ကိုကိုရယ်၊ လူတွဲနဲ့လျှောက်ဖို့လည်း မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သိဘူးလေ ... ငါက စိုးရိမ်တာပေါ့၊ မတော်တဆ ချော်ပြုလဲနေရင် ဘယ်လိုလုပ်မလဲ၊ ဦးပြည့်မင်း ... လာဗျာ မေ့ကို လာတွဲ၊ ကျွန်တော်က ဒီဘက်ကတွဲမယ်၊ ခင်ဗျားက ဟိုဘက်ကတွဲ၊ ဒေါ်ဒေါ်ဝင်းရေ ကြမ်းပြင်တွ ချော်မနေအောင် သေချာဂရုစိုက်ပါဗျို့ ..."

ချိုကို့ ပုံစံကိုကြည့်ကာ ပြည့်မင်းက ပြုံးလိုက်ရင်း "ငါ့မိန်းမ ငါ ဘယ်လိုဂရုစိုက်ရမယ်ဆိုတာ သိပါတယ်ကွာ၊ ငါက ကလေးအဖေ ဖြစ်ရမယ့်သူပါ"

"ဟုတ်ကဲ့ပါ ... ကလေးအဖေကို လေးလေးစားစား ဆက်ဆံမှာပါ"

ချိုကိုက မျက်လွှာလေးချပြီး ရို့ရို့ကျိုးကျိုး ပြောလိုက်တာမို့ မေရော ပြည့်မင်းပါ အံ့သြသွားသည်။ ပြည့်မင်းက ချိုကို တကယ်ပြောတာလား၊ ရွဲ့နေတာလား မသေချာသဖြင့် ...

"ဟေ့ကောင် ... မင်း တကယ်ပြောနေတာလား"

"တကယ်ပေါ့ဗျာ၊ မေ့ဗိုက်ထဲက ကလေးကိုချစ်ရင် ကလေးအဖေကိုလည်း လေးစားရမှာပေါ့"

ချိုကို့ပုံစံက တကယ့် အတည်ပေါက်မို့ မေက ဝမ်းသာသွားကာ ...





"နင် အဲဒီလိုမှ သဘောထားနိုင်ပါ့မလားလို့ စိတ်ပူလိုက်ရတာ၊ ကျေးဇူးပါပဲ ကိုကိုရယ်၊ ခုတော့ ငါ တကယ် စိတ်အေးသွားပြီ"

မေက စိတ်အေးပေမယ့် ပြည့်မင်းကတော့ စိတ်မအေးပါ။ ချိုကို့ကို သူမယုံကြည်ပါ။ ထင်သည့်အတိုင်းပင် မေ အခန်းထဲ ဝင်သွားတာနှင့် ချိုကိုက ပြည့်မင်းအင်္ကျီစကို ဆွဲကာ ...

"လာခဲ့ ... ခင်ဗျား လာခဲ့ဦး"

ဟုပြောရင်း အခန်းနှင့်ဝေးရာသို့ ဖွတ်ဆွဲခေါ်လာကာ ...

"ဒီမှာ ... ခင်ဗျား မေ့ကို စိတ်ချမ်းသာအောင် ထားရင်ထား၊ မထားရင် ကျုပ်နဲ့တွေ့မယ်"

"မင်း ပြောစရာ မလိုပါဘူး၊ ကိုယ့်မိန်းမပဲ ကိုယ် စိတ်ဆင်းရဲအောင် လုပ်ပါ့မလား"

"ခုန မေ့ရှေ့မှာမို့ မေ စိတ် ချမ်းသာအောင် ခင်ဗျားကို ချိုချိုသာသာ ပြောနေတာ၊ စိတ်ရင်းနဲ့ ပြောတယ်မထင်နဲ့"

"သိသားပဲ ..."

"နောက်ကို ရန်ဖြစ်ချင်ရင် မေ့ကွယ်ရာမှာ ဖြစ်မယ်"

"အိုကေ ..."



www.burmeseclassic.com

www.burmeseclassic.com



မေ မကြားအောင် တိုးတိုးကျိတ်ကျိတ် ပြောကြပြီး ချိုကိုက လှည့်ထွက်ခါနီးဆဲဆဲမှာ ပြည့်မင်းက ချိုကို့အင်္ကျီလက် အပွကြီးကို ဖမ်းဆွဲလိုက်ရင်း ...

"ခဏနေဦး ... မေးစရာရှိသေးတယ်"

"ဘာလဲ ..."

"မင်းက ကလေးချစ်တတ်လား"

"ချစ်တတ်တာပေါ့"

"အဲဒါဆို မေ့ကလေးကို တမျှော်မျှော်လုပ်နေမယ့်အစား ကိုယ့်ဘာသာ မွေးပါလား"

"မွေးစရာလား ... ကျုပ်က ယောကျ်ား"

"ဒါဆိုလည်း မိန်းမယူပြီး မိန်းမကို မွေးခိုင်းပေါ့"

"ခင်ဗျား ရန်လာမစနဲ့နော်"

"ဪ ... ဒါနဲ့ စကားမစပ် ငါ့သူငယ်ချင်း ထွဋ်ခေါင်မြတ်ကလည်း မင်းလိုပဲ ကလေးချစ်တတ်တယ်တဲ့ကွ၊ ဟဲ ... ဟဲ"

"အဲ့ဒါ ကျုပ်နဲ့ ဘာဆိုင်လဲ ..."

"ဆိုင်မလားလို့ပါ"

ချိုကိုက ပြည့်မင်းနားမှ အမြန်ထွက်သွားသည်။





ထွက်မသွားခင်လေးမှာ ချိုကို့မျက်နှာ နီမြန်း အရောင်ပြောင်းသွားတာကိုလည်း ပြည့်မင်းက မြင်ဖြစ်အောင် မြင်လိုက်ပါသည်။

ချိုကို့စိတ်တွေ ပြောင်းလဲနေတာကို မေ ရိပ်မိသလို ပြည့်မင်းလည်း ရိပ်မိနေပါသည်။ ဘယ်လောက်ပဲ ဘုကျနေနေ အရင်ထက်ပိုပြီး စိတ်တွေပျော့လာတာ၊ မျက်ရည်လွယ်လာတာလေးတွေက သိသာသည်။ အရင်တုန်းက တုံးတိုက်တိုက် ကျား ကိုက်ကိုက် ချိုကိုက ခုတော့ အားငယ်တတ်သလို ဖြစ်နေတာလည်း မြင်ရုံနှင့် သိသာသည်။

အဲဒီလို ပြောင်းလဲသွားဖို့ကိုပဲ ပြည့်မင်းက ရည်ရွယ်ခဲ့တာဖြစ်သည်။ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုသလို ပြဿနာတွေဖြစ်ပြီး မေရော သူပါ အိမ်ပေါ်က ဆင်းသွားချိန်မှာ သူ့ချစ်သူငယ်ချင်းကြီး ထွဋ်ခေါင်မြတ် ရောက်လာတာနှင့် အချိန်ကိုက်မို့ ချိုကိုကိုနှင့် နီးစပ်အောင် ဖန်တီးပေးဖြစ်ခဲ့သည်။ ထွဋ်ခေါင်မြတ်ဟာ ရုပ်လည်းလှ၊ စတိုင်လ်လည်း ကျ။ မိန်းမတစ်ယောက်ပစ်ကျလောက်စရာ အရည်အသွေးတွေနဲ့လည်း ပြည့်စုံသည့် လူကောင်းတစ်ယောက်မို့ ချိုကို့ကို ဒီလိုနည်းနဲ့ မိန်းမဇာတ် သွင်းဖို့ကြံရွယ်ခဲ့တာပင်။

'ချိုကိုကိုဟာ မိန်းကလေးပါ' ဟူသော အမြင်မှန်



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ထွင့်ခေါင်မြတ်ကို သူအသိပေးမထားခဲ့ပါ။ ယောက်ျား ချင်း အမှတ်နှင့် ချိုကိုကို ရောရောဝင်ဝင်ဆက်ဆံရင်း ရင်းနှီးနီးစပ် သွားကြပါစေဟု အခါခါဆုတောင်းရသည်။ သူတို့ချင်းသာ နီးစပ် သွားလျှင် ပြည့်မင်းလည်း ချိုကိုဘေးက လွတ်၊ ချိုကိုလည်း မိန်းမစိတ် ပြန်ရောက်၊ မေလည်း စိတ်ချမ်းသာ။ သား ရွှေအိမ် ထမ်းလာမည့် ကိန်းကြီး ဆိုက်ဖို့ပင်။

လောလောဆယ်တော့ ချိုကိုရဲ့ ပြောင်းလဲမှုကို ရေး တေးတေးသာ တွေ့နေရပါသည်။

"ယောက်ျားရေ ..."

မေ့ လှမ်းခေါ်သံကြောင့် ပြည့်မင်း အတွေးပျက်သွား ပြီး မေရှိရာ အခန်းထဲသို့ အမြန်ပြေးလာခဲ့ရလေသည်။

◆ ◆ ◆





(၃၅)

✤ ✤ ✤

"ဒေါ်ဒေါ်ဝင်းရေ ... မေရော"

"သူ့အခန်းထဲမှာကွယ့်"

"မေရေ ... ဒီမှာကြည့်စမ်း၊ နင့်ဖို့ အင်္ကျီတွေ ... ဟင်"

ချိုကိုက မေ့ဖို့ အင်္ကျီတွေ ဝယ်လာတာမို့ အင်္ကျီ အိတ်တွေကို ဆွဲရင်း မေ့အခန်းဘက်သို့ ပြေးလာပြီး ခပ်ဟဟ ပွင့်နေသော တံခါးမှ ချောင်းကြည့်မိစဉ် ...

"ဟော ... လှုပ်တယ် ... လှုပ်တယ်၊ ကိုကို တွေ့လား၊ ကလေးလေး လှုပ်နေတယ်"

"တွေ့ပြီ မေ၊ ဟာ ... ဟာ ... ဒီနှာလေးမှာ တိုးနေတာကွ၊ ဘာသံကြားရမလဲ မသိဘူး၊ နားထောင်ကြည့်လိုက်ဦးမယ်"

"ဟင်း ... ဟင်း အသံတော့ ဘယ်ကြားရပါ့မလဲ ကိုကိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြားပါတယ်ကွ၊ ဟော ... ဖေဖေတဲ့ ..."

"အပိုတွေ ... အပိုတွေ၊ ဟင်း ဟင်း ..."

မေက ခုတင်ပေါ် လက်နောက်ပြန်ပစ်ထောက်ကာ ဗိုက်ကလေး ကော့လန်လျက်။ ဦးပြည့်မင်းက ထိုဗိုက်ကိုဖက်မွှေ့ကာ နားနှင့်ကပ်နားထောင်လျက် ကျီစယ်ရယ်မောနေကြတာမို့ ချိုကိုက မေ့ကို လှမ်းမခေါ်တော့ဘဲ အသာလေး နောက်ပြန်ဆုတ်လာခဲ့မိပါသည်။

သူတို့ ရယ်မောပျော်ရွှင်ကြည်နူးနေတာ မြင်ရတိုင်း ချိုကို့ရင်ထဲမှာ တစ်မျိုးတမည် ခံစားမိတတ်ပါသည်။ ဘယ်လိုတစ်မျိုးတမည်လဲဆိုတာ သေချာတော့ ပြောမပြတတ်ပါ။ မေတို့နှစ်ယောက် ကြည်နူးနေကြတာကိုမြင်တိုင်း မဆီမဆိုင် ထွင့်ခေါင်မြတ်ကို သွားသွား သတိရမိတတ်တာကလည်း စိတ်ညစ်စရာကောင်းလှပါသည်။ ဘာဆိုင်လို့လဲနော်။

ချိုကိုကိုသည် ခေါင်းလေးငိုက်စိုက်ချရင်း ကိုယ့်အခန်းထဲ ကိုယ်ပြန်ဝင်လာပါသည်။ ပြီးတော့ အိတ်တွေထဲက မေ့ဖို့ ဝယ်လာသည့် ဗိုက်ဖုံးအင်္ကျီလေးကို ထုတ်ကြည့်မိသည်။ အင်္ကျီတွေက ဗိုက်ဖုံးအင်္ကျီ သီးသန့်ချည်းပဲလည်း မဟုတ်ပါ။ ကိုရီးယားစတိုင်လ် အသားပျော့ပျော့၊ ရင်ဘတ်နားမှာ အတွန့်





ကလေးတွေနှင့် ပွပွဖားဖား ပုံစံမျိုးလေးတွေလည်း ပါသည်။ တော်ရုံ ဗိုက်လောက်နှင့် ချောင်ချောင်ချိချိ ဝတ်လို့ရမည့် အင်္ကျီမျိုးတွေပင်။

ချိုကိုသည် အင်္ကျီလေးတွေကို ကိုင်ကြည့်ရင်းက ကိုယ်မှာကပ်ကြည့်သည်။ ထို့နောက် မှန်ရှေ့မှာ ရပ်ကြည့်မိသည်။

အံမယ် ... ဒီအင်္ကျီလေးတွေက ချိုကိုနဲ့လည်း လိုက်သားပါလား။ ချိုကိုသည် အင်္ကျီနှင့် အရောင်ဟပ်ကာ လိုက်ဖက်ညီနေသော ကိုယ့်မျက်နှာ လှလှလေးကိုငေးကြည့်ရင်း ဒီလိုအင်္ကျီတွေကို ချိုကိုဝတ်လျှင် ဘယ်လိုပုံစံထွက်လာမှာလဲဟု သိချင်လာသည်။

ထိုအခိုက်မှာ ချိုကို့အခန်းတံခါး ဟလာကာ မေက

"ကိုကို ... ငါ့ကိုလာရှာတယ်ဆို၊ ဒေါ်ဒေါ်ဝင်း ပြောလို့"

ဟု ပြောရင်း ချိုကို့အခန်းထဲ ဝင်လာသည်။ ချိုကိုက မိန်းမအင်္ကျီနှင့် ကပ်ကြည့်နေတာတွေ့တော့ မျက်လုံးတွေတောက်ပလာလျက် ...

"ကိုကို ... ဒီအင်္ကျီတွေ နင်ဝတ်ဖို့ ဝယ်လာတာလား"

"ဟုတ်ပါဘူး ... နင့်ဖို့ဝယ်လာတာ၊ ငါဝတ်ရင် ဘယ်လိုပုံထွက်လာမလဲလို့ ကပ်ကြည့်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမအင်္ကျီတွေဝတ်ရင် နင်အရမ်းလှမှာ ကိုကိုရဲ့၊ ဒီလို မပြင်မဆင်ဘဲ ယောကျ်ားလေးလို နေတာတောင် နင့် မျက်နှာလေးက အရမ်းလှတာ၊ နင်က အရပ်လည်း ရှည် တယ်၊ ခန္ဓာကိုယ်ကလည်း ပိန်ပေမယ့် မော်ဒယ်တွေလို အချိုးအစားကျတယ်၊ တီရှပ်ပွကြီးတွေ ဝတ်ထားလို့သာ နင့်ပုံက ပိန်ရှည်လေးလို့ ထင်ရတာ၊ မိန်းကလေးလိုသာ ဝတ်လိုက်ရင် အရမ်း မိုက်သွားမှာ ..."

"ငါ တကယ် လှလာမှာ သေချာတယ်ပေါ့"

"သေချာပါတယ်ဆို၊ ဝတ်ပါလားဟယ် ..."

"မဝတ်တော့ပါဘူး၊ ငါ့ဘာသာ ယောကျ်ားလေးလိုနေတာပဲ အေးပါတယ်၊ ငါ ဘဝပြောင်းသွားရင် ပထမဦးဆုံး ကဲ့ရဲ့ မယ့်သူက နင့်ယောကျ်ားပဲ"

"မကဲ့ရဲ့ပါဘူးဟယ်၊ သူကလည်း နင့်ကို မိန်းကလေးလို နေစေချင်တာပါ၊ ပြီးတော့ သူ့သူငယ်ချင်း ထွဋ်ခေါင်မြတ် နဲ့တောင် သဘောတူနေတာ"

"ဟာ ... ဘာတွေ ပေါက်ကရလာပြောနေတာလဲ"

ချိုကိုက ရုတ်တရက် မျက်နှာတစ်ခုလုံး ထူအမ်းလာ လျက် အခန်းထဲမှ အမြန်ထွက်လာခဲ့ပါသည်။ ယောကျ်ား တစ်





ယောက်နဲ့ ပတ်သက်ပြီး ဒီလို ရှက်ရွံ့မိတဲ့ ခံစားချက်ဟာ ချိုကို့ အတွက်တော့ ဆန်းကြယ်လှပါသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



(၃၆)

✤ ✤ ✤

"ချိုကိုရေ … ဖုန်း"

"ဘယ်ကလဲ ဒေါ်ဒေါ်ဝင်း"

"ထွင့်ခေါင်မြတ်ဆီက …"

"ဟင် …"

ချိုကိုသည် ရုတ်တရက် ကတုန်ကယင်ကြီး ဖြစ်လာကာ အောက်ထပ်သို့ လျင်မြန်သောအဟုန်ဖြင့် ပြေးဆင်းလာပြီး ဖုန်းထားသည့် ဧည့်ခန်းထောင့်သို့ ကမူးရှူးထိုး ပြေးသွားသည်။

ဧည့်ခန်းထဲမှာ ထိုင်နေကြသော ပြည့်မင်းနှင့် မေတို့သည် ဂျာနယ်ဖတ်ချင်ယောင်ဆောင်လျက်၊ တီဗီကြည့်ချင်ယောင်ဆောင်လျက်ပင် ချိုကို့ကို လှမ်းကြည့်ပြီး တစ်ယောက်ကိုတစ်ယောက် မျက်စပစ်၍ ပြုံးလိုက်ကြကာ ချိုကို့အသံကို နားစွင့်ထားလိုက်သည်။





"ဟဲလို …"

"ဟိတ် … ချာတိတ်၊ နေကောင်းလား …"

ရွှင်လန်းသော ထွင့်ခေါင်မြတ်အသံကြောင့် ချိုကိုလည်း လန်းဆန်းကြည်လင်လာကာ …

"ဒေါင်ဒေါင်မြည် ပဲဗျ"

"အဟား … တကယ် ဒေါင်ဒေါင်မြည်သလား"

"မြည်ပါ့"

"လာခေါက်ကြည့်ဦးမှပဲ"

"ခေါက်ရဲခေါက်ကြည့်၊ လက်သီးနဲ့ ပြန်ထိုးပစ်မယ်"

"မင်းအိမ်နားက ကောင်မလေးနဲ့ အဆင်ပြေသွားပြီလား"

"ဘယ်ကောင်မလေး … အာ … ပြေတယ် ပြေတယ်"

ချိုကိုက ကိုယ်ဖြီးထားတာကို ကိုယ်မေ့နေပြီးမှ ဖျတ်ခနဲ သတိရကာ ဟန်မပျက်ဖြေရသည်။

"မင်း လက်ကောက်ဝတ်လေးတွေ ကြီးလာပြီလား"

"ဒီအတိုင်းပဲဗျ …"

"မင်း လက်ပိန်ပိန်လေးနဲ့ မင်းကောင်မလေးကို ဘယ်နှခါ ဖက်ပြီးပြီလဲ"

"ရေတောင် မရေတွက်နိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ချိုကိုက သူ့ကိုအငေါ်တူး၍ စကားပြောရင်း ပျော်ရွှင်လာတာမို့ အနားမှာ ဘယ်သူဘယ်ဝါ ရှိတယ်ဆိုတာကိုတောင် သတိမထားနိုင်တော့ဘဲ လွတ်လွတ်လပ်လပ် ပြန်ပြောနေမိသည်။

"ခင်ဗျားရော အဆင်ပြေလား ..."

"မပြေဘူးကွ၊ ငါ ... အခုတလော အရမ်းစိတ်ညစ်နေတယ်"

"ဘာဖြစ်လို့ ..."

"ငါ့ကိုယ်ငါ ခြောက်များ ခြောက်နေပြီလားလို့ သံသယဝင်နေရလို့ပေါ့ကွ၊ ငါ ဒီပြန်ရောက်ကတည်းက လုံးဝနေသားမကျဘူး၊ မင်းကိုပဲ သတိရရနေတာ"

ချိုကိုသည် ရုတ်တရက် တိတ်ဆိတ်သွားပါသည်။ ဘယ်ဘက်ရင်ဘတ်ထဲက ဒုတ်ခနဲ မြည်သွားပါသည်။ ပါးနှစ်ဖက်က ဖြန်းခနဲ နီစွေးသွားပါသည်။

အဲဒီနောက်တော့ ကိုယ့်စိတ်ကို မထိန်းချုပ်နိုင်ဘဲ လွှတ်ခနဲ ပြန်ပြောလိုက်မိပါသည်။

"ကျွန်တော် ... ကျွန်တော်လည်း ခင်ဗျားကို သတိရပါတယ်ဗျ၊ ဒါပဲဗျာ ..."

ချိုကိုက ဖုန်းကိုချပစ်လိုက်ပြီးမှ ဖုန်းကို ငုံ့စိုက်ကြည့်လျက် အကြာကြီး ငြိမ်သက်နေသည်။





ချိုကို ခေါင်းပြန်မော့ပြီး ပတ်ဝန်းကျင်ကို ကြည့်မိတော့ ချိုကို့ကို မျက်လုံးပြူးလျက် စိုက်ကြည့်နေကြသော မေနဲ့ ဦးပြည့်မင်းကို တွေ့လိုက်ရပါသည်။

ချိုကိုသည် မလုံမလဲ ထူပူရှက်ရွံ့သွားကာ ...

"ဘာကြည့်နေကြတာလဲ ..."

ဟု ရှက်ရမ်းရမ်း၍ လှမ်းမေးလိုက်သည်။ မေတို့နှစ်ယောက်ကလည်း ...

"ဘာမှ မကြည့်ပါဘူး"

ဟု အူကြောင်ကြောင် ပုံစံလေးတွေဖြင့် ပြန်ပြောရင်း ဂျာနယ်တစ်စောင်စီ ကောက်ယူဖြန့်ဖတ်နေလိုက်ကြသည်။

ချိုကိုက ရှက်ရှက်နှင့် အပေါ်ထပ် ပြန်ပြေးတက်လာတော့ လှေကားရင်းမှာ ခပ်ကွယ်ကွယ်ရပ်၍ ချိုကို့ဆီ လှမ်းကြည့်နေသော ဒေါ်ဒေါ်ဝင်းတို့ သားအမိနှင့် တိုက်မိမလို ဖြစ်သွားသည်။

ချိုကိုသည် လှေကားရင်းက ရှိသမျှ ပစ္စည်းတွေကို ခလုတ်တိုက်လျက် အပေါ်ထပ်သို့ ပြေးတက်သွားလေသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



(၃၇)

✤ ✤ ✤

နောက်လ အနည်းငယ် ကြာသောအခါ မေသည် ပြည့်မင်းအတွက် သမီးဦးရတနာလေးကို မွေးဖွားသန့်စင်လေသည်။

ချိုကိုသည် ထိုကလေးလေးကို ချစ်လှသော်လည်း ကလေးကို ချီခွင့်ရဖို့အရေး မျက်နှာအောက်ချ အောက်ကျ နောက်ကျ မျှော်မောနေရ၏။

ပြည့်မင်းက ကလေးကို ချီလို့ရသည့် အရွယ်မှစ၍ သူတစ်ယောက်တည်း မောင်ပိုင်စီးကာ လက်ကမချတမ်း ချီလေသည်။

ချိုကိုသည် ဦးပြည့်မင်းကို ဒေါသထွက်လှသော်လည်း ကလေးအမေ မေ့ခမျာ စိတ်ဆင်းရဲလျှင် နို့မထွက်မှာ စိုးရိမ်ရတာမို့ ဒေါသကို အောင့်အည်းမျိုသိပ်နေရ၏။ ချိုကို ချီမှာ





စိုးလို့ ဦးပြည့်မင်း တမင် ကာဆီး ကာဆီး လုပ်နေတာကိုလည်း ချိုကိုက မရိပ်မိဘဲ မနေချေ။

ချိုကိုသည် ကလေးကို ချီခွင့်လှတာမို့ ဦးပြည့်မင်း ချီပုံကို ခိုးခိုးကြည့်ထားကာ ကိုယ့်အခန်းထဲရောက်မှ အရုပ်ကို ကလေးလုပ်၍ အချီကျင့်ရလေသည်။ ချီတတ်ပြီဆိုမှ ဦးပြည့်မင်း အလစ်မှာ ကလေးကို ပြေးပြေးချီရ၏။

တစ်နေ့တော့ မေ အိပ်ပျော်နေတုန်းမှာ ဦးပြည့်မင်း လစ်ပြီအထင်နှင့် ချိုကိုက ကလေးကိုချီလျက် ချိုကို့အခန်းဘက်သို့ လျှောက်အလာ ဦးပြည့်မင်းက ရှေ့မှ ဘွားခနဲ ပေါ်လာကာ ပိတ်ဆို့ကာဆီးထားလိုက်ရင်း …

“ဟော့ … ဟော့ … ကြည့်စမ်း၊ ကလေးကို မချီတတ်ဘဲ ချီနေတာ ငါ့သမီးလေး ပြုတ်ကျတော့မှာပဲကွာ၊ ကျွတ် … ကျွတ် … သမီးလေးရေ လာပါကွာ … လာပါ၊ ဖေ့ဆီလာ”

ဦးပြည့်မင်းက ချိုကို့လက်ထဲက ကလေးကို လုမ်းယူ ပွေ့ချီလိုက်ရာ ချိုကိုက ဒေါသအမျက်ချောင်းချောင်းထွက်လျက် …

“ခင်ဗျား လွန်ပြီနော် ဦးပြည့်မင်း”

“ဟ … ဘာလွန်လဲ၊ ငါအဖေပဲ ကိုယ့်သမီးအတွက် စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ မင်း မချီတတ်ချီတတ်နဲ့ ချီနေတော့ ငါ့သမီးလေး လွှတ်ကျရင် ငါရင်ကျိုးမှာပေါ့"

"ကျုပ် ချီတတ်တယ်ဗျ"

"မင်း မချီတတ်ပါဘူး၊ ကလေးချီတယ်ဆိုတာ မိန်းမတွေ ရယ်၊ ကလေးအဖေတွေရယ်ပဲ ချီတတ်တာ၊ မင်းက ကလေးအဖေလည်း မဟုတ်၊ မိန်းမလည်း မဟုတ်ဘူး မဟုတ်လား"

"ဘာလို့ မဟုတ်၊ အဟမ်း … တောက် …"

ချိုကိုသည် မခံချင်စိတ်ဖြင့် အမှတ်တမဲ့ တစ်ဝက် တစ်ပျက် ပြောပြီးမှ ကိုယ့်ပါးစပ် ကိုယ် ဘရိတ်အုပ်ကာ တောက် တစ်ချက် ခေါက်လိုက်မိသည်။ လူယုတ်မာကြီးဟာ ချိုကိုကို အမြဲ ဘေးကျပ်နံကျပ်ဖြစ်အောင် လုပ်သည်။

"ကျွတ် … ကျွတ် ဖေ့သမီးလေးရေ၊ ကလေးချီချင်ရင် ကိုယ့်ဘာသာ မွေးပေါ့လို့ ပြောလိုက်စမ်း သမီးလေးရယ်၊ ဖေ့သမီးလေး ကြီးရင် မိန်းကလေးပဲ လုပ်ရမယ်နော်၊ ယောကျ်ားမလုပ်ရဘူးနော် … သမီး နော်၊ ဟေ့ … သမီး လေးရေ … အူးဝါး"

ပြည့်မင်းက ကလေးကို ချော့မြူသလိုလိုနှင့် ချိုကို





ကို စောင်းမြောင်း ဖွဲ့ရွဲ့သွားတာမို့ ချိုကိုက အံတစ်ချက် ကြိတ် လိုက်ရင်း လက်ဝှေ့အိတ်ကြီးရှိသည့် ခြံထဲသို့ ပြေးဆင်း … သည်။

လက်ဝှေ့ထိုးမိတော့လည်း ဆွင့်ခေါင်မြတ်က … ဟရက်ကြီး သတိရကာ စိတ်တွေ ကယောက်ကယက် … ဖစ်လာ သည်။

လက်ဝှေ့အိတ်ကြီးကို စိုက်ကြည့်မိသော လက်ဝှေ့ အိတ်ပေါ်မှာ ဦးပြည့်မင်းရဲ့ မျက်နှာကြီး ပေါ်လာပြီး . .

"ယောကျ်ားမပီ၊ မိန်းမ မပီတဲ့ မင်းဘဝလေးက ဘာနာ စရာပါကွယ်၊ ကရော် … ကရော်"

ဟု လက်ညှိုးတစ်ချောင်းကို ကွေးလိုက် ဆန့်လိုက် လုပ်ပြလျက် လှောင်ပြောင်သရော်နေသည်။

ငါ … ယောကျ်ားလုပ်ရမှာလား …

မိန်းမ လုပ်ရမှာလား …

မသိတော့ဘူးကွာ … ။ အာရုံနှောက်လိုက်တာ … ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



(၃၈)

✤ ✤ ✤

ချိုကို့ကို မခံချင်စိတ်တွေ ဖြစ်ဟာအောင် ကြံရင်ကြံသလို ကလေးပြက်ာ တနဲ့နဲ့ ဆွနေသော ပြည့်မင်းထံသို့ တစ်မနက်မှာ ထွင့်ခေါင်မြတ်ဆီက ဖုန်းဝင်လာပါသည်။

ပြည့်မင်းကလည်း ထွင့်ခေါင်မြတ် ဖုန်းဆက်လိမ့်မည်ဆိုတာ ကြိုတင်တွက်ဆမိပြီးသားမို့ အောင်မြင်စွာ ပြုံးရင်း ဖုန်းကိုင်လိုက်ပါသည်။ မေကလည်း အနားကနေ စိတ်ဝင်တစားနားစွင့် နေသည်။

"ဟော့ကောင် ... ပြေည့် ငါ မင်းကို မေးစရာတစ်ခု ရှိတယ်ကွ"

"မေး ... သူငယ်ချင်း"

"ငါ့ကို ကြောင်တယ်လို့တော့ မထင်ပါနဲ့ကွာ၊ ဒါလေး





မေးပြီး အဖြေသိရမှ ငါလည်း ငါ့ကိုယ်ငါ ပုံမှန် ဟုတ်မဟုတ် သိရမှာမို့လို့ပါ"

"အေးပါကွာ ... သူငယ်ချင်းချင်း ထွေထွေထူးထူး ရှင်းပြနေဖို့ မလိုပါဘူး၊ မေးမှာသာ မေးစမ်းပါ"

ထွင့်ခေါင်မြတ် မေးခွန်းက စိတ်ဝင်စားစရာ ကောင်းတော့မှာမို့ ပြည့်မင်းက မေပါကြားအောင် ဖုန်းကို စပီကာ ဖွင့်ပေးလိုက်သည်။ ချိုကို့ အပြင်သွားနေတုန်းမို့ အေးဆေးပြောလို့ရနေသည်။

"ချိုကိုကိုက ယောကျ်ား အစစ် ဟုတ်ရဲ့လား"

"မင်း ဘာလို့ ဒီလိုမေးရတာလဲ"

"ငါ့စိတ်ထဲ ဇဝေဇဝါဖြစ်နေလို့ပါကွာ"

"မင်းက ဘာလို့ ဒီလို သံသယဖြစ်ရတာလဲ၊ မသင်္ကာစရာ ဘယ်လို ကိစ္စမျိုးတွေ ကြုံရလို့လဲ ..."

"မသင်္ကာစရာတွေက အများကြီးပဲကွ ..."

"တစ်ခုချင်း ပြောလေကွာ ..."

"ပထမဆုံး ပြောရရင် ငါ့စိတ်ခံစားမှုပဲကွ၊ ငါ သူ့ကို တွေ့တွေ့ချင်း သဘောကျသွားတယ်၊ ခင်မင်ရင်းနှီးချင်လာတယ်၊ သူ့ကိုတွေ့ရင် ပန်းဖက်ချင်သလိုလို၊ ပါပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဖျစ်ချင်သလိုလို မရိုးမရွဖြစ်ရလွန်းလို့ ငါ့ကိုယ်ငါ ခြောက်နေပြီလားလို့တောင် သံသယ ဖြစ်လာတယ် ...

"ငါ့ girl friend နဲ့ ဖြတ်ချင်လို့ သူ့ကို အကူအညီတောင်းတုန်းကလည်း သူ ဖုန်းပြောပေးတာ၊ တို့က ကိုထွင့်ခေါင်မြတ်နဲ့ လက်ထပ်မယ့် သူပါတဲ့၊ မိန်းကလေးလို နူးနူးညံ့ညံ့ ပြောလိုက်တာကွာ၊ အဲဒီအသံကို ကြားလိုက်ရတဲ့အချိန်မှာ ငါ့စိတ်ထဲ ဘယ်လိုလှုပ်သွားမှန်းကို မသိဘူး၊ ကစ်ခနဲ ခံစားလိုက်ရတယ်၊ ပြီးတော့ နောက်တစ်ခုက ..."

ထွင့်ခေါင်မြတ်က ခဏရပ်ပြီး ရှက်ရယ်ရယ်ကာ ...

"မင်း ငါ့ကို နှာဘူးကျတယ် မထင်နဲ့ ..."

"အေးပါ ... ပြောပါ"

"သူ နေမကောင်းတုန်းက ငါ ဆေးတိုက်တော့ ဆေးလုံးလေးကို သူ့နှုတ်ခမ်းမှာ ထည့်ပေးလိုက်တာ သူ့နှုတ်ခမ်းလေးက မိန်းမ နှုတ်ခမ်းလေးလိုပဲ ရင်ခုန်စရာကောင်းတယ်ကွ ..."

"ဘုရား ... ဘုရား ... မင်း တကယ်များ ခြောက်သွားပြီလား"





"အေး ... အဲဒါပဲ ငါ ဦးနှောက်စားနေတာ ..."

မေကတော့ ပါးစပ်ပိတ်ရယ်ရင်း အူတက်မတတ်ဖြစ်လာသည်။ ပြည့်မင်းဇာလည်း မရယ်မိအောင် သတိထားနေရသည်။

"နောက်ပြီးတော့ သူ့လက်ကလေးတွေက နူးညံ့တယ်ကွာ၊ လက်ကောက်ဝတ်လေးကလည်း သေးသေးလေး၊ ခြေသလုံးမွေးလည်း မရှိဘူး၊ ရှက်တတ်တာလည်း လွန်ရော"

"ဒါနဲ့ပဲ မင်းက သူ့ကို ယောက်ျားမှ ဟုတ်ရဲ့လားလို့ ထင်သွားရောလား"

"အရေးကြီးဆုံးတစ်ခု ရှိသေးတယ် ဟကောင်ရေ ... သူ ငါ့ကို လေဆိပ်လိုက်ပို့တုန်းက သူ့ကို ငါ ဖက်ပြီး နှုတ်ဆက်လိုက်မိတာ၊ လူက ရှော့(ခ်)ရသလို ဓာတ်လိုက်သလိုဖြစ်ပြီး လွှတ်ကိုမလွှတ်ချင်တော့ဘူး"

"ဟား ... ဟား ... ဖြစ်ရလေကွာ"

ပြည့်မင်းက တဟားဟား အော်ရယ်လိုက်ချိန်မှာ မေက ခပ်ဝေးဝေးသို့ ပြေးပြီး သူ့ဗိုက်သူနှိပ်၍ အူလှိုက်သည်းလှိုက်ရယ်မောနေသည်။

"ပြန်ခါနီး ရက်တွေတုန်းကလည်း ငါ့မှာ သူ့ကို သံယော



www.burmeseclassic.com

www.burmeseclassic.com



ဇာဥ်တွေ တွယ်ပြီး ဆိုဆိုနင့်နင့်တွေဖြစ်၊ ဒီပြန်ရောက်တော့လည်း သတိတွေရ၊ ဟိုတလောက သူနဲ့ ဖုန်းပြောတုန်းက သူ ငါ့ကို သတိရတဲ့အကြောင်း ပြောလိုက်တာ ငါ့စိတ်ထဲ ဘယ်လိုကြီးမှန်းကို မသိဘူး၊ ယောကျာ်းချင်း ပြောတယ်လို့ကို မထင်ဘူး"

"သေချာပါတယ်ကွာ၊ မင်းတော့ man to man တွေ စိတ်ဝင်စားနေပြီ"

"ပြဿနာပဲကွာ၊ ချာတိတ်က တကယ့် ယောကျာ်းအစစ်ပေါ့ ဟုတ်လား"

"ဟုတ်မဟုတ် သိချင်ရင် မင်း နောက်တစ်ခေါက် လာကြည့်ပေါ့ကွာ ..."

ပြည့်မင်းက မတင်မကျပြော၍ ဖုန်းချလိုက်ပြီး မေ့ဆီလှောက်သွားကာ မေနှင့် လက်ဝါးချင်းရိုက်လိုက်ရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ အားပါးတရ ရယ်မောလိုက်ကြလေသည်။

◆ ◆ ◆





(၃၉)

✤ ✤ ✤

အဲဒီနေ့က မေနှင့် ဦးပြည့်မင်းတို့ အပြင်သွားကြတာမို့ ကလေးကို ဒေါ်ဒေါ်ဝင်းက ထိန်းကျန်ခဲ့သည်။

ကလေး အိပ်ပျော်သွားတော့ ဒေါ်ဒေါ်ဝင်းက ချို့ကြည်ကို ခေါ်ကာ ...

"ချိုကိုရေ ... ဒေါ်ဒေါ် ချက်ဖို့ပြုတ်ဖို့ကိစ္စလေးတွေ သွားလုပ်လိုက်ဦးမယ်၊ ကလေးကို ချိုကို စောင့်နေပေး၊ ကလေးနိုးရင် ဒေါ်ဒေါ်ကို လှမ်းခေါ်လိုက်နော်"

"ဟုတ်ကဲ့ ... ဒေါ်ဒေါ်"

ချိုကိုက အကြိုက်ကျသွားကာ ကလေးနားမှာ စောင့်ကျန်နေခဲ့သည်။

ချိုကိုသည် ကလေးပေါက်စနလေးကို တစိမ့်စိမ့်ကြည့်ရင်း ချစ်မြတ်နိုး လိုလားစိတ်တွေ တဖွားဖွားပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းအောက်မှာ ထောင်ထားသည့် မေတို့ မိဘအားစုံ ဓာတ်ပုံလေးကို ကြည့်ကာ ကြည်နူးအားကျလာသည်။ ချိုကို့ စိတ်တွေလည်း တဖြည်းဖြည်း နူးညံ့လာရလေသည်။

ချိုကိုသည် ကလေးကို ငေးကြည့်ရင်းကပင် မခံမဆိုင် ဘွင့်ခေါင်မြတ်ကို တမ်းတလွမ်းဆွတ်လျက် မျက်ရည်ဝဲလာသည်။ ပြီးတော့ ချိုကို့ ကိုယ်ပေါ်က Hip Hop တီရှပ်အပွကြီးနှင့် ဂျင်းဘောင်းဘီအပွကြီးကို မုန်းလာသည်။

မေ့လိုမျိုး မိန်းမ ပီပီသသလေး ဝတ်လျက် ကလေးကို ရင်ခွင်မှာ ပွေ့ထားရသော အရသာဟာ ဘယ်လိုပါလိမ့်ဟု သိချင်လာသည်။

ချိုကိုက ဗီရိုထဲမှ ဗီရိုဆီ လျှောက်လာခဲ့သည်။ ဗီရိုကိုဖွင့်ကြည့်မိတော့ မေ တစ်ခါမှ မဝတ်ရသေးသော ချိုကို ဝယ်ပေးထားသည့် အဝတ်အစားတချို့ကို အလွယ်တကူ တွေ့ရသည်။

ချိုကိုသည် ချိုကို့ကိုယ်ပေါ်က အဝတ်အစားတွေကို ချွတ်ပစ်လိုက်ပြီး မိန်းမ အဝတ်အစားတွေနှင့် လဲလှယ်ဝတ်ဆင်လိုက်ပါသည်။

မှန်ရှေ့မှာ ရပ်မိတော့ အံ့သြစရာ အသွင်ပြောင်းနေသော ကိုယ့်ကိုယ်ကို ပြန်မြင်ရလေသည်။ ခုလိုကမှ ပိုပြီး လှပ





ကာ ကျက်သရေရှိသည်ဟု ထင်လိုက်မိ၏။ ထိုအသွင်ကို နှစ်သက်လက်ခံမိသွားပါသည်။

ထိုအချိန်မှာ ကလေးက အံ့ခနဲအသံပြု၍နိုးလာသည်။

ချိုကိုသည် ကလေးကို ညင်သာစွာ မ,ယူပွေ့ချီလိုက်လေသည်။

ကလေးက ချိုကို့ ရင်ခွင်ထဲမှာ မျက်လုံးလေး အကြောင်သားဖြင့် ချိုကို့ကိုကြည့်ရင်း ခြေမြှောက်လက်မြှောက်လုပ်ရှားနေသည်။ ချိုကိုကလည်း ကလေးကို ငုံ့ကြည့်ရင်း အလိုက်သင့်လိုက် ပြုံးမိနေသည်။

မိန်းမတစ်ယောက်ရဲ့ ခံစားမှု ရသအစစ်အမှန်သည် ချိုကို့စိတ်ထဲ အသွေးအသားထဲသို့ တစိမ့်စိမ့် စီးဆင်းပျံ့နှံ့သွားသောအခါ ချိုကိုသည် ကိုယ့်ကိုယ်ကို မိန်းမတစ်ယောက်ဟု လိုလားနှစ်သက်စွာ ခံယူလိုက်မိလေသည်။

ထိုခဏမှာ အခန်းဝဆီက ခြေသံဖွဖွ ကြားရ၏။

ထွင့်ခေါင်မြတ်သည် ကိုယ့်ရှေ့က အံ့သြဆန်းကြယ်လှစွာသော ထိုမြင်ကွင်းကို မယုံနိုင်စွာ စိုက်ကြည့်ရင်းကပင် နှုတ်ခမ်းဖျားတွေ ကော့ညွတ်လာခဲ့ရသည်။ နှလုံးသားသည် ဂွမ်းဆီထိပမာ နူးညံ့စိုအိလျက် ... ချာတိတ်မကလေးကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ခံစားမှုကို ကိုယ်ယုံကြည်ပြီး ပြန်လာခဲ့တာ မှန်သွားပြီပေါ့ ... ချာတိတ်ရယ် ...။

ချိုကိုသည် ကလေးကို ငုံ့ကြည့်ချော့မြှူနေရာမှ အခန်းဝဆီသို့ လှမ်းကြည့်လိုက်မိ၏။

"ဟင် ..."

အံ့သြထိတ်လန့်လျက် သူ့ချိုရှိသော မျက်လုံးများနှင့် အကြည့်ချင်း ဆုံရ၏။

ချိုကိုသည် ရှက်စိတ်ဖြင့် သူ့မြင်ကွင်းထဲမှ ထထွက်ပြေးလျက် ပုန်းကွယ် အရှက်သည်းနေချင်သော်လည်း ကလေးက ရင်ခွင်ထဲမှာမို့ ဘယ်လိုမှ ထ,မရဘဲ ချောင်ပိတ်မိကာ တစ်ကိုယ်လုံး ထူပူရှိန်းနွေးလာပါသည်။

"မင်းကို မြင်ရင် ဖက်ချင်နေတာ ဘာဖြစ်လို့မှန်း သိပြီ"

သူက ခပ်မြှုံးမြှုံးပြောလိုက်တော့ ချိုကိုက 'ခင်ဗျားနော်' ဟု တီးတိုးပြောရင်း ပါးလေးတွေ နီစွေးလာသည်။

"အခု ... ကိုယ် အခြောက်မဟုတ်တာ သေချာသွားပြီ ..."

သူက ကမ္ဘာပေါ်မှာ အချိုဆုံး အပြုံးနှင့်အတူ ချိုကို့ထံသို့ ညင်သာစွာ လှမ်းလာခဲ့လေသည်။

ပြီး ပါ ပြီ ။



BURMESE CLASSIC .com



# နောက်ဆက်တွဲ

## (ဝင့်လည်ခြင်း)

www.burmeseclassic.com

www.burmeseclassic.com



"ချစ်ချိုလေး ... ဘယ်ကို ဟန်းနီးမွန်းထွက်ချင်သလဲ ပြော"

"ကလောကို သွားမယ် ကို၊ ကလောက ရာသီဥတု အရမ်းကောင်းတယ်၊ ရန်ကုန်မှာ ဒီအချိန် ပူပေမယ့် ကလောမှာ အရမ်းအေးနေပြီ"

"အိုကေ ... ကိုယ်လည်း ပူတာမကြိုက်ဘူး၊ ပူရင် ဗလာကျင်းပြီး နေချင်တယ်"

"ကို့ အကြောင်းတော့ သိပါတယ်၊ ရာသီဥတုပူတာ အကြောင်းပြပြီး ချို့ရှေ့မှာ အကျီချွတ်ချွတ်နေတာ အရမ်းအမြင်ကတ်ဖို့ကောင်းတယ်"

"ချို့ကို မိန်းကလေးမှန်း မသိလို့ နေမိတာပါကွာ၊ အဲဒီတုန်းက ကိုယ်ကို ခိုးခိုးကြည့်ပြီး ချို ရင်တွေတုန်နေတာ မဟုတ်လား၊ ဟား ... ဟား"

"ကိုနော် ... ကိုနော် ... ပေါက်ကရ မပြောနဲ့၊ ချိုက အမြင်မတော်လို့ ပြောတာ"

"အမြင်မတော်ပေမဲ့ အတော်တော့ မြင်ပြီးပြီ မဟုတ်လား"

"သွား ..."

မိုး မိုး ဓာ ဓပ

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ထွန်းခေါင် ... မင်းတို့ ကလေးကို ဟန်းနီးမွန်း ထွက်မလို့လား၊ အိုကေ ... ငါလည်း နွေရာသီဆို ရန်ကုန်မှာ ပူလွန်းအိုက်လွန်းလို့၊ ကလေးမှာ တစ်လလောက် သွားအပန်းဖြေမယ် စိတ်ကူးနေတာ၊ မေ့ကိုရော သမီးလေးကိုရော ခေါ်သွားမယ်ကွာ၊ ငါတို့ စုပြီး အတူတူသွားကြတာပေါ့"

"လုံးဝပဲ ဦးပြည့်မင်း၊ ဟန်းနီးမွန်း ထွက်တယ်ဆိုတာ နှစ်ယောက်တည်းပဲ ထွက်ရတာ"

"ဟား ... ဟား ... မင်းအလှည့်ကျတော့ ဒီလိုလား၊ ငါက မင်းတို့ တည်းမည့် ဟိုတယ်မှာ တည်းဖို့တောင် စီစဉ်ပြီး သွားပြီကွ ..."

"လူယုတ်မာကြီး ..."

❦ ❦ ❦

"ထွန်းခေါင်ရေ ... လာကွာ ... အပြင်သွားရအောင်"

"လိုက်မသွားနဲ့ ကို"

"ပြေည့်ကို အားနာစရာကွာ"

"ချို့ကိုကျ အားမနာဘူးလား၊ ချို့မှာ ကိုယ့်ယောကျာ်းနဲ့





ကိုယ် အပြင်ထွက်ရတယ်ကို မရှိဘူး၊ သူချည်း ခေါ်ခေါ် ထုတ်နေတာ"

"မင်းနဲ့ ထွန်းခေါင်နဲ့က နောက်မှတွေ့တာပါကွာ၊ ငါတို့ နှစ်ယောက်က မင်းနဲ့မတွေ့ခင်ကတည်းက ဒီလိုပဲ အတူ သွား အတူစားနေကျ၊ အရမ်းချစ်ကြတဲ့ အချစ်ဆုံး သူငယ်ချင်းတွေ ..."

"ကိုယ့်မျက်နှာကို ထောက်ပြီး နားလည်ပေးလိုက်ပါ ချို့ရယ် ..."

❦ ❦ ❦

"ဟင်း ... ဟင်း ... ဒီတစ်ခါတော့ ရှင် ကျွန်မကို မနိုင်တော့ဘူး ဦးပြည့်မင်း၊ ဒီမှာတွေ့လား၊ ကျွန်မရဲ့ သားလေး၊ ကြီးလာရင် ရှင့်သမီးကို ယူမယ့် ကျွန်မရဲ့ သား"

"ဟော့ ... လုံးဝပဲကွ၊ ငါ့သမီးကို မင်းသားနဲ့ လုံးဝ လုံးဝ သဘောမတူဘူးကွ"

"ရှင် သဘောမတူလည်း နေပေါ့၊ မေက သဘောတူပြီးသား၊ ကျွန်မတို့ သူငယ်ချင်း အချင်းချင်း ကတိပေးပြီးသား၊ ဟုတ်တယ်နော် မေ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုကိုရေ ... ဒါလေးတစ်ခုတော့ ကြည်ဖြူ ပေးလိုက်ပါနော် ကိုကို ... နော်"

"ချိုကိုကို မင်း ... မင်း ခုထိ ငါ့ကို စိတ်အနှောင့်အယှက် ပေးနေတုန်းပါလားကွ ... ဟင်"

"ဟင်း ... ဟင်း ... စိတ်မတိုပါနဲ့ ခမည်းခမက်ရယ်၊ ဟယ် မေရေ ... ငါ့ချွေးမလေး ရှုရှုပေါက်နေပြီ၊ အနီးလာလဲပေးပါဦး ဟု၊ သားရေ ယောက္ခမလို့ ခေါ်ကြည့်စမ်း ... ခေါ်ကြည့်စမ်း ..."

"ချိုကိုကို မင်း ပါးစပ်ပိတ် ..."

"အဟိ ..."

တကယ် ပြီးပါပြီ။

ပုညခင်
27.9.2008
Saturday
1:05 Am

နိုး မှိုး တာ ပေ

BURMESE CLASSIC .com

www.burmeseclassic.com